အတွင်းစိတ်အထိထိုးထွင်းသိမြင်တတ်သည့်ခပ်ထေ့ထေ့အရေးအဖွဲ့များ

# ထိုသုံးဦး ဤကိုးပုဒ်

ကြည်အေး၊ ထင်လင်း၊ မစန္ဒာ



စိတ်ကူးချိုချိုစာအုပ်တိုက်၏
၂၁ နှစ်ပြည့်အမှတ်တရဝတ္ထုအစီအစဉ်

# ကြည်အေး
# ထင်လင်း
# မစန္ဒာ

*

# ထိုသုံးဦး၊ ဤကိုးပုဒ်

ပထမအကြိမ်၊ ၂၀၂၀

ထိုသုံးဦး ဤကိုးပုဒ်၊ ကြည်အေး။ ထင်လင်း။ မစန္ဒာ
မျက်နှာဖုံးပန်းချီ - ကောစာချို
စာမျက်နှာ ၁၃၄ မျက်နှာ၊ ၁၂·၇ စင်တီ× ၁၇·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

အတွင်းစိတ်အထိ
ထိုးထွင်းသိမြင်တတ်သည့်
ခပ်ထေ့ထေ့ အရေးအဖွဲ့များ ...

ဝတ္ထုများကို
တူရာလမ်းကြောင်းတစ်ခုမှ
တွဲစပ် ခံစား ချဉ်းကပ်ကြည့်ခြင်း ဖြစ်ပါသည်။
ကြည်လင်အေး(စီစဉ်သူ)

# မာတိကာ

ကြည်အေး
လိပ်ပြာတောင်
(၁)

ပြောက်ဖောက်မှု ဝါကျွတ်ခြင်း
(၁၆)

ဆွဲငင်ခြင်းနဲ့ တွန်းကန်ခြင်း
(၃၀)

မာတိကာ

**ထင်လင်း**

အိမ်ထောင်ရေး

(၃၇)

ရင်ခုန်သော်လည်း ကြုံကြိုက်မှ

(၄၇)

စိန်မခေါ်ဘဲပြေးလေသူ

(၆၁)

**မစန္ဒာ**

သူ့ကုသိုလ်

(၉၀)

အမေချက်တဲ့ ပုစွန်ကျားခုနစ်ကောင်

(၁၁၃)

၂၁ ရာစု မြို့ပြချစ်ခရီး

(၁၂၈)

## လိပ်ပြာတောင်

■ ကြည်အေး

ညနေစောင်းလေပြီ။

ရေလည်း မချိုးရသေး။ ထမင်းအိုး၊ ဟင်းအိုးကိစ္စပြီးတော့ မောတာနှင့် နားရသည်။ မနက်ကို ကိုမြင့် ရုံးအမီ စားသွားဖို့ ငါးဖယ်ခြစ်၍ ချင်း၊ စပါးလင်လှိုင်လှိုင်နှင့် နာနာထောင်းကာ အပြားကြီးကြီး ကြော်ထားသည်။ ခြစ်ပြီးသားဝယ်လျှင် ဈေးလည်းကြီးသည်။ လတ်တာနှင့် မလတ်တာလည်း ရောလျက်သားရှိသည်။

ပထမသုပ်ကျွေးမယ်လို့ သံပရာသီးနှင့် နံနံပင်တောင် ဝယ်ခဲ့၏။ နောက်မှ စိတ်ကူးပေါက်ပြီး အဆီတစ်ထပ် အသားတစ်ထပ်နှင့် အိနေသော နာဂဘာရီအုန်းသီးတစ်လုံး ဝယ်ခဲ့သည်။

အုန်းသီးခြစ်ရပြန်သည်။ အုန်းနို့ညှစ်ရပြန်၏။ ပြီးတော့ အဆီပေါက်အောင် ချက်ရသည်။ မနက်ကျမှ ငါးဖယ်ကြော်ကို အမြှောင်းထူထူလှီး၍ အုန်းနို့ချက်နှင့် ရောကာ ထပ်ချက်ရမည်။ သံပရာသီးနှင့် နံနံပင်ကိုတော့ မုန်လာဥသုပ်ရာမှာ သုံးရမည်။

ငါးဖယ်နှင့် အုန်းသီးကြောင့် အတော်မောသွားကာ အိပ်ရာပေါ် လှဲမိသည်။ ပေပေရေရေမို့ ဖျာအရင်ထပ်ခင်းပြီးလှဲရ၏။ အိပ်ရာခင်း

ပေလျှင် ကိုယ်ပင်လျှော်ရမည်။ ယနေ့တော့ ကလေးနှစ်ယောက် အင်္ကျီချည်းပဲ ထိုင်ဖွပ်တာနှင့် တစ်နေ့ကုန်သည်။

အဲလေ ... ကိုမြင့်ရဲ့ အင်္ကျီသုံးထည်နှင့် ဘောင်းဘီရှည်နှစ်ထည်ပါ မီးပူတိုက်လိုက်ရသေးသည်။ သမီးကလေးများ၏ ခြင်ထောင်များတော့ မနက်ဖြန်မှ ဆိုဒါနှင့် ပြုတ်ရပေမည်။ သည်အတိုင်းလျှော်လို့တော့ မဖြူပေဘူး။

ဩော် ... ကောင်မလေးတွေ အသံတိတ်လှချေကလား။ အိမ်ရှေ့မှ ကိုယ့်ကလေးများ ကူထိန်းပေး၍ ကံကောင်းသည်ဆိုရမည်။ ဖြုန်းခနဲ အိပ်ရာကထ၏။ အမောပြေ နားနေသည်ဆိုတာကို သတိမရတော့ချေ။ အိမ်ရှေ့ထွက်လာပြီး မျှော်ကြည့်သော် ကလေးများကို အရိပ်အယောင်မျှ မတွေ့။

"မစုနဲ့ မိနု လာကြဟေ့၊ ညှော်ပျောက်ပြီ"ဟု အော်လိုက်ရသည်။ သမီးကလေးနှစ်ယောက်က အိမ်ရှေ့အိမ်ဝသို့ ရောက်လာကြပြီး လမ်းကို ဖြတ်၍ ပြေးလာကြသည်။

"ဟဲ့ ... နေဦး၊ အရမ်းပြေးရသလား၊ ကားကိုမကြည့်သေးဘူး" ပူပန်၍ ဒေါသထသည်။ ဆီးပြီးသာ ရိုက်လိုက်ချင်သည်။ သို့သော် အပြစ်ကင်းစင်၍ ဘာမှန်းသိပုံမရသော မျက်နှာထားကလေးများကို တွေ့တော့

"ငါက သွားကြိုဖို့ကောင်းတာ၊ သူတို့ ဘာနားလည်မှာလဲ"ဟု နောင်တရသည်။

"ကဲ ... သမီးတို့ ထမင်းစားကြမလား"

"စားမယ် မေမေ၊ စုလည်း စားမယ်၊ နုလည်း စားမယ်"

စသည်ဖြင့် ပြိုင်တူအော်ကြလေသည်။

ထမင်းထည့်၍ ကျွေးပြန်တော့ အကြီးမက သူ့လက်နှင့် သူ့

ဘာသာသူ နှိုက်၍စားချင်သည်။ သူ့ကို စားတတ်ပြီဟု ခွင့်ပေးတော့ မစားတတ်သေးသည့် အငယ်မက ကိုယ့်ဘာသာ စားချင်နေသည်။

ထို့ကြောင့် နှစ်ယောက်စလုံးကို ခွံ့ကျွေးမည်ပြုသည်။ နှစ်ယောက်စလုံး စိတ်ကောက်ကာ တအီအီနေကြပြန်၏။ ထမင်းကျွေးလျက် မဝါးဘဲ ငုံထားသည်။ ထမင်းတစ်လုတ်ကို တစ်နာရီကြာအောင်များ စားကြမလားမသိ။

"ထမင်းစားပြီးရင် လိမ္မော်သီးစားရမယ်ဟော့"ဟု မြန်မြန်စားအောင် ဆိုပြန်တော့

"ဝပြီ" ဟု ကြွေးကြော်ကာ လိမ္မော်သီးတောင်းသည်။

နောက်ဆုံးတော့ ကလေးနှစ်ယောက်ကို အိပ်ရာထဲထည့်ရသည်။ သူတို့သည် မျက်လုံးများကြောင်နေကြသည်။ နေ့လယ်က အိပ်ငိုက်နေကြသော်လည်း အိပ်ခွင့်မပေးခဲ့ချေ။ ညမအိပ်မှာစိုးသည်။

သည်ညကိုတော့ နွံ့ အင်မတန် တန်ဖိုးထားသည်။ ကိုယ့်မွေးနေ့ ရယ်လို့ ကြီးကျယ်ချင်တာ အချည်းနှီး စိတ်ဝင်တာမဟုတ်လှ။ ကိုယ့်မွေးနေ့ဆိုလျှင် ကိုမြင့်နှင့် သမီးရည်းစားဘဝကလို တစ်ညလုံး ညဥ့်နက်အထိ လျှောက်လည်ရသည်ကို စုံမက်သောကြောင့် ဖြစ်လေသည်။

ကလေးများအိပ်ပျော်သွားသော် အိမ်ကို သပ်ရပ်အောင် အနည်းငယ် ရှင်းလင်းသည်။ တံမြက်စည်းဖြင့် ကြမ်းပြင်ကို ဖုန်တစ်မှုန့် မကျန်အောင် လှည်းပြန်၏။ အဝတ်အစား ခေါက်စရာရှိသည်ကို ခေါက်ရသည်။ အဝတ်ဟောင်းများကို ခြင်းထဲထည့်ရသည်။ အိပ်ရာခင်း ပြင်၍ ခင်းရသည်။

စောစောက ခင်းထားသော ဖျာကို လိပ်ပြီး ထောင့်တွင်ထောင်သည်။ ရေချိုးပြီး ထွက်လာလျှင် ရှုပ်ရှုပ်ယှက်ယှက် မကြည့်ချင်ပေ။ အဝတ်အစားချွတ်ပြီး ထဘီရင်ရှားနှင့် မီးဖိုချောင်ထဲ ဝင်လာသည်။

မီးဖိုချောင်တွင် သိမ်းဆည်းပြီးသား၊ လှည်းကျင်းပြီးသား မြင်နေရတော့ စိတ်သက်သာသွား၏။

ရေမိုးချိုးတော့ ရေတိုင်ကီမှ ဘောပျက်နေသည်ကို သတိရပြန်၏။ ညနေရေလာလျှင် လျှံ၍ကျလေ့ရှိသည်။ ကိုမြင့်ရေသံကြား၍ အိပ်ပျက်မှာစိုးရကာ ညတိုင်းထ၍ ပိုက်နှင့်သွယ်ကာ ရေဖွင့်ချထားရသည်။

ရေသည် ပိုက်မှလျှော၍ အသံမမြည်ဘဲသွားသည်။ တစ်နေ့ကမှ ကိုမြင့် တစ်ရေးနိုးမှာသိကာ သူကိုယ်တိုင်တက်ပြင်ထားသည်မှာ လေးငါးရက်တော့ ရေမလျှံဘဲနေဦးမည်ဟု မျှော်လင့်ရလေသည်။ ကိုယ့်အိပ်ခန်းပြန်ရောက်၍ အလှပြင်သော် ငါးနာရီထိုးလေပြီ။ ကိုမြင့် ပြန်လာတော့မှာပါလား။ မြန်မြန်လုပ်မှ။

လကုန်ခါနီးဖြစ်၍ ပေါင်ဒါ၊ အလှရည် အစရှိသည်တို့သည် ကုန်လုကုန်ချင်ဖြစ်နေလေ၏။ လက်ထဲမှာ ငွေ ၁၀ တော့ ရှိသည်။ ကလေးနှစ်ယောက်ကို မုန့်ဝယ်ကျွေးဖို့ယူ၍ လလယ်လောက်က အိပ်ရာအောက်ဆုံးဖျာကြား ညှပ်ထားခဲ့လေသည်။

ဟိုတစ်နေ့က ကိုမြင့် ဘိုင်စကုတ်ကြည့်ချင်သည်ဆို၍ ထုတ်ပေးသည်။ နွဲ့နှင့် ကိုမြင့် အသက်ချင်းသိပ်မကွာလေရာ ထုံးစံအတိုင်း ယောကျ်ားကလေးက ပို၍ ငယ်ရွယ်နုပျိုလေသည်။ နွဲ့ကတော့ အစ်မကြီးလို ဖြစ်နေသည်။

အပျိုတုန်းက စိတ်ကူးယဉ်ကလေးများ ပျောက်ကုန်၏။ ကိုမြင့်ကတော့ ဘယ်လိုဘိုင်စကုတ်မျိုးမဆို ကြည့်လည်းကြည့်နိုင်၊ ကြည့်လည်းကြည့်ချင်သေးစိတ်ရှိကာ ဇာတ်လိုက်မင်းသမီးသေသည့် ဇာတ်လမ်းမျိုးဆိုလျှင်တော့ နှစ်ပြန်သုံးပြန် ကြည့်တတ်သေး၏။

သူ့ကိုတော့ ပျော်စေချင်သည်။ ပူစရာရှိလျှင် ကိုယ့်ဘာသာကျိတ်ပြီး ပူသည်။ အကြွေးတင်သမျှတောင် သူ မသိစေရ။ သူကလည်း

ချစ်စဖွယ်ကောင်းလှသည်။ သိတတ်ရှာပါပေသည်။

ပိုက်ဆံကျပ်သည့်ဝေဒနာသာ မရှိလျှင် သည်လောက်မောမည် မဟုတ်။ လူပင်ပန်းသော်လည်း ကြွေးမတင်လျှင် တော်ပါပြီ။

ယခုတော့ လဆန်း၍ အထက်တန်းစာရေးလခလေးကို ကိုမြင့်က လက်ထဲလာထည့်လျှင် နေစရာဘုံပျောက်မှာစိုး၍ အိမ်လခ အရင်ပေး ရမည်။ ပြီးတော့ တစ်လစာ မီးဖိုချောင်အတွက် အပြီးဝယ်လိုက်ရသည်။ ထို့နောက် အကြွေးဆပ်လိုက်နှင့် ကုန်လေတော့သည်။

ပိုက်ဆံများ သုံးရတယ်ဟု မရှိပါကလား။ ချေး၍သုံးရသည်မှာ လည်း နောက်ပြန်၍ဆပ်ရသည်ဖြစ်သော်လည်း လက်ထဲရောက်လာ စဉ်က ကိုယ့်ပိုက်ဆံ မဟုတ်လေရာ လွတ်ကျွတ်ပျော်ရွှင်ခြင်း မရှိချေ။

ကိုမြင့်သည် နွဲ့၏မွေးနေ့ကိုတော့ အင်မတန် လေးစားမျှော်မှန်း လေ့ရှိသည်။ စင်စစ် နွဲ့၏မွေးနေ့တွင် နွဲ့အပေါ် နွဲ့ဆိုးဆိုးတော့သည် ဟုပင် ထင်သည်။ အားလုံးကို မေ့ပျောက်ရမည်ဟု သူက ဆို၏။

နွဲ့၏မွေးနေ့တွင် သူသည် ငွေကို အဆမတန် ဖြုန်းလေ့ရှိလေ၏။ ထမင်းပင် အိမ်မှာ မစားရပြီတဲ့။ အပြစ်မခေါ်ရတဲ့။

နွဲ့သည် နှုတ်ခမ်းကို ခပ်ရင့်ရင့်ဆိုးနေကာ ပြုံးမိလျက်သားချည်း ရှိသည်။ စိတ်ထဲကတော့ အိမ်ကိစ္စအတွက် ပူတာ မပျောက်သေး။ ဝယ် စရာများကို စာရင်းချသည်။ အရေးအကြီးဆုံးကို ပထမဆုံး ဝယ်မည်။

လောလောဆယ် လိုနေသည်မှာ မီးသွေးတစ်အိတ်၊ အိမ်ရှေ့ စားပွဲခင်းတစ်ထည်နှင့် ဘုရားညောင်ရေအိုး ဆင်တူနှစ်လုံးပေတည်း။

မနက်က ကိုမြင့်အင်္ကျီအိတ်ထဲမှာ ၁၀ တန်စက္ကူအထပ်လိုက်ကို တွေ့ရသည်။ အကုန်တောင်းယူပြီး အကြွေးလည်းဆပ်၊ ဝယ်စရာ ရှိတာ လည်း ဝယ်လိုက်ရလျှင် စိတ်အေးသွားမှာပဲ။ ပါးစပ်ကပင် ထွက်တော့ မည်။

"ကိုမြင့်ရယ် နွဲ့ ဘာမှမလိုချင်ပါဘူး၊ နွဲ့မွေးနေ့ကို နွဲ့လည်း ဂရုစိုက်တာမဟုတ်။ ကိုမြင့်ကျေနပ်အောင် ဘိုင်စကုတ်နှစ်ပွဲ ဆက်ကြည့်မယ်လေ၊ ဒါပေမဲ့ အဖိုးတန်လက်ဆောင် ဝယ်မယ့်အစား ..." ပြောလိုက်လျှင် ကိုမြင့် စိတ်ထိခိုက်သွားမှာကို သိ၍သာနေလိုက်ရသည်။

သူက တိတ်တဆိတ် ကျိတ်၍စုထားသည့် ငွေမဟုတ်လား။ ပြီးတော့ ပေါင်ထားသည့် ကိုယ့်လက်ကောက်ကလေးများတောင် ရွေးနိုင်လောက်သည့်ငွေ ဟုတ်ပုံမရ။ သူ့စိတ်အလိုအတိုင်းသာ လုပ်ပါစေလေ။

ကိုမြင့်၏အပြုံးကလေးကို မြင်ယောင်၏။

နွဲ့သည် ကံပစ်ချရသလို မွေးဖွားလာရသည့် စင်စစ် ကိုယ်မပိုင်ဆိုင်သော နေ့တစ်နေ့အတွက် လင်သည်ကို ပြုံးစေနိုင်တယ်ဆိုလျှင် အဓိပ္ပာယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျေနပ်သည်။

ခါတိုင်းနေ့များဆိုလျှင် မနက်ပိုင်းကို အိပ်ရေးဝဝ အိပ်ပါရစေရယ်လို့ မနိုးရက်ဘဲ ကိုယ့်ဘာသာ ဈေးဝယ်သွားလျှင်သွား၊ မသွားလျှင် မီးဖိုချောင်မှ စားစရာ သောက်စရာများကို ပြင်လျက်နေသည်။ သူ နိုးလာပြန်တော့ ရေချိုး အဝတ်အစားလဲစေရသည်။ ကိုယ်က နိုးလာသော သမီးကလေးများကို အနွေးထည်ဝတ်ပေး၊ မျက်နှာသစ်ပေး၊ အဝတ်ရေစိုနှင့် သွားတိုက်ပေး၊ မုန့်ကျွေး၊ ကော်ဖီတိုက် လုပ်ရသည်။

ကိုမြင့်ကို ထမင်းပြင်၍ ကျွေးတော့လည်း လင်မယားနှစ်ယောက် အေးအေးထိုင်ပြီး စကားမပြောအားသည်က များသည်။ ကိုယ်က သမီးကလေးများကိုပဲ ထိန်းနေရသည်။ သို့မဟုတ်လျှင် သူတို့အဖေ ထမင်း ဖြောင့်ဖြောင့် မစားရ။

တစ်ခါတစ်ရံတော့လည်း ကိုမြင့်ကိုယ်တိုင်က ထမင်းကို ကမန်းကတန်းနှင့် စားပြီး ကျောင်းမီအောင် ပြေးရသည်။ သူက အိုင်အေတောင် မအောင်သေး။ အလုပ်လုပ်ရာမှာ ဒီဂရီ လိုသည်တဲ့။ ဒါနှင့် မနက်ပိုင်း

ကျောင်းတက်ပြီး တစ်ဆက်တည်း ရုံးသွားရသည်။

နွဲ့ကတော့ သူ့သဘောအတိုင်းသာ လုပ်စေသည်။ အလုပ်က ပြန်လာပြီး မနားအား၊ ညညမှာ စာထိုင်ကျက်တာမြင်တော့ လည်ချောင်းထဲက တက်လာသောအလုံးကို မမြင်သာအောင် မျိုချရလေသည်။ သူသည် စိတ်ကသာ ဆောင်၍ ကိုယ်ကတော့ ပန်းလှပြီ။

အို ... လောကကြီးမှာ အပြေးအလွှားလုပ်နေမှပဲ အသက်ရှင်တော့မည်လား မသိ။

မနက်မိုးလင်းလာလျှင် သွက်သွက်လျှောက်နေသော ခြေထောက်များသာ ထိုင်ကြည့်ရလျှင် ခေါင်းမူးလို့ လဲလောက်သည်။ တဖြည်းဖြည်းနှင့် ညနေပိုင်းမှာပင် နွမ်းနယ်လေးလံသော ခြေထောက်များသည် အနိုင်ကြိုးစား၍ ပြေးကြမည်ကြံသေးသည်။

ညသန်းခေါင်မှာ မှိတ်တုတ်မြင်ရသော မီးရောင်ကို မြင်ရပြန်လည်း သုံး၍မဆုံးနိုင်သော လူ့ခွန်အား အံ့ဩသည်။ တေပေပြီး မလှုပ်မယှက်နဲ့များ ထိုင်နေကြည့်ချင်သည်။ သို့သော် မဖြစ်နိုင်ဘူးဆိုတာကို ကိုယ်ကပင် စ၍ပြောရမှာ အမှန်ပဲ။

ဟော ... ကိုမြင့်ခြေသံကြားသည်။ နွဲ့၏ စိတ်ရှုပ်ထွေးခြင်းများ ဖျတ်ခနဲ ပျောက်သွား၏။ ထွက်၍ကြိုလိုက်ချင်သည်။ သို့သော် တမင်ပင် မရွေ့ဘဲနေကာ လက်ထဲက နှစ်ကျပ်ခွဲပေးရသော နှစ်ဖက်လှမှန်ဝိုင်းကလေးကိုသာ စိုက်ကြည့်ကာ အလှပြင်၍မဆုံး ဟန်ဆောင်နေလေသည်။ သို့သော် မှန်ထဲမှာပေါ်လာမည့် ကိုမြင့်၏အရိပ်ကို စောင့်စားနေခြင်းသာ ဖြစ်လေ၏။

သူတို့သည် မှန်ထဲမှနေ၍ တစ်ယောက်ကိုတစ်ယောက် မြင်ကြပေသည်။ အရိပ်နှစ်ခု ပြုံးပြကြပေသည်။ မှန်ကို ဘေးဖယ်လိုက်ပြီး မျက်နှာချင်းဆိုင်သော် ကြည်လင်စွာ ရယ်မောကြပြန်သည်။ တစ်ခါ

တစ်ခါ သည်လိုစိတ်ရှင်လန်းရတာ တယ်ကောင်းပါကလား။

ကိုမြင့်ကိုကြည့်တော့ ဘန်ကောက်လုံချည် ခဲရောင်နှင့် ဘာနှင့်။ မျက်မှောင်ကုတ်မိ၏။ ဩ ... သိပြီ၊ ပြန်ရွေးပြီး တစ်ခါတည်း ဝတ်လာတာပဲ။ လက်ကောက်ကို သွားသတိရ၏။ စိတ်ထဲက အနည်းငယ် မျက်သက်သက်ဖြစ်၏။ ကိုယ့်လင်ကို ကိုယ့်မွေးနေ့မှာ ကြည့်တာတောင် စက်ဆုပ်စရာကိစ္စတွေကို သတိရတဲ့အဖြစ်နယ်။

နွဲ့သည်

"အဝတ်လဲဦးမယ် ကိုမြင့်၊ ခဏစောင့်ဦးနော်၊ ဪ ကလေးတွေကို သွားကြည့်ပါဦး အိပ်နေလိုက်ကြတာ"ဟု ပြောလိုက်၏။

နွဲ့၏အသံက နဂိုသံမဟုတ်။ စကားအလှသုံးတာ မဟုတ်သော်လည်း ဟုတ်သလိုဖြစ်နေ၏။ စိတ်လှုပ်ရှားနေလို့ ထင်ပါရဲ့။

ကိုမြင့်က

"ကောင်းပါပြီခင်ဗျာ"ဟု နောက်တောက်တောက်သာ ပြောသည်။ အခန်းထဲမှ မထွက်ဘဲနေသည်။ ဒါနှင့် နွဲ့လည်း ဇင်းမယ်လုံချည် အပြာချိတ်ကို ဝတ်ရသည်။ နိုင်လွန်အကျႌလက်ရှည်ကို ကောက်ပြီး စွပ်ရသည်။

"ပန်း မပန်တော့ဘူးလား နွဲ့ရ"

နွဲ့သည် သဇင်တု ဖယောင်းပန်းများကို ပန်ရပြန်၏။ စင်စစ်တော့ သည်အချိန်မှာ သိမ်ကြီးဈေးကို သွားနိုင်လျှင် သဇင်ပန်းတွေ ဝယ်လို့ ရနိုင်သည်။ တစ်ရာမှ လေးငါးကျပ်ပဲ ပေးရမည်။ နွဲ့သည် သဇင်ပန်းကို အင်မတန်ကြိုက်တတ်၏။ ရနံ့ကိုရော၊ အဆင်းကိုရော၊ ဈေးကြီးတာကိုရော အကုန်ကြိုက်၏။ သို့သော် သဇင်ပန်းပေါ်မှန်းပင် မသိလိုက်တာ ဘယ်နှကြိမ်ရှိပြီလဲ မသိ။

ထို့နောက် သူတို့နှစ်ယောက်သည် ကလေးနှစ်ယောက် သိပ်ထား

ရာ အိမ်ရှေ့သို့ ထွက်လာလေသည်။ ပါးစပ်ကလေးများ ဟကာ ချွေး တစို့စို့နှင့် အိပ်နေသော မျက်နှာဆင်တူ ကလေးနှစ်ခုကို ချစ်စနိုး ကြည့် ကြသည်။ ဆတ်ဆတ်တုန်မတတ် ချစ်ချင်သည်။ သို့သော် တစ်နှစ်မှာ တစ်ခါတော့ မေမေတို့ တစ်ကိုယ်ကောင်းကြံပါရစေနော်။

ငုံ့၍နမ်းလိုက်ချင်သော်လည်း နိုးသွားမည်စိုး၍ မနမ်းရ။ ပြီးတော့ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်သည်။ သူတို့ အပြင်သွားကြမည် မဟုတ်လား။

ညနေသည် သာယာလာသည်။ သည်အတိုင်းသာ မလှုပ်ဘဲ နေလိုက်ချင်တော့သည်။ လှုပ်လိုက်လျှင် ယခုစ၍ တည်စားသော သူတို့၏ သမီးရည်းစားတုန်းက အပြုံးအကြည့်လေးများ ပျက်သွားမှာစိုးသည်။ မီးခိုးဝိုင်းကလေး ဝန်းစက်ဖို့ရာ လေငြိမ်ရမည် မဟုတ်လား။ သို့သော် သူတို့သည် အိမ်ရှေ့အိမ်သို့ ကူးလာသော ရွှဲစောင်းစောင်း ဖြစ်လာလေ သည်။

အိမ်ရှေ့အိမ်ရှင် မငွေခင်က တကယ်လိုလို၊ နောက်သလိုလိုနှင့်

"လူကိုများ ကလေးထိန်းများ မှတ်နေသလား၊ ဘယ်နနာရီ ပြန် လာကြမှာလဲ၊ ထငိုနေရင် ချော့လို့ရရင်တော့ ကောင်းပါတယ်လေ၊ ဒါက ဘယ်သွားကြမှာတုံး၊ ကြော့လို့ပါကလား"ဟု ပြောသည်။

"အို သူတို့နိုးမှာ မဟုတ်ပါဘူးလေ၊ လိုလိုမည်မည်ပါ၊ ပြီးတော့ မမခင် ဖတ်ဖို့ မဂ္ဂဇင်းအသစ်တွေလည်း စားပွဲပေါ်မှာ ရှိတယ်"

"ဟုတ်လား"

သူတို့သည် မလိုသောစကား အနည်းငယ်ပြောပြီး ထွက်လာကြ၏။ လမ်းထိပ်ရောက်၍လှည့်ကြည့်သော် မငွေခင်သည် သူတို့အိမ်ဘက် သို့ ကူးသွားသည်ကို မြင်ရရာ စိတ်အေးသွားသည်။

"မမခင်က စုတို့၊ နုတို့ကိုတော့ သိပ်ချစ်ရှာတာပါ ကိုမြင့်ရာ၊

နေ့လယ်ဆို မုန့်သည်တကာခေါ်ပြီး ဝယ်ကျွေးနေတာပဲ၊ နွဲ့တို့ ဆွေမျိုးထဲတောင် သည်လောက်ကောင်းတာမရှိဘူး မဟုတ်လား၊ ဟော ခုလို အပြင်ထွက်စရာရှိတောင် မမခင်ကို အားကိုးရတာ"

"နွဲ့က နွဲ့မွေးနေ့မို့ လည်မယ်လို့ပြောရင် ပိုကောင်းသားပဲနော်"

"မပြောချင်ဘူး ကိုမြင့်ရယ်"

နွဲ့သည် ဘာပဲဖြစ်သွားသွား သည်နေ့တော့ လင်မယားနှစ်ယောက် ထွက်ဖြစ်အောင်ထွက်မည် ကြံသည်။ ကြည့်ပေးမယ့်သူ မရှိလည်း ကလေးတွေကို အိမ်မှာထားပြီး သော့ခတ်ပြီးထွက်သွားတုန်း မီးလောင်မည်ဆိုလျှင်ကော။

ဟင့်အင်း ... ဟင့်အင်း ... ဟင့်အင်း။ နွဲ့သည် အိပ်မက်ထဲမှာလို အသံမထွက်ဘဲ ညစ်၍အော်သည်။ မေ့မယ် ... ဘာဖြစ်လို့ သည်လို ညစ်ညမ်းတဲ့အတွေးတွေ တွေးမိသလဲ။ ကိုမြင့်ရယ်၊ နွဲ့ရယ် ဒါပဲ ဒါပဲ။

တုန်လှုပ်သောလက်များနှင့် ကိုမြင့်၏လက်မောင်းကို ဆုပ်ကိုင်သည်။ အားရှိသွားသည်။ ကိုမြင့်၏ ကြီးထွားခြင်းကို သတိရလာသည်။ ဘေးအန္တရာယ်မှ လုံခြုံသွားပြီဟု ထင်၏။

ဆည်းဆာသည် မြို့လယ်မှာပင် လှသည်။ တိုက်တာ အိမ်ခြေများပေါ်မှ လင်းချင်းသောအရောင်သည် ပြယ်လေပြီ။ မီးရောင်များက ကြောင်စီစီလင်းသည်။ သို့သော် ဆည်းဆာ၏ ပြာနှမ်းနှမ်း နီကြန်ကြန် ခရမ်းရောင်က အတင်းပင် ကြိုကြားတိုးဝင်ကာ လှဲသောအရောင်ကို ဖြစ်စေသည်။ နွဲ့သည် စိတ်ပေါ့ပါးလာပြန်သည်။

ကိုမြင့်က နွဲ့၏ ပါးလွှာသောအင်္ကျီမှာ ဖောက်မြင်ရသော ၁၀ တန်စက္ကူကို ကြည့်ကာ

"အမယ် နွဲ့က သူဌေးပါလားဗျ၊ ၁၀ တန်နဲ့ ဘာနဲ့"ဟု ဆိုသည်။

"အင်္ကျီအိတ်ထဲမှာ ပိုက်ဆံထည့်တာ မလှဘူး၊ လက်ကိုင်ပဝါ

ကလေး ထည့်ရတယ်”

နွဲ့က ရယ်သည်။ သဘောလည်းကျသည်။ စိတ်ကူးကလေး ကွန့်မြူးလာသည်။ နွယ်ညှောက်ကလေးလို လူးလွန့်ကာ မိုးသို့တက်မည် ထင်ရဲ့။

“နွဲ့ကို ပဝါလေးခြုံပေးလိုက်ရရင် သိပ်လှမှာပဲ၊ ခန့်သွားမှာ”

“မဟုတ်တာ၊ နွဲ့က အဒေါ်ကြီးမှ မဟုတ်သေးဘဲနဲ့”

“တကယ် နွဲ့ရဲ့၊ ကောလိပ်က ဆရာမလေးတွေဆို သိပ်ချစ်စရာ ကောင်းတာပဲ၊ ပေါင်ဒါလိမ်းတာ၊ နှုတ်ခမ်းနီဆိုးတာ၊ အဝတ်အစား လှလှဝတ်တာက မဆန်းဘူး၊ မိန်းမတိုင်း လုပ်တတ်တယ်၊ ထူးဆန်း တာလေးတစ်ခုရှိတယ်၊ ဥပမာ– တစ်ကိုယ်လုံး ဖြူဖြူဖျော့ဖျော့လေး ဝတ်ပြီး စိန်ကတ္တီပါ ကုတ်အင်္ကျီနီနီ ထပ်ဝတ်တာမျိုးပေါ့”

သူတို့၏ရယ်သံသည် လွင်သည်ထက် လွင်လာသည်။ ဒါက တော့ သူတို့နှစ်ဦးပိုင် ‘ရယ်ရှင်ဖွယ်’ တစ်ခုဖြစ်၏။ တစ်ခါက သူတို့ မိတ်ဆွေတစ်ယောက်မင်္ဂလာဆောင်ကိုသွားရာ ကိုမြင့်က နွဲ့ကို သူ့စိတ် ကြိုက်သည့်အတိုင်း ဆင်သည်။ နွဲ့က အနီရောင်ကို ရဲတင်းလှသည်ဟု ထင်ရာ မျက်နှာပါနီရဲပြီး ခြေလှမ်းမှားချင်လေ၏။ သို့သော် အဲသည်နေ့ ကလောက် လှသည်ဟု အပြောခံရသည့်နေ့ မရှိပြီ။

“နွဲ့အင်္ကျီအိတ်ထဲက ငွေစက္ကူကို ထုတ်ပစ်လိုက်စမ်းပါကွာ၊ အရုပ် ဆိုးလိုက်တာ”

နွဲ့လည်း အလိုလိုက်၍ထုတ်ကာ လက်က ကိုင်သည်။

“ကဲ ... ပေး ပေး၊ လက်ကကိုင်ထားလို့တော့ ဘယ်ဖြစ်မလဲ”

“ဘယ်ဖြစ်မလဲ၊ မောင့်အိတ်ထဲ ထည့်ထားမှာပေါ့တော်”

သို့လျှင် ရယ်ရပြန်သည်။

သူတို့သည် ဘေးမှ ရှုပ်ယှက်ခတ်သောလူများကို မမြင်မိ။

ကြယ်စုံ၍ လခြမ်းကလေး နူးနူးညံ့ညံ့သာနေသည်ကိုသာ မြင်ကြသည်။ ဆူးလေစေတီ၏ မီးလုံးများကို ကြည့်ကာ စေတီသဏ္ဌာန်ကို မှန်းဆ၍ ရကြ၏။ မီးရောင်စုံများ ပြိုးပြက်သည်။ မှောင်ရီအေးဆေး၍ နှစ်ယောက် ပူးကပ်ပြီးသွားမှ သွားသာသော ချစ်သူတို့လမ်းမြောင်ကလေးဆိုလျှင် တော့ ယခုရှိသော ပျော်ရွှင်စိတ်နှင့် ပိုပြီးသဘောကျချင်ကျမည်။ သို့သော် မတတ်နိုင်တာတွေ လောကမှာ အများကြီးပဲ။

သူတို့သည် ဆာလာသည်။ ရုပ်ရှင်ရုံကို ဝလင်အောင် ကျွေးရဦး မည်။ ကော်ဖီနှင့် မုန့်ဆိုင်ထဲ ဝင်ကြသည်။ သို့သော် နွဲ့က ကဗျာဆရာ စိတ်ပေါက်ကာ ကိတ်မုန့်ပေါ်က မလိုင်အလိမ်ပန်းကို တိမ်စခန်းနှင့် နှိုင်းချင်၏။ ကိုမြင့် မျက်နှာကိုကြည့်ရင်း သူ့အပြုံးကို စားနေရသည် ထင်၏။

"ကဲ ဘယ်ကားကြည့်မလဲ"

"အဆိုနဲ့အကပါတဲ့ဟာပေါ့"

"ကတာ မကြည့်ချင်ပါဘူး နွဲ့ရာ၊ ဆိုတာပဲ ကောင်းတယ်၊ ဖြည်း ဖြည်းအေးအေးဆိုတဲ့ သီချင်းမျိုး၊ ဟို 'နှင်းဆီပွဲတော်' အကြောင်းဖွဲ့တဲ့ သီချင်းမျိုးပေါ့၊ လွမ်းစရာကောင်းတာ၊ ပြီးတော့ ရောင်စုံဆို မကောင်း ပါဘူး၊ ခပ်မှောင်မှောင်လေးပေါ့"

ကိုမြင့်က ဓာတ်ဟန်ပါစွာ ပြောလေ၏။ မနက်ကသာဆိုလျှင် နွဲ့သည် ခစ်ခနဲနေအောင်တော့ ရယ်မိမည်ဖြစ်လေ၏။ ယခုတော့ သူပါ ပန်းလျှလျှကလေးနေသည်။ ရင်ထဲမှာ အေးသည်။

"ဟုတ်တယ် ကိုမြင့် ... နော်၊ ကိုမြင့်ပဲ ရွေးပါ"

ရုပ်ရှင်ရုံရှေ့ရောက်သော ကိုမြင့်၏မျက်လုံးများသည် မည်းမှောင် ကာ အရောင်လက်လာလေ၏။ မျက်လုံးများမှာ အင်မတန် ရယ်မောကြည်ရွှင်နေဟန်ရှိလေ၏။ နွဲ့ကို မကြည့်ချေ။ ဝေးလံသောအရပ်မှ

ဘာကိုကြည့်နေပါလိမ့်။ အဲသည်အရပ်မှာ ပန်းခိုင်ကို ကိုက်ချီကာ ငှက်ကလေးများ ပျံသန်းဝဲရစ်နေသည် ထင်သည်။

နွဲ့က ရပ်ပြီးစောင့်၏။ ကိုမြင့်က မျက်လုံးချင်း မဆုံစေဘဲ

"နွဲ့ရေ ပိုက်ဆံထုတ်လေ၊ ဩော် နွဲ့ရဲ့ပိုက်ဆံအိတ်က ကိုမြင့်ဆီ ရောက်နေတာကိုး ရော့"

သူ့လက်များက နွဲ့လက်ကို လာထိ၏။ သူ့လက်များ ပြန်၍ ရုပ်သွားသော နွဲ့၏လက်ထဲမှာ ဖုထစ်လေးလံသော အတွေ့ကျန်ခဲ့၏။ ဖန်ပုတီးလုံးကလေးကို ကိုင်ထားရသလိုပင်။ သို့သော် တော်တော်လေးသည်။ နွဲ့သည် အံ့ဩတစ်ဝက်ဖြင့် ငုံ့ကြည့်လိုက်သော် ကိုမြင့်၏ လက်ဆောင်ကို တွေ့သည်။

ပုလဲလက်ပွေ့အိတ်ကလေးပေတည်း။

ပုလဲလုံးကလေးများမှာ ကြည်၍ အပြာနှင့် ပန်းရောင် ထူးဆန်းစွာ ရောစပ်သော အရောင်ပြေးနေလေ၏။

နန္ဒင်းမကင်းကွက်ကလေးများသည် အလယ်မှနေ တစ်ထပ်ပြီး တစ်ထပ် ကျဲလာကာ နောက်ဆုံး နန္ဒင်းမကင်းကွက် ပုံသဏ္ဌာန်အတိုင်းပင် လက်ပွေ့အိတ် ဖြစ်သွားသည်။

ပုလဲလုံးများကို ငွေနန်းခက်ဖြင့် တည်းသည်။ အံ့ဩစရာ လက်ာဒီပကျွန်းထဲမှ ကောက်ရသည့် ကုဝဏ္ဏာဖန်ဆင်းသော ပစ္စည်းနှင့်သာ တူသည်။

မခိုင်မြဲသောလက်ဖြင့် တစ်ဖက်က ကြိုးကလေးကိုဆွဲရင်း တစ်ဖက်က ဖွင့်၏။ ဖွင့်လို့ရပ့ါမလား ရပ့ါမလား တထိတ်ထိတ်နှင့် နေလေ၏။

နောက်ဆုံးတော့ ဖွင့်၍ရလေ၏။ အထဲမှာရှိနှင့်သော ၁၀ တန် စက္ကူချပ်များမှ တစ်ချပ်ကိုထုတ်ကာ မသိလိုက် မသိဘာသာ ပေးလေ၏။

ရုံထဲသို့ ရောက်သော် စောလှသေး၏။ ဘယ်သူမှမရှိ။ စကား

မပြောဘဲနေကြသေးသည်။

ပန်ကာလေကြောင့်ထင်ရဲ့၊ ချမ်းစိမ့်အေးမြသည်။ ထို့ကြောင့် ပခုံးချင်း တိုးဝှေ့ကြလေသည်။ ခဏကြာမှ ကိုမြင့်က

"ဒီနေ့ နွဲ့ အစိတ်ပြည့်ပြီနော်၊ ဒီလိုဆိုရင် နောက်နှစ်ကျတော့ ၂၄ နှစ်ရှိမှာပေါ့"

ရယ်ရပြန်သော်လည်း သိပ်မရယ်နိုင်ကြ။

"ကျေးဇူးတင်တယ် ကိုမြင့်ရာ"ဟု တီးတိုးကာ ရှိက်ငင်နိုင်လေ၏။

သူတို့ တိတ်ဆိတ်နေကြသည်။

သီချင်းသံပေါ်လာ၏။ သီချင်းသံနှင့်လိုက်သွားလျှင် မိုးပေါ်ရောက်ကာ တိမ်တိုက်မှာခိုလို့ နားနိုင်၏။ နွဲ့ကတော့ မြေကြီးကို ခြေမထိဘူးထင်သည်။

လက်ပွေ့အိတ်ကလေးကို မကြည့်ဘဲ စမ်းသပ်ပြီးသာ နေသည်။ ချောမွတ်သော အလုံးကလေးများကို စမ်းမိသည်။ နုနယ်လှသည်။ အားစိုက်၍ ဖိလိုက်လျှင်ပင် ကြေမွကွဲပျက်ကုန်မည်။ ယုယ၍သာ ထားရမည်ဖြစ်လေ၏။

ဒါနှင့်တောင် သူ့ဘာသာ ပန်းဖတ်များကို ကြေပျက်သွားချင်လည်း သွားမည်။ မြေပြင်ပေါ်ရှိ ဆုပ်ကိုင်နိုင်သော အားလုံးသောအရာများကို ဝယ်၍ရသည့် ပိုက်ဆံဆိုသည့်ဟာကို သည်အိတ်ကလေးထဲ ထည့်ချင်မှ ထည့်နိုင်မည်။

ကိစ္စမရှိ။ လက်ပွေ့အိတ်ကလေး၏ ပြင်သစ်ပန်းခက်များ၊ ကွပ်သည့်ငွေနှုတ်ခမ်းကို ဖွင့်လိုက်သော် အထဲက မွှတ်နေအောင် နုသည့် အတွင်းခံဖဲသားအဖြူပေါ်မှာ တွေ့ထိ၍ မရ။ ကြည့်၍မမြင်။ နားထောင်၍မကြား။ မြည်းကြည့်၍လည်း အရသာမပေါ်။ မွှေးရှူ ရှူသော်လည်း အနံ့မလှိုင်သောအရာများ အပြည့်ရှိသည့် အတွက်ဘဝမှာ နေပျော်သည်

ထင်လေ၏။

နွဲ့သည် လက်ကိုင်ပဝါကလေးကို ကြာပန်းသဏ္ဍာန်ပေါ်အောင် ခေါက်ကာ အင်္ကျီရင်ဘတ်မှာ ညှပ်သည်။ ဒါသာ အလှဖြစ်သည်ဟု မောင်က ဆိုသည်။

သွေးသောက်မဂ္ဂဇင်း၊ အမှတ်(၈၆)၊ မတ်၊ ၁၉၅၃

□

## ပြောက်ပေါက်မှ ဝါကျွတ်ခြင်း

■ ကြည်အေး

[ ၁ ]

သူတို့မြို့ကလေးက သေးနုပ်လှသည်မို့ သည်နေ့အဖို့ ဘီလစ်စာရေးကြီး ကိုစက်ရ အိမ်၌ သမီးအကြီးဆုံးအမြိုင်သည် လက်ဖျားမှာပါ ကော်လာအချွန်တပ်သော နိုင်လွန်အင်္ကျီကိုဝတ်၊ ၈၀ ကျော် တန်သည် ဆိုသော်လည်း ပန်းခင်းတစ်ခင်းလုံးပါအောင် ဆွဲထားတာကလွဲ၍ ဘာမှ တန်ဖိုးရှိတာမပါသော ပါတိတ်လုံချည်ကို ခါးမှာဆီးကာ သူ့ကို ဘယ်မြို့ အုပ်လောင်းက လာ၍စပ်ဟပ်ပါမည်လဲဟု စိတ်ကူးဆဲ အိမ်နောက်မီးဖို ချောင်၌ ဈေးဖိုးမြိုးခြသဖြင့် တစ်အိမ်လုံးစားလောက်အောင် ပုစွန်ဆိတ် ခတ်သော လယ်ကန်စွန်းရွက်ရိုးနီ ချဉ်ဟင်းတစ်ခွက်သာ ရေနိုင်နိုင်ထိုး၍ ချက်သည့်အကြောင်းသည် လည်းကောင်း။

ဈေးအနီးက တိုက်ကြီးနှင့်နေပြီး ဂျပန်ခေတ်က အချောင်ရထား သော ပီယာနိုကိုတီးသည့် သူဌေးဦးတောရ၏ သမီးအပျိုကြီးသည် ဖျော်နေကျ လက်ဖက်ရည် ချိုင့်တစ်ဝက်တွင်မရပ်ဘဲ ပြည့်လုနီးပါး ပိုဖျော် မိသည့် အိမ်စေမလေး စောခင်ကို ပါးနှစ်ချက်ဆင့်ရိုက်ပြီးသည့် အဆုံး၌ စေတနာထားတတ်လျှင် မြတ်သည်ဖြစ်ရကား ဆွမ်းခံကြွသော ဘုန်းကြီး

တို့ကို မကုန်နိုင်သော လက်ဖက်ရည်တို့ဖြင့် ရှိသေစွာဆက်ကပ်သည့် အကြောင်းသည် လည်းကောင်း။

ဝါတွင်းကြီးလိုက်ပြေးသဖြင့် ခုနစ်လနှင့် သားဦးမွေးမည် ထင်ကြရသည့် အသက် ၁၈ နှစ်မပြည့်သေးသော တင်မောင်ထွတ်နှင့် ၁၆ နှစ်မပြည့်သေးသော မခင်စောတို့ လင်မယားသည် ကလေးရပုံတော့ မပေါ်ဘဲ ဝါမကျွတ်ခင်ကပဲ ကွဲမည်တစောင်စောင်နေရာက ညကမှ ကိုယ့်အမေ့အိမ်သို့ ကိုယ်စီဆင်းသွားကြပြီဆိုသည့်အကြောင်းသည် လည်းကောင်း။

မနက်မိုးလင်း၍ ယနေ့ရက်စွဲဖြင့် ရိုက်သည်ဖြစ်လည်း မနေ့ကသတင်းစာမျှသာဖြစ်သော ရန်ကုန်သတင်းစာကို မြို့သူမြို့သားတို့လက်ဖက်ရည်ကြမ်းသောက်၍ ဖတ်ရှုဆွေးနွေးမဆုံးခင် သတင်းစာထဲမပါသော ကိုယ့်မြို့က ထိုသတင်းတို့သည် အိမ်စေ့တက်စေ့ ပျံ့နှံ့ပြီးဖြစ်လေ၏။

ထို့ကြောင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သည် တထိတ်ထိတ်တလန့်လန့် ရှိကာ ရင်ခုန်တိုင်း သွေးဆေးသောက်ရတာနှင့် ပိုက်ဆံတစ်မျိုး ထွက်သည်မှာ အံ့ဩဖွယ် မဟုတ်ချေ။

အံ့ဩဖွယ်မှာ သည်လောက်တစ်ယောက်အကြောင်း တစ်ယောက်စပ်စုချင်၍ တခြားဘာအလုပ်မှ မည်မည်ရရမရှိဘဲ တစ်ယောက်လုပ်စာတစ်အိမ်လုံးဝိုင်းစားလေ့ရှိသော မြို့ကလေး၌ မြို့သူမြို့သားတို့ ကြည်ညိုရှိသေသော ဒေါ်တင်တင်သည် ကျောင်းဝင်းထဲ ညနေတိုင်း မှန်မှန်လမ်းလျှောက်ရင်း မိုးချုပ်စပြုပြီဆိုမှဖြင့် ဟိုဘက်ခြံမှ မြို့သူပျိုတို့ လိုလားသော ယစ်မျိုးအရာရှိကလေး ကိုဝင်းထင်နှင့် ပန်းချုံကွယ်၌ မှန်မှန်တိတ်တိတ် ခိုးနမ်းကြသည်ဆိုသောအကြောင်းကို ယခုထိ ဘယ်သူမှမသိသေးတာသာဖြစ်လေ၏။

အကြောင်းရင်းမှာ ဒေါ်တင်တင်သည် ရုပ်ရှည်ပြေပြစ်၍ ကိုယ်လုံး ကိုယ်ပေါက်လည်း ဖြောင့်စင်းကြော့ရှင်းပေသည်။

အသက်ကတော့ ၃၆ နှစ်ကျော်ပြီမို့ ၄၀ နား ခိုက်ပြီဖြစ်ရာ ၁၄–၅–၆ နှစ်နှင့် လင်ယူ၊ မယားယူ ပြုလေ့ရှိသော ထိုမြို့ကလေးတွင် ဟိုင်းရဲ့ မက အိုမင်းပြီဟု ယူဆကြသောကြောင့် ဖြစ်မည်ထင်သည်။

ဒါမှမဟုတ်လည်း ယစ်မျိုးအရာရှိလေး ကိုဝင်းထင်သည် အပျို ပေါ်လွန်းသဖြင့် ဥက္ကံသုံးဆယ်လို့တောင် နာမည်ပြောင်းရမတတ် ဖြစ် သော မြို့ကလေး၌ လှတာယူမလား၊ ယဥ်တာယူမလား၊ ခန့်တာ ယူမလား၊ ပိုက်ဆံရှိတာယူမလားဟူသော အခြေအနေ၌ ထည်ထည် ဝါဝါ နေနိုင်ဆဲကို ဒေါ်တင်တင်လိုအရွယ်မှ ကြိုက်တတ်သည်ရယ်လို့ ထင်စားရမည်မှာ ကိုယ့်ကိုယ်ကိုယ် စော်ကားရာရောက်သည်လို့ အပျို တကာနှင့် အပျို့မိဘတကာက ထင်လေသောကြောင့်လည်း ဖြစ်မည် ထင်သည်။

ဘာပဲဖြစ်ဖြစ် ယနေ့အထိတော့ ချစ်သူနှစ်ဦးသည် အိမ်ချင်းကပ် နေပြီး နှုတ်ဆက်စကားလည်း ကျယ်ကျယ်လောင်လောင် လူကြား သယောင် ပြောနိုင်၏။ ဘယ်သူမှ မကြားနိုင်သည့်အခါ ဘယ်လိုချစ် ပါတယ်ဆိုသည့် စကားကိုလည်း အထူးအဆန်းလုပ်၍ နှစ်ကိုယ်ကြား ပြောနိုင်၏။

အဲ ပန်းချုံကွယ်၌ ဒူးခေါင်းလောက်မှ မမြင့်သည့် ဖြတ်တိထား သော ဝါးခြမ်းစည်းရိုးပင်များကိုကျော်ကာ နှစ်ကိုယ်ရှေ့သို့ကုန်း၍ နှာခေါင်း ငုံ့ကာ နှစ်ပါးကပ်နိုင်၏။

ထို့ကြောင့် ညနေတိုင်း မိုးချုပ်စမှာ ကိုဝင်းထင်သည် သူ့ခြံထဲ ပက်လက်ကုလားထိုင်မှထခဲ့ကာ စောစောက ဖတ်သောစာအုပ်ကို ချခဲ့ ကာ လမ်းဆက်မလျှောက်တော့ဘဲ ပန်းချုံနား၌ရပ်ကာ ဒေါ်တင်တင်

ထံသို့ လာပြီး နှစ်ယောက်သဘောတူ နမ်းကြမြဲတည်း။

[ ၂ ]

ဒေါ်တင်တင်အဖို့ လင်သားစိတ်မကူးတော့သည် သို့မဟုတ် မကူးဘဲ သွားသည်မှာ ကြာပြီ။

ကြာပြီဆို အသက် ၃၀ ကျော်ပြီဆိုကတည်းကပင်တည်း။ မိန်းမများ အသက်ကြီးလာလျှင် မုဆိုးဖို၊ တစ်ခုလပ်ကိုသာ မျှော်လင့်ရတော့သည်ဆိုတာကို သူ နည်းနည်းမှ ခံရပ်နိုင်ခြင်း မရှိခဲ့။ သည်အဖြစ်မျိုး မကြုံရအောင် ခပ်ရွယ်ရွယ်ကပင် လင်သားယူမည်လို့ စိတ်ကူးရှိခဲ့သည်။

သို့သော်လည်း ကောလိပ်ကျောင်းသူကလေး တင်တင်သည် ရုပ်ရည် မွန်ရည်ပါသော်လည်း ဉာဏ်က ခပ်ထိုင်းထိုင်းရှိသည်။ ဘီအေ၊ ဘီအီးဒီအောင်ပြီး ဆရာမကြီးလည်း လုပ်ချင်သည်။ မိဘသားချင်းကလည်း ပညာသင်ချင်စိတ်ကလေးကို မြှောက်ပေးသည်။

သို့လျှင် နှစ်နှစ်တစ်တန်းမျှအောင်၍ ဘီအေဘွဲ့ကိုရသော် တင်တင်သည် ၂၄ နှစ်ရှိလေပြီ။

သည်အချိန်မှာ ရည်းစားထားချိန်တောင် လွန်ခဲ့ပြီ၊ အမှန်ပင် လင်ယူသားမွေးချိန်တည်း။

ဘေးဘီ၌ လူလွတ်ရယ်လို့တောင် တယ်မမြင်။ ကိုယ့်တန်းက လူတွေမှာ သူ့ထက် သုံးလေးနှစ် စော၍အောင်ကာ အလုပ်နှင့်အကိုင်နှင့် အိမ်ရာ သားသမီးနှင့် ဖြစ်ကြလေပြီ။

ရော သည်တစ်ခါ သင့်လျော်ရာ တွေ့လျှင်တော့ တယ်ကြေး မထူဘူး၊ ယူရပြီးရောဟု သဘောထားရင်း ဆရာဖြစ်သင်ကျောင်းသို့ ပြောင်းခဲ့ပြန်၏။

ဘီအီးဒီမအောင်ခင် စစ်ကဖြစ်လိုက်ရာ အိမ်ထောင်ပြုဖို့အကြံကို

ဘေးဖယ်၍ ပြေးရလွှားရ လုပ်ရသည်။

စာကလေးသင်ရင်း အိုမင်းသောမိဘကို ကျွေးမွေးတုံ့ပြန်ရ၏။

စစ်ပြီးတောင် ငွေစရာမိဘနှစ်ပါးလည်း မရှိ၊ တစ်ကိုယ်တည်းနေလို့ မတင့်တယ်သည်လည်း အမှန်။ သို့သော် လင်မရဘဲ ဘီအီးဒီသာ အောင်သွားပြီး အသက် ၃၀ မှ လွတ်လွတ်ကျွတ်ကျွတ် ကျော်ခဲ့လေ၏။

မုဆိုးဖို တစ်ခုလပ်တောင် ရှားပါးသည်မို့ အပျိုကြီးဘဝကိုပဲ ချီးကျူးစရာအကွက် ရှာပါတော့မည်ကြံမှ ကိုဝင်းထင်လေးနှင့် ရေစက်ဆုံသည်။

ဒေါ်တင်တင်သည် ကိုယ့်လူရှိပြီတကားရယ်လို့ အူယားဖားယား အိမ်ထောင်ပြုဖို့တော့ စိတ်ကူးမရှိချေ။

သည်အခြေသာ ရောက်လာသည်။ ဘယ်အချိန်မှာ ဘယ်ထဘီဝတ်၍ မျက်လွှာချကာ ကျုံ့ကျုံ့ထိုင်ကာ ဩဘာစာရှည်ဖတ်သည်ကို နားထောင်ကာ မင်္ဂလာပန်းကို ဆင်မြန်းရမည်လို့ မသတ်မှတ်ဖူးချေ။

ကိုဝင်းထင်က တည်ကြည်ပါ့မည်လားလို့ကား တယ်မပူချေ။ မှန်တာပြောရလျှင် သည်လိုပင် ဘာတာဝန်မှမရှိ၊ ကိုယ့်အလုကိုယ်မွေးကာ၊ ကျောင်းသားကို အုပ်ချုပ်ကာ ညနေ တိုင်ကျ ပန်းချုံရိပ်၌ တိတ်တဆိတ်နမ်းကာသာ နေသွားချင်လေ၏။

သည့်ထက် တိုးတိုးပြောရမည်ဆိုလျှင် ကိုယ့်အိမ်က အဒေါ်ဝမ်းကွဲ ရန်ကုန် တစ်ချက်တစ်ချက်တက်သွားသည့်အခါ လမသာခိုက်နှင့်စုံလျှင် မည်းမှောင်သော သဋ္ဌာ၌ ကိုဝင်းထင်ကို လက်ခံရတာလည်း ကျေနပ်စရာတည်း။ အရေးကြီးသည်မှာ သူတကာမသိဖို့သာဖြစ်လေ၏။

အပျိုကြီးမှာ ကုသိုလ်ကောင်းချင်လို့ပဲလား မဆိုနိုင်၊ သည်လို အတင့်ရဲကာ အကြိမ်များလာပါလည်း စိတ်ပူစရာမပေါ်ဘဲ လေးငါးလ နေခဲ့သည်။

ယခု ဝါကျွတ်ခါနီးမှ အရေးကြီးချင်သလိုလိုဖြစ်ရချေ၏။ သို့သော် ကြုံဖူးသည်မဟုတ်သဖြင့် ကြားဖူးနား၀ အသိတရားနှင့် သေသေချာချာ မဆိုနိုင်။ ဒေါ်တင်တင်သည် အခြေအနေကို ခဏကြည့်ချင်သေး၏။

ကိုဝင်းထင်လေးကိုလည်း တယ်မပြောပြချင်သေး၊ သားသမီး ဆိုတာကိုလည်း ချစ်ကြည့်လို့ မတတ်သေး။

ဟိုဘေးသည်ဘေး ရှာရနိုးပင် အကြံပေါ်သည်။ ငရဲကြောက်လို့ သတည်း။

တကယ်ဟုတ်ပြီဆိုသည့်တစ်နေ့၌ ကိုဝင်းထင် ဘာပြောမည် ကိုသာ နားထောင်ရဦးမည်။

ပြီးတော့ မီးစင်ကြည့်ကမည်။ ဤသို့ ခပ်ပေါ့ပေါ့စိတ်ထားကာ ဒေါ်တင်တင်သည် ပန်းချုံရိပ်သို့ လာလေ၏။

ညနေလည်းစောင်းနေပြီ။ အရိပ်တို့သည် လျင်မြန်စွာ မည်းမှောင် လာပြီး ဘေးပတ်ပတ်လည် မြက်ရိုင်းကွင်းပြင်၌ လူသူတို့၏ ခေါင်း တစ်လုံးမှ ပေါ်လာတာမတွေ့ရ။ မြို့နှင့်လှမ်းတာ ဟန်မကျလားကွယ်။

ကိုဝင်းထင်ကလေးကို မြင်သော် ပျော်ရွှင်သွားတာ မှန်သည်။ သူ့ခေါင်းက ပက်လက်ကုလားထိုင်ပေါ်မှီနေသည်မို့ မျက်နှာကို ကောင်း ကောင်းမမြင်ရ။

ပိုးဝါလက်တိုစက လေတွင် တဖျပ်ဖျပ်ခါသည်။ ဝေးဝေးက ကြည့်လျှင် သာပြီး ငယ်ပုံပေါက်သည်။ အသက် ၃၀ တောင် ပြည့်ဦးမယ် မထင်။ မိမိအသက်ပြောရခက်သည်မို့ သူ့အသက်လည်း မမေးဝံ့။

ဩော် သူသာ ကိုယ်နဲ့ရွယ်တူဆိုရင် ဘယ်လောက်ကောင်းလိုက် မလဲ။ ခုလို မရေမရာနေရမယ် မဟုတ်။ ခုတော့ သူတကာပြောမှာ ကြောက်လှသည်။

ကိုယ့်တပည့်သား မြေးအရွယ်လေးကို ပိုက်ထွေးချော့မြှူကြိုက်

သောသူလို့ ဆိုကြမည်ပေါ့။

သည်အရွယ်အထိ ဆိုစရာမရှိအောင်နေလာပြီးမှ အခုမှ အဆိုခံရမည်ဆိုလျှင် ရှက်လို့မဆုံးစရာပင်။

ကြည့်စမ်း၊ ကိုယ့်ကျောင်းက မက်ထရစ်အတန်းသားတွေနဲ့များ ရောနေလိုက်ရင် ခွဲလို့ရမယ်တောင် မထင်ဘူး။

ဒေါ်တင်တင်သည် ဦးနှောက်ထဲ လျှပ်ဝင်းလက်သလို အကြံဉာဏ် ထင်းခနဲ လင်းခနဲပြက်သည်။

သူ တုံ့ဆိုင်းခဲ့သည်မှာ အသက်ချင်းကွာခြားသဖြင့် သူတစ်ပါး အပြောအဆိုကို ကြောက်ခြင်းကြောင့်သာ ပါကလားကွယ်ရို့။

ဒါကလွဲ၍ တခြားပြောစရာ ဘာမျှမရှိ။ ကိုယ့်ထက် တစ်ဆိတ်ငယ်သူကို လင်လုပ်ရတာ သူ့ဘာသာသူလည်း ခွင့်လွှတ်စရာလို့ မထင်။ သူတကာ သည်အလုပ်လုပ်သည်ကိုလည်း တစ်သက်လုံး ကဲ့ရဲ့သဂြိုဟ်လာခဲ့သည်ပင်။ ကိုဝင်းထင်နှင့်ယူလျှင် တစ်မြို့လုံး ပြောစရာဖြစ်မည်ပင်။

ကိုဝင်းထင် နာမည်ပျောက်၍ ဆရာမကြီး လင်ကလေးလို့ တွင်မှာတောင် ကြောက်ရ၏။

သည်တစ်ခါတော့ အကယ်၍ ကိုဝင်းထင်က ဝါကျွတ်ပေါ့ သက်ဝေရယ် စသဖြင့် ရေဒီယိုထဲက သီချင်းသံလို နီးရအောင် ပူဆာမည်ဆိုလျှင် ပြောင်ပြောင်ကြီး မငြင်းဆန်တောင် သူတကာပြောမှာ ကြောက်ပါဘိတွေနှင့် မှန်ကန်စွာဖြေမိဆိုမည် ထင်ပါ၏။

ဒေါ်တင်တင်သည် မျက်ရည်လည်ချင်သလိုလိုမို့ မျက်တောင် တဖျပ်ဖျပ် ခတ်ဆဲ ကိုဝင်းထင်က လှည့်ကြည့်သည်နှင့် မျက်လုံးချင်း ဆုံကာ ကမန်းကတန်း ပြုံးပြလိုက်ရလေသည်။

ကိုဝင်းထင်အဖို့ ဘယ်လိုဘယ်လိုနှင့် သည်လိုအပျိုကြီးတစ်ယောက်နှင့် ကြိုက်ကာ ဆောင်တော်ကူးကာရှိသော်လည်း ဘာမှမဖြစ်

သလို ဣန္ဒြေနှင့်နေသည့်အဖြစ် ရောက်သည်ဆိုတာ ဘယ်တော့မှ နားမလည်ချေ။

ကိုဝင်းထင်သည် တစ်ခါမှ ကိုယ့်ကိုယ်ကိုယ် ကိုယ့်ထက် ၁၀ နှစ်ကြီးသော မိန်းမတစ်ယောက်ကို ယူမည့်သူလို့ မထင်စဖူး။

ပြီးတော့ မိန်းကလေးတစ်ယောက်နှင့်ချစ်လျှင် မြတ်နိုးလေးစားချင်သည်။ သူကလေး ဣန္ဒြေကို မထိပါးလို။ ကြာရှည်ပြီး ဝေးကွာနေလိုစိတ်တော့မရှိ။

အိမ်ထောင်ပြုရမှာ သူမကြောက်။ ယခုတော့ ကိုဝင်းထင်သည် မိန်းမတစ်ယောက်ကို မဆိုင်သေးပါဘဲ တရင်းတနှီးနေပြီးကာ အသက်ကိုယ့်ထက်ကြီးလျက်နှင့် အရှိအသေမရှိ ဆက်ဆံလို့နေရတာကို မကျေမနပ်တွေ့ရသည်။

သည်အခြေရောက်ပြီဆိုတော့ တင်တင်ကြီးကိုပဲ တစ်နေ့သ၌ အကြင်လင်မယားပြုရမည်လို့ သူ့စိတ်ထဲ လျာထားသည်။

သူသည် မသမာကောင်မဟုတ်ချေ။ ပြီးတော့လည်း သေသေချာချာ စဉ်းစားပြန်တော့ ခမျာမှာ အသက်ကြီးတာကလွဲလို့ ဘာမှအပြစ်ရှိရှာတာမဟုတ်။ အေးဆေးလှပသော မျက်နှာကလေးလည်း ရှိသည်။

ကြော့ရှင်းဖြူဝင်းသော ကိုယ်နေလည်းရှိသည်။ စိတ်နှလုံးလည်း ဘာမှကောက်ကျစ်တာ ရှာမတွေ့။

သည်လိုငြိမ်ဆိမ်တာကိုပဲ နှစ်သက်လေ့ရှိကာ အပျိုကြီးမှာမှ တွေ့ရသဖြင့် ဖျတ်လတ်ဆတ်ကော့ကလေးတွေနှင့် လွဲခဲ့ရခြင်းထင်သည်။

တစ်ခါတစ်ရံ ဆိုးချင်နွဲ့ချင်ဟန်ကလေး ကိုယ့်အစ်မကြီးလောက်ဆီမှာတွေ့ပြန်တော့ ဟန်မကျပါတကားလို့ ညည်းချင်တင်တင်ဖြစ်လည်း ဘယ့်နှယ်တတ်နိုင်မလဲ။

မိန်းမသဘာဝဆိုသည်မှာ ကြီးသည်ငယ်သည်မမှု အတူတူ

သာတည်း။ ကိုယ်ကငယ်ပေမည့် ယောကျ်ားပေမို့ ရင်အုပ်ကြီးကား လို့သာ ထုချင်သမျှထုပါစေလို့ စေတနာထားရမည်တကား။

ထို့ပြင် အသက်ကြီးသည်ဆိုသည်မှာ ကြာတော့လည်း သတိတောင်မရတော့သော အရာပင်။ ယခုဆိုလျှင် ခေါ်တင်တင်ခေါ်နေကျက တင်ကြီး တင်ကြီးနှင့် အားရပါးရ တဝကြီး ခေါ်တတ်လေပြီ။

အရင်လို ကျွန်တော်နှင့်ပြောလျှင် ရယ်စရာထင်တော့မည်။ နာမည်တွေ ထည့်ပြောရတာ စိတ်မရှည်လို့ မင်းနှင့်ငါနှင့်တောင် ပြောချရသည့်အခါ ချလေသည်။

နောင် လင်မယားဘဝကျတော့ သည့်ထက်တောင် အသားကျသွားစရာ ရှိပေသေး၏။

သူပူသည်မှာ တစ်ခုသာရှိသည်။ သူလိုချင်သည်မှာ သားနှင့်သမီးနှင့် စည်ပင်သော အိမ်ထောင်တည်း။

သူ့မှာ မွေးချင်းရယ်လို့မရှိ။ အမေက တစ်ယောက်တည်းမွေးပေးခဲ့သည်မို့ ယောင်လည်လည်နှင့် ကြီးပြင်းခဲ့ရသည်။ အောက်ကျနောက်ကျဝမ်းကွဲတွေအပါး ကပ်ရသည်။ သူငယ်ချင်းကို မွေးချင်းထင်ရသည်။ ဥတစ်လုံးက ခင်သလို ဘယ်သူကမျှ ညီရင်းအစ်ကို မောင်နှမထင်သူမတွေ့ခဲ့လေရာ ကိုဝင်းထင်သည် အမေ့ကိုပဲ ငြူစူချင်သလို အဖေ့ကိုပဲ အထင်သေးချင်သလိုနှင့် အေး ငါ့ကျမှ သား ၁၁ ယောက်မွေးပြီး ဘောလုံးတစ်သင်းထောင်မယ်ကွဟု တေးထားတာတွေ ရှိလေသည်။ သမီးတွေ ကြားဖောက်လို့ ခုနစ်ယောက်မွေးချင်လည်းမွေးဦး ဝမ်းမနည်းဘူးထင်၏။

ကိုယ်နှင့်ဖြစ်မိသော သူငယ်မကိုကြည့်သော် အသက် ၄၀ နီးပြီမို့ ဘယ် ကိုယ့်ဆုတောင်းပြည့်တော့မလဲကွယ်။

အသက် ၅၀ အထိ သားတွေ၊ သမီးတွေမွေးကာ သင်းတို့ပဲ

အပျိုလူပျိုတွေဖြစ်လို့ အိမ်ထောင်ပဲကျကာ သူတို့နှင့်ပြိုင်မွေးရသော အမေမျိုးရှိတာလည်း ကြားဖူးပါ၏။

သို့သော် အားရှိစရာ မကောင်းသည်မှာ ဒေါ်တင်တင်မှာ ပူစရာဘာမှမရှိဟန် တွေ့ရသေးသောကြောင့်ပင်။

သူကလည်း ဒီလောက်အေးမှဖြင့် ကဲ ဒီလောက်တောင်ဖြစ်လှတာ ငါ့ဘဝမှာ အပျိုကြီးက ကျောရုံကြဲတယ်ဆိုတာ ကြုံဖူးရင်လည်း နည်းတဲ့ ဗဟုသုတမဟုတ်ဘူးဘဲ သဘောထားရမယ် စသည်ဖြင့် စိတ်ဆိုးသော အတွေးမျိုးကို တွေးမိတတ်သေး၏။

သို့သော် ညနေချမ်း၍ ပန်းခြံရိပ်၌ ကျိတ်နမ်းစဉ်မှာမူ ခုလို ချိုပြုံး၍ အပူမရှာတတ်သော၊ အသက်ကြီးလည်း အတွေ့အကြုံမှာတော့ ကလေးပမာရှိရှာသော၊ ဖြူစင်သည့်နေရာမှာ ၁၆ နှစ်သမီးက မသာသော မျက်နှာ လမင်းကို ပိုင်ဆိုင်ရသည်မှာ ကျေနပ်စရာထင်ရုံမက စိတ်မှာပျော်ရွှင်၍ ကမ္ဘာအလုံးကိုပင် ခုန်ကျော်ကာ လေဟာနယ်မှာ မြူးထူး ပျံဝဲလိုက်ချင်တာ အမှန်ပါတည်း။

ညနေချမ်းဆိုတော့ နှစ်ယောက်စလုံးလည်း အားသည်။ လူသူလေးပါးလည်း သည်ဘက်မှာ ပါးသည်။

အိမ်ပေါ်မှာ အဒေါ်လည်း ချက်ပြုတ်စားသောက်ပြီး၍ အိပ်ရာဝင် ပုတီးစိပ်သည်။ ယခုတလော တရားကျင့်မယ်ဆိုတာတွေတောင် ကြားရသည်။ ဝမ်းသာစရာတည်း။ အကြောင်းမှာ သူ့အခန်းတွင်းမှ တစ်ညနေလုံး မထွက်တော့သည်မှာ ပို၍သေချာပေသမို့တည်း။

ဒေါ်တင်တင်နှင့် ကိုဝင်းထင်တို့မှာ စကားများစွာပြောစရာမရှိ။ သူတို့သည် သမီးရည်းစားလိုလည်း မသစ်ဆန်းလှ။

လင်မယားလိုလည်း ရိုးဟောင်းမသွားသေးသော အခြေအနေမှာ ရှိလေရာ ငယ်ငယ်က ကိုဝင်းထင် အိမ်မှထွက်ပြေးပြီး တရုတ်ပြည်

ရောက်မလားရယ်လို့ မီးရထား ခိုးစီးသွားတာမျိုးလည်း ပြောပြီးသားဖြစ်၊ ဒေါ်တင်တင် ထဘီတုပ်လဲရုံနှင့် လူထဲမှာ ထိုင်ငိုဖူးတာလည်း မကြာခဏ ကြားရလေရာ လင်မယားလို သားရေး၊ သမီးရေး၊ အိမ်ဆောက်ရေး၊ ကားဝယ်ရေးလည်း မတိုင်ပင်နိုင်ပြန်သဖြင့် သူတို့သည် စကားဖွဲ့နွဲ့ ပြောလှသည်မရှိဘဲ ပန်းချီသိပ်သိပ်ကိုပဲ စိုက်ရကျိုးနပ်အောင် ကောင်းစွာ အသုံးချရလေသည်။

သည်အခါမျိုးမှာ ကိုဝင်းထင်တော့ မပြောတတ်၊ ဒေါ်တင်တင် အဖို့ လူ့ဘဝဟူသည် သည်လိုပဲ။ လူပြတ်သော ညနေခင်းကလေးများ စီတန်းထားခြင်းဖြစ်သည်လို့ ထင်ကာ ကျောင်းသားကလေးများဖတ်စာ ထဲတောင် သင်ခန်းစာအဖြစ် ထည့်ချင်သည်။

အကြောင်းမူကား ပျော်ရွှင်ခြင်းကို မကုန်ခန်းနိုင်အောင်ရ၍ ဝေငှ လို့တောင် ပေးနိုင်သေးသည်ဟု သဒ္ဒါတရားပင် ကြွယ်ဝလာသောကြောင့် တည်း။

ထိုခဏမှာပင် နှစ်ယောက် ဖြုန်းခနဲ ခွဲရခက်သောအခြေအနေမှာ ကတုန်ကယင်နှင့် ခွဲလိုက်ရ၏။

ဒေါ်တင်တင်သည် တစ်ကိုယ်လုံးဆတ်ဆတ်တုန်ကာ ပန်းကိုင်း တစ်ကိုင်းကိုပင် အားပြု၍ရပ်ရသည်။

ကျောင်းသားတစ်စု ကျောင်းပေါ်ပြန်ရောက်နေသည်ကို ကြားသိ ရသည်။

ဘာကျန်ခဲ့လို့ ပြန်ယူတာပါလိမ့်။ မနက်ဖြန်ထိ မစောင့်နိုင်တော့ ဘူးလားကွယ်ရို့။

သူ့မျက်နှာမှာ ပူရှိန်တောက်လောင်မတတ်ပင် နီရဲလျက်ရှိသည်။

ကိုဝင်းထင်ကို အမုန်းတီးကြီး မုန်းတီးမိတော့မလို ဖြစ်သည်။ ပြီးတော့ ကိုယ့်မျက်နှာကို လက်ဝါးဖြင့် ရိုက်ချင်သည်။

"ဟိုမှာ ဆရာမကြီးဟော့၊ ဘိန်းအရာရှိလေးနဲ့ ဖက်နမ်းနေတယ်" ဟု ကျောင်းသားကလေးတို့ ပြောကြမည်။

အမှန်စင်စစ် ကျောင်းသားလေးတို့သည် ပထမ ဘာမှမပြောကြ။ "ရှူး"ခနဲ တစ်ယောက်က လက်ညှိုးထောင်၍ တိတ်စေအချက်ပေး၏။

ပြီးတော့ ပိတ်နေသော ကျောင်းပြတင်းပေါက်မှာ ပုန်းကွယ်ရပ်ကာ တရုတ်ကတ်ကြားမှ ချောင်းကြည့်ကြသည်။

"ကိုဝင်းထင်ကွ" ဟု တစ်ယောက်က ပြောသည်။

"သူ့အပြင် ဘယ်သူမှလည်း တို့ဆရာမကြီးနဲ့ မတန်ပါဘူး" ဟု သဘောတူကြ၏။ ပြီးတော့ သူတို့သည် ဆက်ကြည့်လို့ကောင်းမည့်ဟန် မတွေ့သဖြင့် တိတ်ဆိတ်စွာ ထွက်သွားကြလေ၏။

သို့သော် ဒေါ်တင်တင်က သူတို့ထွက်ခွာသွားတာ အလိုလို သိလေသည်။ သူသည် ကိုဝင်းထင်ပခုံးဆွဲကာ ဘာမှမပြောနိုင်ဘဲ ထပ်၍ ငိုနေလေ၏။ ကိုဝင်းထင်မျက်နှာမှာ အံ့အားသင့်နေတာ နားမလည်နိုင်တာကို ခွင့်လွှတ်နိုင်ခြင်းမရှိ။

"ဟင် မသိဘူးလား၊ မနက်ဖြန်ကျရင် တစ်မြို့လုံးပွတော့မယ်၊ ဒီညကို လျှောက်ပြောကြတော့မှာပဲ၊ နေမှာ မဟုတ်ဘူးသိရဲ့လား"ဟု ဗလုံးဗထွေးပြော၏။

ကိုဝင်းထင်ကမူ လေးငါးခြောက်လအတွင်း တစ်ခါမှ နည်းနည်းမှ ပူပန်စိတ်မရှိဘဲ ခုမှ ဒရောသောပါးဖြစ်ဟန်ကို နားမလည်နိုင်ချေ။ မိန်းမတွေဟာ တယ်သိရခက်ပါလားဟု မှတ်ချက်ချလိုဟန်သာရှိသည်။

"သူများတွေ သိကုန်တော့မယ်၊ မနက်ဖြန်ကျ မျက်နှာဘယ်လို ပြရမလဲ"ဟု ပူဆာဆဲရှိလေ၏။

"ဘာလုပ်ရမလဲ"ဟု ကိုဝင်းထင်က မေးသော်

ဒေါ်တင်တင်သည် ပထမ မျက်ရည်များကို သုတ်သည်။ နောက်

ပြုံးယောင်ပြုသည်။

ပြီးတော့

"ကိုယ့်မိတ်ဆွေ တရားသူကြီးဆီ သွားရုံပေါ့၊ ကားငှားသွားရင် ညဦးမနက်ခင် သူ့မြို့ကို ရောက်မှာပဲ၊ ဒီမှာ လူကြီးသုံးလေးယောက်ကို ပြောပြခဲ့ရမယ်၊ ထွက်ပြေးသလို မဖြစ်အောင်" စသည်ဖြင့် ကျောင်းဆရာမကြီးလေသံဖြင့် စီမံသည်။

ကိုဝင်းထင်သည် ရုတ်တရက် အေးစက်စက်ဖြစ်နေတယ်လို့ ထင်ရ၏။ ဒေါ်တင်တင့် စကားကိုတောင် ကောင်းကောင်းနားထောင်နေဟန် မတူချေ။ သူ့ဘာသာ စဉ်းစားစရာရှိသလို နေသည်။

"ပြောစမ်းပါဦး၊ ခုချက်ချင်း ဘာလို့ ဒီလောက်ဖြစ်သွားရတာတုံး၊ ကောင်လေးတွေကို အရေးစိုက်စရာလား၊ နဂိုကတော့လည်း ဒီလိုပဲ နေသွားချင်တယ်ဆို၊ ပျော်တယ်ဆို"

ဒေါ်တင်တင်သည် ကိုဝင်းထင်နဖူးကို သေသေချာချာကြည့်၏။

ခေါက်လိုက်ရ ဘယ်လောက်အရသာရှိမတုံး။ ကွေးလာသော လက်ချောင်းများကို မနည်းပင် ဖြေချော့ရသေးသည်။

ဘာမှမပြောဘဲ နှုတ်သီးသာစူနေလိုက်ချင်၏။ သို့သော် ၁၅ နှစ်သမီး မဟုတ်တာသေချာသည်မို့ မပြောလည်း သိမည့်သူမဟုတ်သမို့ ပြောရပြန်သည်။

"အစက ဝါတွင်းကြီးဆိုတာ မသိဘူးလားတော့၊ ပြီးတော့ ကောင်ကလေးတွေ တွေ့မသွားလည်း အနေးနဲ့အမြန်တော့ ဒီကိစ္စပြီးအောင် လုပ်ရမှာပဲ မသိဘူးလား"

ကိုဝင်းထင် မသိချေ။

"မသိဘူးလား တကယ့်ကိုလေ၊ သိပ်တော့မသေချာသေးပါဘူး ဒါပေမဲ့"

သည်တော့မှပဲ သိလေရာ ကိုဝင်းထင်သည်လည်း ခုမှ တုန်တုန်ယင်ယင်ဖြစ်ကာ

"ဟုတ်သားပဲ၊ သွားမှ သွားမှ၊ ဒါပေမဲ့ မိုးလင်းမှသွားလို့ မဖြစ်ဘူးလား၊ ညကြီးမင်းကြီး လမ်းကလည်း တယ်စိတ်ချရတာမဟုတ်"ဟု ပြောပြန်သေးသည်။

"မဖြစ်ဘူး၊ ခုညသွားမှ၊ ကောင်လေးတွေ ခုညနေမှာ မြင်သွားတာ ဒါက အရေးကြီးတယ်၊ မနက်ဖြန်ဆို နောက်ကျတော့မယ်၊ သူများပြောတာ တစ်ခွန်းမခံနိုင်ဘူး သိရဲ့လား၊ ဒါနဲ့ အချိန်ကုန်တော့မယ်"ဟု တွန်းထိုးနေဆဲ ကိုဝင်းထင် တွေးမိသည်မှာ–

"ဟုတ်တယ်၊ ခုသွားမှထင်ပါရဲ့၊ သူ့အသက် ၃၅ နှစ် လောက်ရှိပြီဆိုတာ ဟုတ်ချင်မှလည်း ဟုတ်ဦးမှာပါ၊ မလိုလို့ ပြောကြတာထင်ပါရဲ့၊ ဒီလိုဆို ကလေး လေးငါးယောက်တော့ အနည်းဆုံး ရနိုင်သေးတာပေါ့၊ သွားမှ သွားမှ အချိန်ကုန်မခံနိုင်ဘူး"

ပေဖူးလွှာမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၃)၊ နိုဝင်ဘာ၊ ၁၉၅၇

□

# ဆွဲငင်ခြင်းနဲ့ တွန်းကန်ခြင်း

■ ကြည်အေး

[ ၁ ]

မနှင်းမေသည် ချစ်သူအပါးမှာ ဝမ်းနည်းကာနေသည်။ သူ မရိပ်မိအောင် ပို၍ပြုံးပါ၏။ ပို၍စကားပြောပါ၏။ သို့သော် ဟန်ဆောင်နေခြင်းသာ ပေါ်နေ၏။ ပေါ်နေတာတောင် သူက မြင်ပုံမရ။

မနှင်းမေသည် ဒေါသဖြစ်ရပြန်လေသည်။ သို့သော်လည်း ချစ်သူကို ဒေါသတောင် ဖြစ်လို့မရပါလားကွယ်။ သူ့ကို သွားစေ့ပြီး မျက်ခွံမှေးကာ စောင်း၍ကြည့်မိ၏။ ခဏချင်းမှာပင် ပျော့ကျသွားပြီး မနှင်းမေသည် ဝမ်းနည်းပြီး သာနေလေသည်။

မနှင်းမေသည် ရင်တွင်းမှာတော့ အနည်းငယ်ပဲဖြစ်စေ၊ နာ၍လာကာ ဘာမပြော ညာမပြောနှင့် လက်ကို ဆောင့်ပြီးရုန်းလိုက်လေသည်။

လွှတ်၍မသွား။ ဟုတ်သည်။ ဘယ်တော့မှ လွှတ်မည့် နှင်းမေမဟုတ်၊ တတ်နိုင်ရင် အဝေးဆုံးကို ထွက်ပြေးလိုက်ချင်ပါရဲ့ဟု တွေးနေမိသည်။ သို့သော် သူ့လက်သည် မနှင်းမေ၏ ပျော့ခွေ့သောလက်ချောင်းကလေးများကို စုပြီး ကျပ်ကျပ်ဆုပ်ထားလေသည်။

ပြီးတော့ တစ်ခုရှိသည်။ မနှင်းမေ၏ရင်သည် ဟုတ်ခနဲ ပူနွေးကာ

လာသည်။ တစ်ခုရှိသည်မှာ သူ့ရဲ့လက်တွေဟာ ဘယ်လောက်ယုယတဲ့ အငွေ့လဲကွယ်။ ထိုစိတ်ကူးနှင့်ပင် တစ်ကိုယ်လုံးနွေးပြီး အားရှိလာလေသည်။ သူ့အနားကို တိုးကပ်ပြီး သူ့ရင်ခွင်ထဲမှာ နွဲ့နေချင်စိတ် ပေါက်လာသေးသည်။

အို ...

သည်လိုနှင့်ပဲ ဘယ်နှခါများ အရှုံးပေးခဲ့ရပြီလဲဟု မနှင်းမေသည် တရေးရေးတွေး၏။ သူကများ မနှင်းမေ၏ပခုံးကလေးကို ညင်သာစွာ ပွေ့ပြီး စကားတတွတ်တွတ် ပြောတဲ့အခါ သူ့ရဲ့ စိတ်အားထက်သန်တဲ့ မျက်လုံးကြီးများနဲ့ မချိုမချဉ်ပြုံးပြီး စိုက်စိုက်ကြည့်တဲ့အခါ အို . . . မငြင်းဆန်နိုင်ခဲ့ပါဘူး။ ဘယ်တုန်းကမျှ မငြင်းဆန်နိုင်ခဲ့ပါဘူး ဟု တွေးနေမိလေသည်။ ရှုံးလည်းရှုံးပါပြီ။ ရှုံးခဲ့လှပြီပဲ။ ပြီးတော့ ရှုံးခဲ့ရသည်ကိုလည်း ပျော်သည်။ ဘာမှ ဆိုစရာမရှိ။

ယခုလည်း အရှုံးပေးဖို့ရာကို အိမ်က ထွက်လာသည်။

[ ၂ ]

"လမ်းလျှောက်လို့ကောင်းလိုက်တာ နှင်းရေ" ဟု သူက အားရပါးရပြော၏။ မနှင်းမေကမူ သူ့ခြေလှမ်းအလိုက် ဖြည်းလေးစွာသာ လျှောက်လျက်ရှိလေသည်။

"နှင်းကို ကြည့်ရတာ တစ်မျိုးပဲ၊ မပျော်ဘူးလား" ဟု သူက မေးပြန်၏။ ဟုတ်ကဲ့။ သူကတော့ ပျော်မှာပေါ့။ စစ်အောင်နေကျ လူကို...။

"နှင်းက ဟန်ကြီးပန်ကြီးနဲ့ တော်တော်လူဝါးဝ" ဟု နောက်တောက်တောက် လုပ်လိုက်လျှင်မူ မနှင်းမေသည် လွတ်ခနဲရယ်သံထွက်သွားပြီး ပျော်လည်းပျော်လာသည် ထင်ရ၏။

စင်စစ်တော့လည်း ပျော်စရာပဲ မဟုတ်လား။ လမ်းလျှောက်ခြင်း

သည် လှပအေးချမ်း၏။ တောကျကျဂဝံလမ်းကလေးသည် နှစ်ယောက် ထက်ပိုမသွားသာ၊ ဘေးမှာတော့ မြက်ခင်းခပ်ရိုင်းရိုင်း၊ မြက်ခင်းစိမ်းကို မြက်ပွင့်၊ မြက်ဖူး၊ မြက်သီးကလေးများက အဖြူစက်ပြောက်ထားသည်။ လေသာသာ၊ နေရိရိ၊ လူရှင်းရှင်း။

ကလေးဘဝက အိပ်မက်အတိုင်းပင်၊ ထိုအိပ်မက်ကတော့ မနှင်းမေ၏ အစွဲတစ်ခုပင် ဖြစ်လေသည်။

"လမ်းကလေးက လူ့လက်နဲ့ ပြုပြင်ထားတာ မဟုတ်ဘူး ကိုရယ်" ဟု တစ်ခါက သူ့ကို ပြောပြဖူးသည်။

"လမ်းကလေးက မြက်ခင်းပေါ် ချစ်သူစုံတွဲတွေ ဖြတ်ဖြတ် လျှောက်သွားလွန်းလို့ အလိုအလျောက်ဖြစ်လာတဲ့ လမ်းကလေး၊ ဖုန်ထူ ချင်လည်း ထူပစေပေါ့လေ၊ ပြီးတော့ ဖြူးချင်မှပဲ ဖြူးမယ်ပေါ့၊ ဟိုနေရာ မှာကွေ့ပြီး ... သည်နေရာမှာ ကောက်ချင်ကောက်နေမှာ ..."

အဲသည်တုန်းမှာတော့ မနှင်းမေသည် သူ၏ နှမလေးသဖွယ်၊ သမီးလေးသဖွယ် ငယ်နေပြီး ကလေးပမာ ပြောချင်ရာ ပြောနေသလို ဖြစ်နေလေသည်။

"လူလည်း မရှိရဘူး ... နေ့မှန်းညမှန်းလည်း မသိရဘူး ... ခပ်တော့ ခပ်မှုန်မှုန်ပဲ ကိုရေ့ ... လေကလည်းအေးအေး၊ တောစံပယ် နံ့နဲ့ မွှေးချင်တောင် မွှေးမှာ၊ လမ်းက ဘယ်တော့မှ လျှောက်လို့မဆုံးဘူး တဲ့လေ၊ အဲဒီမှာ နှင်းလေ ... စားတယ်၊ အိပ်တယ်ဆိုတာမရှိဘဲ ... အမြဲလျှောက်နေချင်တယ်"

သူက ငြိမ်ပြီးနားထောင်လာပြီးမှ

"တစ်ယောက်တည်းလား နှင်းရယ်" ဟုမေးသည်ကို ပြန်၍မှတ်မိ ရပါသည်။

မနှင်းမေက တမင်ကိုဆိုးပြီး

"အို ... တစ်ယောက်တည်းပေါ့" ဟု ပြောခဲ့သည်။

ပါးနပ်လှသည့် နှင်းရဲ့ကိုကတော့ စိတ်ဆိုးချင်ယောင်ဆောင်ပြီး နှင်းကိုခေါ်သွားကာ နှင်းရဲ့ အိပ်မက်လမ်းလျှောက်ခန်းမှာ နှင်းတစ်ယောက်တည်း မဟုတ်တဲ့အကြောင်း၊ ပြီး ... ဖုန်ထူတဲ့လမ်းကလေးဟာ တစ်နေရာမှာ ဆုံးသွားကြောင်းကို ကောင်းကောင်းပြခဲ့လေသည်။

[ ၃ ]

မနှင်းမေတို့ ချစ်သူနှစ်ယောက်သည် လမ်းလျှောက်လာရင်းနှင့် ခရီးတော်တော် ပေါက်ပြီး လာလေသည်။ မနှင်းမေသည် လေတော်တော် အေးလာပြီကို သတိထားမိပြီး

"ပြန်စို့ . . . ကိုရေ၊ မိုးချုပ်တော့မယ်" ဟု ပြောလိုက်သည်။ စင်စစ်တော့လည်း မနှင်းမေသည် တမင်ပြောလိုက်ခြင်းသာ ဖြစ်လေသည်။ မိမိကိုယ်တိုင်က ဘယ်လောက်ပင် သည်နေရာက လှည့်ပြန်ချင်ချင် ပြန်၍မရနိုင်သည်ကို သိလေသည်။

မျှော်လင့်သည့်အတိုင်းပင် သူက

"နေဦးလေ နှင်းဆီခြံထဲဝင်ဦးစို့၊ နွားနို့သောက်ရအောင်" ဟု ဆိုသည်။ နှင်းဆီခြံမှာ မနှင်းမေတို့ရပ်ကွက်သို့ပင် လာပြီးကျော်ကြားသည့် နှင်းဆီခြံပင်။ ပြီးတော့ မကြာခဏပင်ရောက်ခဲ့ဖူးပေပြီ။ မနှင်းမေ၏ ချစ်စဖွယ်လမ်းကလေးသည် နှင်းဆီခြံမှာပင် ဆုံးခဲ့လေသည်။ မနှင်းမေသည် ရင်ထဲမှာဆို့ပြီး လာလေ၏။

"ရက်စက်လိုက်တာကွယ်" ဟု စိတ်တွင်းက ညည်းညူမိ၏။ ပထမဆုံးရောက်ဖူးသည့်အကြိမ်ကိုလည်း သတိရလာကာ အားလုံးကို မှုန်မှိုင်းစွာ ပြန်လည်မြင်ယောင်ပြီး လာသည်။

မနှင်းမေသည် အစကတည်းက သိပ်ပြီးတုန်လှုပ်လှသည်တော့

မဟုတ်။ မိမိမှာ တခြားမိန်းကလေးများနှင့်မတူသည့် ပွင့်လင်းလွတ်လပ်သော အယူအဆများရှိသည်ဟု ယုံကြည်၏။ ဘယ်သူ့ကိုဖြစ်ဖြစ်၊ ချစ်ချင်လျှင် ဘာအကျိုးမှမမျှော်လင့်ဘဲ ချစ်မည်ဖြစ်၏။ အချစ်နှင့်ပတ်သက်လာလျှင် ကိုယ့်ကိုယ်ကိုယ်ရှိသေဖို့၊ တန်ဖိုးထားဖို့ကို ကိုယ်ကျိုးငဲ့ခြင်း တစ်မျိုးဟု သဘောထား၏။ လူတွေက သတ်မှတ်ထားသည့် လက်ထပ်ခြင်း၊ စည်းစောင့်ခြင်းတို့ကို သံသယအဖြစ်ကြီးဖြစ်ပြီး စွန့်ပယ်ချင်နေ၏။ တိုတိုဆိုရလျှင် မနှင်းမေသည် သဘောတွေ့သည့်လူတစ်ယောက်ကို အကြွင်းမဲ့ချစ်ပြီး သံသယမရှိ၊ တွေ့ဆုံလိုက်လျောဖို့ရာ အင်မတန် မှ ရဲဝံ့လျက်ရှိပေသည်။

မနှင်းမေသည် သူနှင့်ချစ်စကတည်းကပင် ဒါတွေကို ပြောပြနေမိသည်။

"နှင်းက ဒီအိပ်ချ်လောရင့်ရဲ့တရားကို အကြွင်းမဲ့ထောက်ခံတာမဟုတ်ဘူး၊ သူ့တရားက တိရစ္ဆာန်နည်းနည်းဆန်တယ်ထင်တယ်၊ နှင်းက အချစ်စိတ်ဆိုတာကိုယုံတာပဲ၊ အချစ်ဆိုတာ ကိုယ်ခန္ဓာချင်းတွေ့ဆုံနှီးနှောတာတင်မှ မဟုတ်ဘဲရယ်၊ စိတ်ရဲ့ နက်နဲဆန်းကြယ်တဲ့ ဖွဲ့မက်မှုက အရေးကြီးစွာပါသေးတာပဲ" ဟု အဆုံးသတ်လိုက်လျှင်မူ သူက ပြုံးလျက်ရှိခဲ့လေသည်။

သည်နောက်တော့ မိမိစိတ်က ခြောက်လေသလားမသိ။ သူ၏ခေါင်းတွင်းကို ထူးဆန်းသည့်အကြံအစည်များ ဝင်၍နေသည်ဟုချည်းထင်နေမိလေသည်။ ငါ့ရဲ့ လွတ်လပ်တဲ့အတွေးအခေါ်တွေအပေါ်များသူ အခွင့်ကောင်းယူလေမလား။

ယခုအခိုက်အတန့် မနှင်းမေ၏သံသယများသည် ခိုင်မာပြီးလာလေသည်။ မှန်ချင်လည်းမှန်မည်။ မှားချင်လည်းမှားမည်။ သို့သော်...သူတို့နှစ်ယောက်သည် နှင်းဆီခြံတွင်း ကုက္ကိုရိပ်ညိုအောက်က ရေနံ

သုတ်သည့် လူသူကင်းကွာသော ပျဉ်ထောင်အိမ်ကလေးထဲမှာ ရောက်လျက်ရှိလေပြီ။

မနှင်းမေသည် မျက်ရည်လည်လာသည်ကို ထိန်းလျက်ရှိလေ၏။ 'သူ့ကို ဘာကြောင့်များ ဒီလောက်ချစ်ရပါလိမ့်၊ ချစ်ရပါလိမ့်၊ မိုက်မဲလှတဲ့ အချစ်ရယ်' ဟု ရေရွတ်နေမိသည်။

မနှင်းမေ၏ချစ်သူက နှင်းဆီခြံ၏ ခင်းကျင်းပြသမထားသော ဆိုင်က ရောင်းသည့် လိမ္မော်ရည်နှင့် အရက်စပ်ထားသည် ဖန်ခွက်များကို လာချသည့်အခါမှာ 'ချစ်သူကို အရက်နဲ့မြည်းမယ်ဆိုတာမျိုးပေါ့' ဟု နာကြည်းစွာ တွေးလျက်ရှိလေသည်။

မနှင်းမေသည် မိဘများမျက်နှာကို ပြန်မြင်လာသည်။ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုး၊ ပြီးတော့ မသိကျွမ်းတာတွေရော ခင်မင်ရင်းနှီးတာတွေရော အကုန်ပါသည်။ လူသူများ ထူးဆန်းသည်။ အရင်တုန်းကဆိုလျှင် ဒါတွေကို ဘယ်တော့မှထည့်မတွက်ခဲ့။

သူ့ကိုမုန်းကြည့်၍မရ၊ ဒေါသဖြစ်ကြည့်၍ တာရှည်မခံ၊ ဒေါသသည် သူ့ဆီကနေ၍ ကိုယ့်ဘက်ကိုသာ ပြန်လှည့်လာသည်။ နောက်ဆုံး၌ မနှင်းမေသည် စိတ်ကို အေးအေးထားလိုက်လေသည်။ အံ့ဩစဖွယ်ပင်၊ ပျော်လာသလိုလိုဖြစ်ပြန်သည်။ ချစ်သူ၏ အထိအတွေ့ကိုလည်း တောင့်တလာ၏။ ရိုက်နှက်ကန်ကျောက်ပစ်လိုက်ချင်ပြန်၏။

ယခုအချိန်၌ မနှင်းမေသည် မနှင်းမေဆိုတာထက်ပို၍ ဘာမှမဖြစ်တော့ပေ။ မနှင်းမေသည် အရွယ်ရောက်၍ ကိုယ်ခန္ဓာအစိတ်အပိုင်းပြည့်စုံသည့်မိန်းမတစ်ယောက်သာ ဖြစ်လေသည်။ တတ်နိုင်သမျှ နားလည်သမျှနှင့် ချစ်ခင်စွဲမက်တတ်သည့် စိတ်ရှိသည့် မိန်းမတစ်ယောက်ဖြစ်လေ၏။

ပြတင်းပြင်မှာမှောင်၏။ အားလုံးတိတ်ဆိတ်၏။ တံခါးကိုလည်း

ပိတ်ခဲ့ပြီ။ နှင်းရဲ့ ကို၏ လက်တစ်ဖက်သည် မနှင်းမေ၏ လည်ပင်းကို ဖက်ထားသည်မှာ ပို၍ တင်းကျပ်လာသော်လည်း ကျန်လက်တစ်ဖက်ကမူ မနှင်းမေ၏ ကျောပြင်မှ အောက်သို့ တရွေ့ရွေ့ဆင်း၍ သွားပေပြီ။

**တာရာမဂ္ဂဇင်း၊ အတွဲ(၄)၊ အမှတ်(၂၄)၊ ဇန်နဝါရီ၊ ၁၉၅၀**

❑

## အိမ်ထောင်ရေး

■ ထင်လင်း

ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောပြတဲ့ပုံပါ။ ယောကျ်ားများ မိန်းမတွေကို အထင်မကြီးကြပေမဲ့ တကယ်တမ်းကျတော့ မိန်းမလောက် ဉာဏ်မရှိကြဘူးဆိုတဲ့ သဘာဝကိုများ ရည်ညွှန်းလေသလား မသိပါဘူး။

ယောကျ်ားက ပျိုးနုတ်ပြီး သူနုတ်လို့ပြီးတဲ့ ပျိုးထုံးတွေကို ရေတွက်တဲ့အခါမှာ သူက ကျောင်းမှာ ဂဏန်းသင်္ချာသင်ဖူးတဲ့ လူဆိုတော့ "လယ်ထဲမှာက ၂၅၊ ကန်သင်းပေါ်က ၂၅၊ အပေါ်က ၂၅၊ အောက်က ၂၅၊ ၅ နှင့် ၅ ပေါင်း ၁၀၊ ၁ တင်း ၂၅၊ ၂၅–၂၅ ဆိုတော့ ၁ ရယ်၊ အပေါ်က ၂ ရယ်၊ အောက်က ၂ ရယ်" လို့ လက်ကလည်းချိုး စဉ်းစား စဉ်းစားပြီး ပါးစပ်ကလည်းဆိုနေတော့ အနားက နားထောင်နေတဲ့ မိန်းမက စိတ်မရှည်ဘူးနှင့် တူပါတယ်။ "တော်ဟာ ဘာတွေများ ဒါလောက် တွက်နေရတာလဲ၊ တကတဲမှပဲ၊ လယ်ထဲက အစိတ်၊ ကန်သင်းပေါ်က အစိတ်၊ နှစ်ခုပေါင်း ၅၀ ပေါ့တော်ရဲ့" လို့ ဝင်ပြောလိုက်တော့ မိန်းမက သူ့အရင်အဖြေရသွားတယ်ဆိုတာ လက်မခံချင်လို့ စိတ်တိုတိုနဲ့ "နေစမ်းပါ၊ နင်တို့မိန်းမတွက်က" လို့ ဟန့်တားပြီး သူ့ဘာသူ ၂၅ နဲ့ ၂၅ ကို စိတ်တွက်နဲ့တွက်ပြီး ဆက်ပေါင်းနေသတဲ့။

အဲ–အဲဒါ ယောကျ်ားသဘာဝနဲ့ မိန်းမသဘာဝလို့ ဆိုရမလား။ ကျွန်တော့်မိတ်ဆွေ သတင်းစာတိုက်တစ်တိုက်က ကိုဘစိန်ပြောပြတဲ့ ဖြစ်ရပ်ကလေးတစ်ခုကို နားထောင်ပြီး ကျွန်တော် အဲဒီပုံကို ပြေးပြီး သတိရမိတယ်။ အဲ–အဲဒီ ကိုဘစိန်ဆိုတဲ့လူက ဒီရန်ကုန်မှာနေတော့ တစ်ကိုယ်တည်းသမားပဲ။ သို့သော်လည်း သူဟာ လူပျိုတော့မဟုတ်ဘူး။ တောမှာ သားကြီးမယားကြီးရှိတယ်လို့ ဆိုပါတယ်။ သူဟာ လူရှုပ်လူပွေတော့ မဟုတ်ရှာပါဘူး။ ဒါပေမဲ့ သူ့ကိစ္စ သူ ပြောပြတဲ့အတိုင်းပဲ ဖောက်သည်ချရတော့မှာပဲ။

"ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် တော်တော် စိတ်ညစ်ရတယ် ဆရာ။ တွေးကြည့်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် ပိတ်ကန်ပစ်ချင်တယ်။ 'ဘယ်သူမပြု မိမိမှု' ဆိုပေမဲ့ ဒါကို စိတ်က ဖြေလို့မရဘူး။ ကျွန်တော့် ကိုယ် ကျွန်တော် ဒေါသဖြစ်နေရတာက ကိုယ်မှ မယူနိုင်လို့ ထားပစ်ခဲ့ ရတဲ့ မိန်းမအတွက် ကျွန်တော် ညအိပ်မပျော်အောင် စိတ်ထဲက ယား ကျိကျိ ဖြစ်နေရလို့ပါ ဆရာ။ တကယ်က ကျွန်တော် ဒီမိန်းမကို မကြိုက် ပါဘူး။ ကျွန်တော်နဲ့အတူတူနေတဲ့ ကိုညီမောင်ဆိုတဲ့ လူပျိုကြီးကတော့ အရမ်းကြိုက်တယ်။ 'ဒီမိန်းမကိုရရင် ယူမယ်' ဆိုတဲ့စကား တစ်နေ့ကို လေးငါးခြောက်ခါထက်မနည်း ပြောတယ်။ ဒါပေမဲ့ ဒါက အလကား စကားပါ။ ဒီလူက အင်မတန် ဇီဇာကြောင်တဲ့လူ။ ပုဆိုးတစ်ထည် ဝယ် တာကအစ အကွက်အဆင် အရောင်အသွေး ရွေးလို့ ဟန်မရနိုင်ဘူး။ ကောင်းပြီကောင်းရဲ့ ကြိုက်ပြီဆိုပြီး ဝယ်လာပြီးမှ တစ်ခါ မကြိုက်ပြန်ဘူး ဆိုပြီး ပြန်ရောင်းလားရောင်းရဲ့။ ဒီ 'မဒေါင်း' ဆိုတဲ့ မိန်းမက ကိုယ် ကာယအချိုးအစားလေးက မဆိုးလှပါဘူး။ ကြည့်ပျော် ရှုပျော် ရှိတယ် ဆိုရပေမဲ့ အသားက ခပ်မည်းမည်း၊ နှုတ်ခမ်းက ထူထူ၊ မျက်လုံးက ခပ်တောက်တောက်၊ ကစားလည်း အလွန်ကစား။ အဲ–အဲ ကျွန်တော်က

တော့ သူ့ကို အဲသလို မြင်တယ်။

ကိုညိုမောင်ကြီးကတော့ ကျွန်တော်က အဲသလိုပြောရင် "မင်း မကြည့်တတ်လို့ပါ၊ လှတယ်ကွ" လို့ သူက ဆိုပါတယ်။ သူ့အဖို့တော့ မဒေါင်းဟာ တကယ့် ရွှေမင်းသမီးကလေး။ ကျွန်တော့်အဖို့မှာတော့ ရွှေမင်းသမီးတော့ ရွှေမင်းသမီးပဲ။ ဒါပေမဲ့ ရွှေမချရသေးခင် သစ်စေး သုတ်ထားတဲ့ ရွှေမင်းသမီး အမည်းစားကလေး။ အဲ-ပြောချင်ရင်ပေါ့လေ၊ ပြောစရာဆိုလို့ သူ့မှာ တစ်ခုရှိတာ သူ့ကိုယ်လုံးကိုယ်ပေါက်ကတော့ လှတယ်လို့ပြောချင်ရင် ပြောနိုင်ပါတယ်။ ညိုညိုစိုစို ရှိပါရဲ့။ ကိုညိုမောင် ကတော့ 'အသားတော် ညိုပြာညက်' ဆိုပြီး သူ ကြားဖူးနားဝရှိတဲ့ ဣတ္ထိ သျှုတ္တရ ကျမ်းကိုးတွေကိုပါ ရွတ်ပြပါသေးတယ်။

အဲ-ကိုညိုမောင်က မဒေါင်းကို ကြိုက်ပေမဲ့ မဒေါင်းကတော့ သူ့ကို ကြိုက်ပုံမရပါဘူး။ ဘယ်တုန်းက သိခဲ့တယ်တော့ မပြောတတ် ဘူး။ အသိမို့ လမ်းတွေ့ရင် ပြုံးပြနှုတ်ဆက်ပေမဲ့ နည်းနည်းမျှ စိတ်ဝင်စား ပုံ မရပါဘူး။ ကျွန်တော်နဲ့ကလည်း သိကျွမ်းခင်မင်နေတော့ တစ်ခါ တလေ ကျွန်တော်က ကိုညိုမောင်ကြီးအကြောင်း နည်းနည်းပါးပါး ဆွယ်ကြည့်တော့ "တော်စမ်းပါ" ဆိုပြီး စကားကို ဖျောက်ဖျက်ပစ်လိုက် တယ်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ ဒီမိန်းမကို မကြိုက်ပါဘူး ဆိုက တည်းက သူ့ကို တစ်ခွန်းစ၊ နှစ်ခွန်းစ မထိတထိ သွားပြောမိတယ်။ ဒါကြောင့် ကျွန်တော် ပြောတာ။ "ကျွန်တော့်ကိုယ်ကျွန်တော် ပိတ်ကန် ချင်တယ်" ဆိုတာ အဲဒါပေါ့။ ကျွန်တော်က အဲသလို မထိတထိ သွားလုပ် ထားတော့ နေ့လယ်နေ့ခင်း ကျွန်တော်အားလို့ သူ့ဆိုင်သွားလည်ရင် သူက လက်ဖက်ရည်တိုက်တယ်။ စီးကရက် တည်တယ်။ ကျွန်တော်က "ဘာရယ် မဟုတ်ပါဘူး ဆရာရယ်၊ လက်ဖက်ရည်တစ်ခွက်၊ စီးကရက်

တစ်လိပ်ဖိုး သက်သာတယ်ဆိုလည်း ခုနေခါမှာတော့ မနည်းဘူးလေ" ဆိုပြီး သူ့ဆိုင် ဝင်ဝင်ထိုင်မိတာပါ။ ကြာတော့လည်း ကျွန်တော် သူ့ကို ဘယ်လိုပဲ မကြိုက်ပါဘူးပြောပြော၊ နီးစပ်မှုက ရှိနေတော့တာပေါ့ ဆရာရယ်။

အဲဒီတော့ ဖြစ်ရပုံက ဆရာကိုညိုမောင်က သူ့ကို ကြိုက်တယ်။ သူက ကျွန်တော့်ကို ကြိုက်တယ်။ ဒီလို ဖြစ်နေတယ်။ ယောက်ျားဆိုတဲ့ အကောင်မျိုးကလည်း ကောင်းတာမဟုတ်ဘူး။ မိန်းမတစ်ယောက်က အဲသလို မျက်နှာသာပေးလာပြီဆိုရင် သပိတ်ဝင် အိတ်ဝင်ပဲ၊ အခါအခွင့်ကို ရှာတော့တာပဲ။ ရှောင်ဖို့ဆိုတာ သတိမရပါဘူး။ စိတ်မကူးပါဘူး။

အဲ–အမှုကလွန်ပြီး ပြန်နုတ်လို့ မရတော့ဘူးဆိုတော့မှ ကိုယ့်ကိုယ်ကိုယ် ပိတ်ပိတ်ကန်ချင်တယ်လို့ ဖြစ်လာတာပဲ။ ကျွန်တော် ဒီရပ်ကွက်ထဲက ထွက်ပြေးဖို့ပဲ။ ဒါပေမဲ့ တော်တော်နဲ့ ပြေးလို့မရဘူး။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဒီမဒေါင်းကို သာယာမိပြီဆိုမှတော့ ဘယ်လို ခွာထွက်ပြေးရမယ်ဆိုတာတောင် မသိတော့ဘူး ဆရာ။ ဘာလိုလိုနဲ့ ကျွန်တော် သူ့ကို အတော် စွဲသွားတာ။ ဟိုဒင်းဆရာရယ် 'အသိခေါက်လျက် အဝင်နက်' ဆိုတာလိုပေါ့။ ဒါ အတော်ခက်တဲ့ကိစ္စ။ ကျွန်တော့်စိတ်ထဲမှာ မကြံအပ်မစည်ရာ၊ နေ့တိုင်း မဒေါင်းအကြောင်း မပါရင် စကားမဖြစ်တဲ့ ကိုညိုမောင်ကြီးလက်ထဲ ထိုးထည့်ထားပြီး လစ်သွားရကောင်းမလားတောင် စဉ်းစားမိသေးတယ်။

ကိုညိုမောင် ဆိုတဲ့လူက တစ်မျိုး။ သူက မဒေါင်းကို ကြိုက်တယ် သာပြောတာ၊ ရအောင်တော့ ဘယ်လိုမှ မကြိုးစားဘူး။ မဒေါင်းက ကျွန်တော်တို့နေတဲ့ အိမ်ရှေ့က ဖြတ်ဖြတ်ပြီး ဈေးကိုသွားလေ့ရှိတော့ မဒေါင်းလာချိန်ဆိုရင် ကိုညိုမောင်ဟာ အိမ်ရှေ့မှာချည်းပဲ။ မဒေါင်းမို့ အိမ်ရှေ့က ဖြတ်သွားပြီဆိုရင် မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး မဒေါင်း

ဈေးရုံဘက်ကိုချိုးပြီး သူ့မြင်ကွင်းက ပျောက်သွားမှ တစ်ခါတလေ တောက်ခေါက်ရင်း အိမ်ထဲ ပြန်ဝင်လာတတ်ပါတယ်။ ဒါပါပဲ။

ကျွန်တော်က သတင်းစာတိုက်အလုပ်သမား။ ညဂျူတီကျလို့ ရှိရင် မနက်လင်းမှ အိမ်ပြန်ရောက်လေ့ရှိတယ်။ အဲဒီလိုအခါမှာ ကိုညိုမောင်နဲ့ နံနက် လက်ဖက်ရည်အတူသောက်ရလေ့ရှိတယ်။ နေ့လယ်ကျ ကျွန်တော်က ၂ နာရီ၊ ၃ နာရီအထိအိပ်၊ ကိုညိုမောင်က မြို့ထဲက သူ့ရုံးသူ ရုံးချိန်အတိုင်းသွား၊ တစ်ခါတလေ သူ ရုံးကအပြန် ကျွန်တော် အလုပ် မသွားခင် အတူတူ တစ်ခုခုစားကြသောက်ကြရတယ်။ စကားရယ်လို့ များများမပြောဖြစ်ကြပါဘူး။ တစ်ခါတလေ စပ်မိလို့ အားရပါးရ ပြောကြ ရတဲ့စကားကတော့ မဒေါင်းအကြောင်း၊ ယောကျ်ား နှစ်ယောက်တည်းရှိ တဲ့အခါ ပြောတတ်ကြတဲ့ စကားမျိုး ပြောမိကြပါတယ်။ မဒေါင်းများ ကြားရင်တော့ နှစ်ယောက်စလုံးကို 'သေခြင်းဆိုး' တွေလို့ ဩဘာပေးမယ် ထင်ပါတယ်။ ဖိနပ်နဲ့ လိုက်မခုတ်ရင် ကံကောင်း။

အဲသလိုပဲ ပြောရင်းပြောရင်းနဲ့ ကျွန်တော်ဟာ မဒေါင်းကို အတော် ကလေး စိတ်ဝင်စားလာသလိုပဲ။ ကျွန်တော်တစ်ယောက်တည်း သဘော နဲ့ကတော့ ဟုတ်ပါတယ် ဆရာ။ မဒေါင်းလို မိန်းမမျိုးကို စိတ်မကူးမိတာ အမှန်ပါ။ ဒါပေမဲ့ တခြားယောကျ်ားတစ်ယောက်က မဒေါင်းရိုးမွမ်းခန်း တွေ ဖွင့်တာကို ငြင်းရင်းခုံရင်းနဲ့ သူပြောတာတွေ ဟုတ်သလိုလို ထင် လာရောခင်ဗျ။ တကယ်ဗျာ– ကျွန်တော် ပြောလို့ ပြောတာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ပိတ်ကန်ပစ်ချင်တယ်ဆိုတာ တကယ်။ တစ်နေ့ ကျွန် တော် သိပ်နေမကောင်းလို့ အိမ်မှာ အိပ်နေတုန်း မဒေါင်းက မေးမြန်းပြီး သူတစ်ယောက်တည်း ကျွန်တော့်အိမ်ကို လာတယ်။ စိတ်ပူလို့ပေါ့လေ။ အဲဒီအချိန်က အိမ်မှာက ဘယ်သူမှ မရှိတဲ့အချိန်။ တကယ်ဆရာရယ် တကယ်။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ နည်းနည်းမျှမှ ကောင်းတဲ့

အကောင် မဟုတ်ဘူး။ ဆရာ စဉ်းစားကြည့်လေ။ အဲဒါ အဲဒါဗျာ။ အားလုံး ဒုက္ခဖြစ်ကုန်ကြတာပေါ့ ဆရာရယ်။

နောက် ဒီကိစ္စ ဖုံးမရဖိမရ ဖြစ်လာတော့ အရပ်ထဲမှာက ဟိုနား တိုးတိုးတိုးတိုး၊ ဒီနား ကွက်ကြည့်ကွက်ကြည့်ဟာ အနေရအထိုင်ရ ခက်လိုက်တာ ဆရာရယ်။ ကျွန်တော် တစ်ခါတလေ အိမ်တောင်မပြန် ချင်ဘူး။ ဒါပေမဲ့ ခက်တာက ဘာတွေဖြစ်နေကြလဲဆိုတာ သိချင်သေး တော့ လူရှင်းမယ့်အချိန်ဘက်တို့ ဘာတို့ မှောင်ရိပ်ခိုပြီး ပြန်လာ။ နေ့လယ်ဆို ဘယ်မှုမထွက်။ တစ်နေ့လုံး အိပ်။ ကိုညိုမောင်နဲ့လည်း အစတော့ ကျွန်တော် ဘာမှမပြောဖြစ်ပါဘူး။ နောက်တော့ တိုင်ပင်စရာ ဆိုလို့ သူပဲရှိတော့ ကျွန်တော် သူ့ကို အားလုံးပြောပြလိုက်ပါတယ်။

ကိုညိုမောင်ကတော့ ဆရာရေ့။ တကယ့်လူပဲဗျ။ ကျွန်တော်က သူ့ကို တိုးတိုးတိတ်တိတ်အခြေအနေကို ပြောပြတော့ သူ့မှာ ဘာမှု မထူးဆန်းသလိုပဲဗျ။ သူက မေးတယ်။ “မင့်ရွာကမိန်းမနဲ့ ဘယ်လိုလုပ် မလဲ”တဲ့။ ကျွန်တော်ကလည်း “မပြောတတ်ပါဘူးဗျာ၊ ကျွန်တော် စိတ်ရှုပ်တယ်” လို့ပြောတော့ ကိုညိုမောင်က “ဘာရှုပ်စရာရှိလဲကွ၊ ဟိုမှာတစ်ယောက်၊ ဒီမှာတစ်ယောက်ပေါ့”လို့ ပြောပြီး နောက်နေသေး တယ်။

နောက် အရပ်ထဲမှာ သတင်းတစ်ခုထွက်နေတာက “မဒေါင်းနဲ့ ဖြစ်နေတာ ကိုညိုမောင်ကြီးတဲ့”ဗျ။ အဲ–ကျော်တော့လှေသူကြီး ဆိုတာလို ပါပဲ။ ကျွန်တော့်ကိုတော့ အရပ်ထဲကလူတွေက သိပ်မသိကြဘူး ဆရာ။ မဒေါင်း ဒီအိမ်ကို ဝင်တာထွက်တာ မြင်ကြတဲ့လူတွေကတော့ ဒီအိမ် မှာနေတဲ့ ကိုညိုမောင်ပေါ့။ အဲဒီလို သတင်းထွက်လာတာကို ကိုညိုမောင် ကြီးဟာ “မဟုတ်မှန်းလည်းသိသားနဲ့ သူကြည့်ရတာ စပ်ဖြဲဖြဲနဲ့ အထင်ခံ ရ နည်းသလား” အောက်မေ့နေဟန် တူပါတယ်။

ကျွန်တော် အဲဒီရပ်ကွက်ထဲက လစ်ပြေးပြီး သိပ်မကြာခင် တစ်ည ကိုညိုမောင်ကြီး ကျွန်တော့်သတင်းစာတိုက်ကို လိုက်လာပြီး သူ့ဘာသူ ကြုံလို့ဝင်လာသလိုလို ဘာလိုလိုနဲ့ ကျွန်တော့်ကို လက်ဖက်ရည်ဆိုင် ခေါ်သွားပြီး တောပြောတောင်ပြော ပြောရင်းက "ငါတော့ မင့်ကလေးကို ရှင်ပြုပေးရဦးမယ်ထင်တယ်ကွ" လို့ ရယ်လားဟားလားနဲ့ ပြောသွား သေးတယ်။ ကျွန်တော် စိတ်မကောင်းဖြစ်ရပုံတော့ ဆရာရယ်၊ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး။ ကိုညိုမောင်ကြီးကို တစ်ဖက်က သိပ်သနားသွားသလို၊ တစ်ဖက်ကလည်း လက်သီးနဲ့ ဆွဲထိုးပစ်ချင်စိတ် ဖြစ်ရတယ် ဆရာရယ်။ တကယ်ပါ။ သနားသွားတာကတော့ သူ့ခမျာ မိန်းမတစ်ယောက်ကို ရအောင် မပိုးတတ်ရှာလို့ သူများလှည်းကျိုးကြီး ဝင်ထမ်းရရှာတယ်ပေါ့။ လက်သီးနဲ့ ဆွဲထိုးပစ်ချင်တာကတော့ မဒေါင်း ဟာ တကယ်တော့ ကျွန်တော့်မဒေါင်း မဟုတ်လားဆရာ။ ကိုယ်သာ မယူနိုင်တာ၊ သူများယူသွားမှာတော့ စိတ်ထဲက အခံပြင်းသား။ တကယ် ဆရာရယ်။ ဒီ ကိုညိုမောင်ဆိုတဲ့လူက တကယ်သနားစရာကောင်းတဲ့ အချောင်သမား။ သူများအကျသောဘာသော ကြည့်မနေနိုင်ဘူး။ ချဉ်ချဉ် တူးတူး မူးပြီးရောဆိုတဲ့ လူမျိုး။ ဒါပေမဲ့ ဆရာ၊ ကျွန်တော် ဘာမှမတတ် နိုင်ဘူး။ ကိုယ်ကလည်း ဒီနေရာမှာ လူစွမ်းကောင်း လုပ်မပြနိုင်တော့ ရင်ထဲက ပူလောင်လျက်ပဲ ဒီအတိုင်း နေခဲ့ရတယ်၊ ကိုယ့်ဘာကိုယ်လည်း ငါ့နှယ်၊ ဒီလိုမိန်းမတစ်ယောက်အတွက်နှင့် သက်သက် ဒုက္ခရောက် ရတယ်၊ အဲဒါ ငါမလိမ္မာလို့၊ ငါမိုက်လို့ ဆိုပြီး ကိုယ့်ဘာကိုယ် အပြစ်တင် နေရတော့ ကျွန်တော် ပိုပြီး စိတ်ဆင်းရဲရတာပေါ့၊ ကိုညိုမောင်လို ကျောင်းမှာကတည်းက ညီအစ်ကိုလိုနေလာခဲ့တဲ့လူနဲ့တောင် ဘာမဟုတ် တဲ့ မိန်းမတစ်ယောက်အတွက် စိတ်ဝမ်းကွဲကြရတော့မလို ဖြစ်ရတာတော့ မကောင်းဘူးဆိုတာလည်း ကျွန်တော် သိပါရဲ့။ နောက်တော့ ကျွန်တော်

လည်း "အေးလေ၊ သူလည်း သိလျက်နဲ့ သူ့ဟာသူ ကျေနပ်လို့ ယူလည်း ယူပေါ့။ သူ တကယ်လို့ မဒေါင်းကို ယူလိုက်ရင်တောင် နောက် သူတို့ အိမ်ကို ကျွန်တော် ဘယ်လိုလုပ်ပြီး သွားတော့မလဲ။ မဒေါင်းကလည်း အစတော့ ဒီလိုလူမျိုး မကြိုက်နိုင်ပါဘူး ဘာဘူးနဲ့ စပြောတာတောင် လက်မခံတဲ့ မိန်းမ။ အခုတော့ အေးလေ သူ့လှည်းက ကျိုးနေတော့ ထမ်းမယ့်သူ ရှာရတော့မှာပေါ့။ ယူကြကွာ ယူကြ" ဆိုတာတွေနဲ့ ဒေါသ ဖြစ်လိုက်၊ ဝမ်းနည်းလိုက်နဲ့ အချိန်ကာလ အတော်ကြာသွားပြန်တော့ ကျွန်တော် ဒီကိစ္စ မေ့မေ့ပျောက်ပျောက်ထားလိုက်လို့ ရသွားပါတယ်။ ကိုညိုမောင်နဲ့လည်း မတွေ့တော့သလောက်ပါပဲ။

တစ်နေ့ နှစ်လ သုံးလကြာသွားတဲ့ တစ်နေ့ပေါ့ ဆရာရယ်။ ကိုညိုမောင်တစ်ယောက် ကျွန်တော်ရှိရာကို စုံစမ်းပြီး လိုက်လာတယ်။ ကျွန်တော့်အထင်ကတော့ သူနဲ့မဒေါင်း ယူပြီးကြပြီလို့ လာပြောတာလား၊ ဒါမှမဟုတ် ယူလိုက်ကြဖို့ သေချာပြီလို့ လာပြောတာလား။ ဒီတစ်ခါတော့ အတော်ကြာအောင်ထိုင်ပြီး တခြားကိစ္စတွေပြောနေတာနဲ့ မဒေါင်း အကြောင်း မရောက်ဖြစ်နိုင်ဘူး။ ကိုညိုမောင်ကတော့ ထုံးစံအတိုင်းပဲ ခပ်အေးအေး ခပ်ပေါ့ပေါ့ပဲဗျ။ အတော်ကလေးကြာသွားလို့ ကျွန်တော်က မနေနိုင်လို့ "ခင်ဗျာ့ ဟိုအမျိုးသမီးနဲ့ ကိစ္စကော" လို့ စကားဖြတ်ပြီး မေးလိုက်တော့ သူက "ဟား ဟား– မင့်ကလေးကို ရှင်ပြုပေးမယ့်ဒကာ ပေါ်သွားပြီကွ၊ မင်း သိတယ်မဟုတ်လား၊ တို့လမ်းထိပ်က ဟိုအဘိုးကြီး လေကွာ၊ ပင်စင်ယူပြီး မိန်းမသေသွားလို့ တစ်ယောက်တည်းနေတဲ့ အဘိုး ကြီးကာလသားလေကွာ။ သားမရှိ သမီးမရှိ တိုက်ကလေးတစ်လုံးနဲ့။ အဘွားကြီးထားခဲ့တဲ့ ရွှေတိုရွှေစ ကလေးတွေနဲ့" လို့ ပြောပါတယ်။ ကိုညိုမောင်ပြောတဲ့အဘိုးကြီးကို ကျွန်တော် သိပါတယ်။

အင်း– မဒေါင်းက အဘိုးကြီးမယား ဖြစ်သွားရှာပြီလား။ အစက

တည်းက ဒီအဘိုးကြီးက မဒေါင်းကို ချိတ်တိတ်တိတ် ရိပ်တိတ်တိတ် လုပ်နေတာ။ သူ့ဆိုင်ကိုတောင် အဘိုးကြီးငွေနဲ့ ဝယ်ပေးထားတာ ဆိုသလိုလို။ အေးလေ–ခုမှတော့ ဘာတတ်နိုင်တော့မှာလဲ။

ဟောဒီ ကိုညိုမောင်ဆိုတဲ့လူဟာ ဘာတစ်ခုမျှ ရေးကြီးခွင့်ကျယ် မရှိဘူး။ ဒီကိစ္စ အစကတော့ သူပဲ ယူလိုက်တော့မလိုလိုနဲ့ မိုးလား ကဲလား၊ သေချာပြီလိုလိုဘာလိုလိုနဲ့ ကဲ–အခု သူပြောသလိုဆိုရင် သူ ကျန်ရစ်ဖြစ်ရပြန်ပြီ။ ဒီလူ့ကို မျှော်ပါတယ်။ ဘယ့်နှယ်ဗျာ။ သူက လူငယ်လူရွယ်။ အလုပ်နဲ့ အကိုင်နဲ့ အလားအလာနဲ့။ တကယ်ဆို မဒေါင်းကို သူ လိုချင်တာများ ဒီလို အခါကောင်း အခွင့်ကောင်း။ အဲ–အဲ၊ ဆိုပါတော့ဗျာ။ သူ့အဖို့ အခါကောင်းအခွင့်ကောင်း ရအောင် ဆွဲလိုက်တာ မဟုတ်ဘူး။ ကျွန်တော်က သူ့အတွက် ရင်ထုမနာဖြစ်ရ လွန်းလို့ သူ့ကိုပဲ အဲသလို အပြစ်တင်လိုက်မိတယ်။ သူကတော့ ခပ်အေးအေးပါပဲ။ ခပ်ပေ့ါပေ့ါပဲ။ ပြောသေးတယ်။ "အဲဒါ မင့်မဒေါင်းက ပြောသတဲ့ကွ။ 'ကိုယ်မကြိုက်တဲ့လူ ယူရမှာချင်းအတူတူဆိုရင် ရွယ်တူ လူယူပြီး တစ်သက်လုံးတော့ သည်းညည်းခံမပေါင်းနိုင်ဘူးဟော့။ မြန်မြန် သေမယ့်ပစ္စည်းနဲ့ လူကိုယူရတာက တွက်ခြေကိုက်တယ်'တဲ့ မောင်ရေ့။ မှတ်လောက်သားလောက် စကားကွ၊ မင်း မှတ်ထား၊ အဲဒါ မိန်းမ တွက်ကွ" လို့ပြောသွားတယ် ဆရာ။ သူ့မှာ တကယ်ကို ဘာအသည်းနှလုံး မျှ မရှိသလိုပဲ။ တကယ် စိတ်တိုစရာကောင်းတဲ့လူ။

*

ကိုစိန်ဘရဲ့ ဇာတ်လမ်းကတော့ ဒါလောက်ပါပဲ။ ကျွန်တော်က တော့ ကိုစိန်ဘနဲ့ ကိုညိုမောင်တို့ နှစ်ယောက်သား ဟို ပျိုးနုတ်သမား ၂၅ နဲ့ ၂၅ ပေါင်းရင် စာရင်းရှုပ်နေကြသလို သူတို့ဟာနဲ့သူတို့ စာရင်း

ရှုပ်နေကြတုန်းမှာ အဲဒီ ပျိုးနုတ်သမားရဲ့ မိန်းမလိုပဲ သူတို့ရဲ့ မဒေါင်းက တော့ အစိတ်နဲ့အစိတ်ပေါင်းတာ ၅၀ ဆိုတဲ့အဖြေကို ရသွားတယ်လို့ပဲ တွေးနေလိုက်မိပါတယ်။

မြတ်လေးမဂ္ဂဇင်း။ အမှတ်(၁၀)၊ ဖေဖော်ဝါရီ၊ ၁၉၈၇

❑

## ရင်ခုန်သော်လည်း ကြုံကြိုက်မှ

■ ထင်လင်း

၁၀ တန်းအောင်သည်သာ ဆိုရသည် ဘာအလုပ်အကိုင်မှ မည်မည်ရရ မရှိ။ အားအားရှိ ဘင်ဂျိုတဒေါင်ဒေါင်ခေါက်၊ ပျင်းပြန်တော့ လတ်လျား လတ်လျားနှင့် လမ်းထွက်လျှောက်၊ လက်ဖက်ရည်ဆိုင်ထိုင်။

ဤလိုလူမျိုးနှင့် ခင်မေ ယူမည်ဆိုတော့ ခင်မေ့ အဖေအမေနှင့် အမျိုးအဆွေတွေက သဘောမတူချင်ကြ။ အကြောင်းအမျိုးမျိုးပြ၍ ဖျက်ကြသည်။ ပြစရာအကြောင်းကလည်း အမျိုးမျိုးရှိသည်။ ခင်မေ့လို ရုပ်ရည်မျိုးနှင့်ဆိုရင် ဘတင့်လိုအကောင်ထက် ၁၀ ဆလောက်သာတာ တွေကို ရနိုင်သည်။ ကောလိပ်ကျောင်းက အိုင်အေတွေ၊ ဘီအေတွေကို ဖယ်ထားလိုက်ဦး။ အထက်တန်းစားအလုပ်နှင့် မြို့အုပ်၊ ဝန်ထောက် များလည်း ခင်မေက မျက်နှာသာပေးလျှင် ချစ်ရေးဆိုလာကြမည်မှာ သေချာသည်။ သို့သော် ခင်မေကို တရားပြ၍မရတော့။ နားချ၍ မရ တော့။ ခင်မေကတော့ ဘတင့်ထက် သာတာတွေကိုလည်း မလိုချင်။ ဘတင့်မဟုတ်လျှင် ဘယ်လိုအကောင်မျိုးကိုမှ မကြည်ဖြူချင်တော့ သောကြောင့် အဖေအမေ၊ အဆွေအမျိုးအသိုင်းအဝန်းက အပြင်းအထန် ကန့်ကွက်နေကြသည့် ကြားထဲကပင် ဘတင့်နှင့်ချိန်းကာ ခိုးရာသို့

လိုက်ပြေးခဲ့လေသည်။

အစတွင် အကြီးအကျယ်စိတ်ဆိုးကြသော ခင်မေ့ဘက်က အမျိုးတွေက တုတ်တပြက်ဓားတပြက် လိုက်ကြသည်။ မရသောအခါ "သေခန်းရှင်ခန်းပြတ်ပြီ" ဟု ဒေါသတကြီး ကြေညာသည်။ "ဒီကောင်မပြန်လာလျှင် ဓားစာဖြစ်ပြီ" ဟု ကြိမ်းဝါးသည်။

နောက်တော့လည်း ဤကိစ္စမျိုးနှင့်ပတ်သက်၍ လူ့လောကကြီးတွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ပထမ ကိုဘတင့်တို့အိမ်က လက်ခံ။ လူကြီးချင်း စကားကမ်းလှမ်း။ အစတွင် ခပ်ထန်ထန် ဘူးခံ။ နောက်တော့ လေသံ တဖြည်းဖြည်းလျှော့ကာ မိန်းကလေးရှင်မို့ မတင်းသာသည့်အခြေတွင် ခင်မေ့မိဘများကလည်း လက်ခံလိုက်ကြသည်။

အစတွင် လူကြီးများ အဆင်ပြေသွားသည် ဆိုရသည့်တိုင်အောင် ကိုဘတင့်မှာ ယောက္ခမအိမ်တက် သမက်ခမျာ မျက်နှာငယ်ရရှာသည်။ သို့သော် ကိုဘတင့် ကုသိုလ်ကံအလှည့် ပြောင်းလာသည်။ သားအကြီး မောင်မောင်စိုး မွေးလာသောအခါ အစစအရာရာ အဆင်ပြေသွားသည်။

ကိုဘတင့်၏မိဘများကလည်း အဝေးခြံ နေကြသည် မဟုတ်။ ဘေးချင်းကပ်လျက် အိမ်နီးချင်းများဖြစ်ကြ၍ အများအားဖြင့်တော့ ကိုဘတင့်က သူ့မိဘများအိမ်ဘက်မှာ အနေများသည်။ အိမ်ကျယ်သည်။ စိတ်လွတ်ကိုယ်လွတ်ရှိသည်။ ခင်မေတို့အိမ်မှာ ဈေးသည်အိမ်ဖြစ်၍ ပစ္စည်းပစ္စယရှုပ်သည်။ လူရှုပ်သည်။ ကလေးငယ် ပေါ်လာသောအခါ ဘတင့်အဖေအမေတို့က ကလေးနှင့် ကျယ်ကျယ်ဝန်းဝန်းနေရန် သူတို့အိမ်ကိုခေါ်သည်။ ခင်မေ့မိဘများက ဟိုဘက်အိမ် သည်ဘက်အိမ်ပင်ဖြစ်လင့်ကစား မြေးကိုကြည့်ချင်တာ တခြားအိမ် သွားမကြည့်လို။ သူတို့အိမ်လည်း ကျယ်ဝန်းပါသည်ဟု အဆောင်သစ်တစ်ခု သတ်သတ်တိုးချဲ့၍ ဆောက်ပေးသည်။

ကိုဘတင့်ကလည်း မယားနှင့်သားနှင့် ဖြစ်လာပြီး မိဘအရှိန် အဝါနှင့်ချည်း တစ်သက်လုံးနေသွား၍ မဖြစ်သည်ကို အသိတရားရကာ ကောလိပ်သို့ ပြန်သွားသည်။ ဤတွင် ကောလိပ်ကျောင်းသား ကိုဘတင့်၊ ကလေးအဖေ ကိုဘတင့်၊ ယောက္ခမများကပါ ရွှေသမက်၊ ငွေသမက်၊ ပတ္တမြားထွက်မည့် သားသမက်ကလေးဟု အရေးပေးလာကြသည်။

ကိုဘတင့် ဘီအက်စီ အောင်ပြီး ဘွဲ့ရလာသောအခါ သူတို့မြို့မှာပင် အထက်တန်းပြဆရာအလုပ် ရသည်။ ဤသို့လျှင် အခြေအနေကောင်းလာသော ဆရာကိုဘတင့်သည် ကောလိပ်သို့ တစ်ကျော့ပြန်ကာ ဘီအီးဒီပညာရေးဘွဲ့ ယူလိုက်ပြန်သည်။

အလုပ်နှင့်အကိုင်နှင့် တစ်အိုးတစ်အိမ် နေလို့ရပြီဆိုသောအခါ ယောက္ခမများကရော မိဘများကပါ အဝေးသို့ ခွဲထွက်သွားမည်ကို စိုးရိမ်နေကြရသည်။

'ကျောင်းဆရာ' ဟူ၍ ဖြစ်လာတော့လည်း ကိုဘတင့် ဘင်ဂျိုကလေး တဒေါင်ဒေါင်နှင့် ရှိသေးသည်။ သားနှင့်မယားနှင့် ဆိုရသော်လည်း သူ့မှာ ဘာတာဝန်မျှမရှိသလို လူပျိုတုန်းကအတိုင်း ပေါ်ကြော့နေလို့ရသေးသည်။ အလုပ်ခွင်က အပေါင်းအသင်းများ၊ တပည့်တပန်းများနှင့် ကျောင်းတွင် ပွဲလမ်းသဘင်ရှိသောအခါ အတီးအမှုတ်၊ အကအခုန်မှအစ ပဒေသာကပွဲတို့လုပ်ကြရာ ဆရာဦးဘတင့်က ခေါင်းဆောင်ဖြစ်သည်။ ဤတွင် ဆရာဦးဘတင့် ဘင်ဂျိုသာမက ဒုံမင်း၊ စောင်း၊ ပတ္တလား စသည်တို့နှင့်ပါ ရင်းနှီးလာသည်။ သူ့အဖေအိမ်မှာ တစ်ခါတစ်ခါ အပေါင်းအသင်းနှင့် ဇာတ်တိုက်လေ့ရှိကြသည်။ အလုပ်နှင့်အကိုင်နှင့် လူရာဝင်နေပြီဖြစ်သောကြောင့် ဘယ်သူကမှ ဘာမျှမပြောကြတော့။ နှစ်ဖက်မိဘများမှာ သူတို့ပျော်လျှင်ပြီးရော သဘောထားနေ

ကြရသည်။ သူတို့မပျော်၍ သွားကြလျှင် မြေးကလေးပါ ပါသွားမည်စိုး၍ ဖြစ်သည်။

မောင်မောင်စိုး သုံးနှစ်သားလောက်ရှိတော့ နှစ်ဖက်အဘိုးအဘွားအဝေမတည့်ဖြစ်နေ၍၊ မခင်မေက သမီးခင်ခင်တင့်ကို မွေးပေးလိုက်ပြန်သည်။ ချစ်လိုက်ကြသည်မှာ ပြောစရာ မရှိ။

သူတို့က "အဘိုးအဘွား နှစ်စုံ အဝေမတည့်၍ မွေးပေးရသည်" ဟုဆိုသည်။ အဝေတည့်သွားကြတော့လည်း သူတို့က နှစ်နှစ်တစ်ယောက် မှန်မှန် ဆက်မွေးပေးနေကြပြန်သဖြင့် မိသားစု ကြီးထွားလာသည်နှင့် အမျှ၊ နှစ်ဖက်အဘိုးအဘွားတို့မှာ ယူလက်စတာဝန်နှင့်ဆက်လက်၍ ယူခဲ့ကြပြန်လေရာ ဆရာဦးဘတင့်မှာ ကာလသားကလေးပမာ အတီးအမှုတ် မပျက်သော်လည်း သက်ကြီးရွယ်အိုတို့မှာ မျှော်လင့်ရှာလာ အိမ်ဆောက်နေရသူတို့ကဲ့သို့ အေးချမ်းစွာ နေရသည်ဟူ၍ မရှိတော့။ ကလေးတွေများလွန်းလာတော့ "ဟဲ့-ဟဲ့ တော်ကြတော့၊ ကလေးတွေ ဒါလောက်များတော့ ငါတို့လည်း မနိုင်တော့ဘူး၊ ကြာရင် တို့တစ်တွေ အမှည့်ကြွေ ကြွေကုန်ကြလိမ့်မယ်" ဟု တားမြစ်ယူရသည်ဆိုသည်။

ဟုတ်တော့လည်း ဟုတ်ပါ၏။ သူတို့အိမ်ထောင်သက် ၁၄-၅ နှစ်အတွင်း အမြွှာညီအစ်မအပါအဝင် ရှစ်ယောက်၊ မခင်မေက ၄၀ ပင် မပြည့်တတ်သေး။ ချောတုန်းလှတုန်းပင်။ ဆရာကိုဘတင့်ကတော့ "မူလတန်းတစ်ကျောင်းစာပြည့်အောင် မွေးမည်" ဟု ကြုံးဝါးသည်။ သို့သော် မခင်မေက သူ့ဒုက္ခကို သူ မြင်သည်။ အဘိုးကြီး အဘွားကြီးများမှာ ကျန်းမာကြတော့သည် မဟုတ်။ အသက်အရွယ်က ကြီးလာသောအခါ အစီးအပွားမှာလည်း သိပ်အာရုံမစိုက်နိုင်၍ အခြေယိုင်စပြုလာသည်။ သားကြီးသမီးကြီးများကလည်း အိမ်ထောင်ကိုယ်စီနှင့်

အဝေးသို့ ပါကြလေသောအခါ ကလေးတွေ များလာသည်နှင့်အမျှ မခင်မေ အလုပ်ရှုပ်လာသည်။ ကူဖော်လောင်ဖက် မရှိ။ မခင်မေ့စကား အတိုင်းပြောရလျှင် "ကူဖော်တော့ မရှိဘူးဟေ့၊ မင်းတို့ဆရာ လောင်ဖက်ကြီးတစ်ယောက်ပဲ ရှိသေးတယ်" ဟူ၍ ဖြစ်၏။

ကိုဘတင့်က အတီးအမှုတ်ဝါသနာကြီးခဲ့၍ သားသမီးတွေကျတော့ အားလုံး တီးတတ်မှုတ်တတ် ဆိုတတ် က,တတ်အောင် သင်ပေးထားသည်။ မောင်မောင်စိုးက စောင်းကောက် ကောင်းကောင်း တီးတတ်သည်။ ခင်ခင်တင့်က ပတ္တလား။ သူ့အောက် ပုစုခရုတို့က လည်း အဆိုအက။ အငယ်ဆုံးသားကျတော့ ဘာဂျာကို နားထောင်ကောင်းလောက်အောင် မှုတ်တတ်သည်။ ကျောင်းမှာ ပွဲလမ်းသဘင် တစ်ခုခုရှိလျှင် ဆရာဦးဘတင့်၏ သားသမီးများက တစ်စင်ထောင်၍ ဖျော်ဖြေနိုင်လောက်သည်။

မခင်မေမှာမူ သားတွေသမီးတွေ အပြိုင်းအရိုင်း ကြီးပြင်းလာကြပြီး ကလေးထိန်းပေးသည့် မိဘများကလည်း အိုမင်းမစွမ်းအရွယ်၊ ကလေးကူထိန်းပေးဖော်ရသည့် မောင်ငယ်၊ ညီမငယ်များကလည်း အိမ်ထောင်ကိုယ်စီနှင့် အိမ်မှ ခွာကြကတည်းက အိမ်မှာ ဆရာဦးဘတင့်တို့ တီးမှုတ်နေကြသည်ကို ဝင်ပြီး စည်းမလိုက်နိုင်တော့။

ငယ်စဉ်ကတော့ တစ်ဖက်အိမ်မှ ကိုဘတင့် ဘင်ဂျိုတီးနေသံကြားလျှင် မီးဖိုထဲမှ ထမင်းချက်ရင်း၊ ဆန်ရွေးရင်း၊ ဟင်းရွက်သင်ရင်း ခပ်တိုးတိုးကလေး လိုက်ဆိုရသည်။ လူကြီးတွေကြားအောင်လည်း မဆိုရဲ။ သို့သော် ကိုဘတင့်တီးသမျှ သီချင်းကြီးရော ကာလပေါ်ပါ သူ အကုန်ရအောင်ကျက်ပြီး လိုက်ဆိုနေခဲ့ဖူးသည်။ အများအားဖြင့်တော့ ဓာတ်ပြားသီချင်းများဖြစ်ရာ သီချင်းကျက်ဖို့ သိပ်မခက်။ သီချင်းကြီးတွေကျတော့ ဦးပြုံးချို၏ မဟာဂီတ။

လူကြီးများကြားအောင် သီချင်းမဆိုရဲဘူးဟု ဆိုရစေကာမူ လူကြီးတွေက သူတို့ကို အခါခပ်သိမ်း စောင့်ကြည့်နားထောင်နေနိုင်သည် မဟုတ်။ သူတို့အလုပ်နှင့်သူတို့ မအားကြ။ ကိုဘတင့်က တစ်ဖက်အိမ်မှ ဘင်ဂျိုသံပေး၍–

"အာကာ လွှာပုံပြုလို့ မေယု ကလောင်သဖွယ်၊ ချစ်တာတွေ စာစီကုံးရင် ဆုံးနိုင်ဘူးကွယ့် ခင်ရယ်" ဟု အသံပေးလိုက်လျှင် ခင်မေက လူကြီးများအရိပ်အခြည်ကို ကြည့်ကာ နောက်ဘေးခြံထဲတွင် အဝတ်လှန်းရင်း၊ အဝတ်ရုပ်ရင်း–

"ချစ်တာတွေ ကုန်ကုန်ပြောလို့ မောနိုင်ဘူးမောင်ရယ်၊ နှလုံးသွေး အစစ်နှင့် ချစ်တာတွေကို မောင်ရယ်၊ ရှင်နှင့် နှစ်ယောက်တည်းကျမှ ပြောပြချင်ပါတယ်" ဟု အသံပြန်ပြုတတ်သည်။

ဟိုအချိန်တုန်းကတော့ 'ယဉ်ပြီဟေ့' ဟုဆိုလျှင် စိတ်ကူးက ယဉ်ချင်တိုင်း ယဉ်ပစ်လိုက်လို့ရသည်။ ယခုမူ အိပ်မက်လှလှမက်နေရာမှ နိုးလာပြီး လျှော်စရာအဝတ်တွေ၊ ဆေးစရာကြောစရာ အိုးခွက်တွေ တစ်ပုံကြီးနှင့် ပက်ပင်းတိုးသူ အိမ်ဖော်မကြီးပမာ ဒေါ်ခင်မေမှာ သူ့စိတ်က ဘယ်လိုရှိရှိ ဘာတစ်ခုမျှ စိတ်ကူးယဉ်ခွင့် မရတော့။

"ဆရာ့သားတွေ သမီးတွေကဖြင့် ဂီတဘက်မှာ တကယ်တော်ကြတယ်ဗျာ။ တီးဝိုင်းအဖွဲ့ကြီးတစ်ဖွဲ့ ထောင်ရင်တောင် တကယ့်အကျော်အမော်တီးဝိုင်း ဖြစ်မှာပဲ။ ဒါထက် ဆရာကတော်ကတော့ ဘာမျှ ဝါသနာပါပုံ မတူဘူးနော်။ ဘာမှလုပ်တာ မတွေ့ဖူးဘူး။ သီချင်းတောင် ဆိုသံ မကြားဖူးဘူး" ဟု မိတ်ဆွေများက ပြောတတ်ကြ၍ ဆရာဦးဘတင့်က "ခင်ဗျားတို့ မကြားဖူးရင်သာ ရှိရမယ်၊ သူကလည်း အဆိုအတီးမှာတော့ ပထမတန်းပေါ့ဗျာ။ ဟော–အခုဆို ကျုပ်မှာ သားသမီး ၁၀ ယောက်၊ အငယ်ဆုံးကလေးကလွဲရင် တစ်ယောက်မဟုတ် တစ်ယောက်

အဆိုရင်လည်း ခံရ၊ အတီးရင်လည်း ခံရဖူးတဲ့ ကောင်ချည်းဗျ၊ ဆိုသမျှ၊ တီးသမျှ သူ့လက်သံချည်းပါပဲ"ဟု ရယ်သွမ်း သွေးသည်။ ဦးဘတင့်က ကလေးများကို ရိုက်လျှင် မကြိုက်။

ဤတွင် ဆရာကတော်က "အမယ်– ရှင်က ကျွန်မ ဆိုရတီးရ တာသာ ပြောတာ၊ ရှင့်လိုသာ ကလေးတွေကို မဆိုရက်၊ မတီးရက် ပစ်ထားစမ်းပါလား၊ ရှင့်သားသမီးတွေ တစ်ယောက်မျှ လူဖြစ်မှာ မဟုတ်ဘူး"ဟု ပြန်လည်ချေပလေ့ရှိသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ သားသမီးအားလုံး လိမ္မာ ယဉ်ကျေးအောင်၊ တတ်ခွင့်ရှိသည့်ပညာရပ်အားလုံး တတ်အောင် မိဘက စောင့်ရှောက်ရာတွင် ကိုဘတင့်၏ကျောင်းဆရာလခ မဖြစ်စလောက်နှင့် ဤကလေးတွေ တစ်ပြုကြီးကျွေးနိုင်အောင်၊ လူချင်းတူအောင် ထားနိုင် အောင်ဆိုလျှင် ဒေါ်ခင်မေလိုအိမ်ရှင်မက မအားမလပ်ရအောင် ဖွပ်နိုင် လျှော်နိုင်၊ ချက်နိုင်ပြုတ်နိုင်မှ တော်ကာကျမည်။ ဤမျှ ဒလက်လည် အောင် လုပ်ကိုင်ပေးနေရသည့် အမေက မတ်တတ်ပြေးအထက်က ကလေးများကို တယုတယ 'သားသား မီးမီး' လုပ်မနေနိုင်။ "ဟဲ့– ဟိုကောင် လာစမ်း၊ ဟဲ့– ကောင်မ ဒါလာယူ၊ ဟိုခွေးကောင် လာစမ်း၊ ဒါ ဘာလုပ်တာလဲ"စသည်ဖြင့် ခပ်ကြမ်းကြမ်းကလေး ကိုင်ပြီး တီးစရာ ရှိလျှင်လည်း တွေ့ရာနှင့် ကောက်တီးလိုက်မှ အပိုးကျိုးသည်၊ လိမ္မာ သည်။ သားသမီးများ လိမ္မာသည်ဆိုရာ၌ အဖေအမေကို ချစ်တတ်ခြင်း လည်း ပါသည်။

တစ်ခါတစ်ခါ ဆရာကတော် ဒေါ်ခင်မေ စိတ်တိုရတတ်သည်။ "သွားကြစမ်း... သွားကြစမ်း၊ တကတဲပါမှပဲ၊ တစ်ယောက်က လာလည်း တတုံတုံ၊ တစ်ယောက်ကလာလည်း တဒေါင်ဒေါင် ဖအေကြီးကစပြီး တစ်အိမ်လုံး သဘင်သည်ချည်း ဖြစ်ကုန်ပြီ၊ သွားကြ၊ လွတ်ရာ ကျွတ်ရာ

သွားပြီး ဇာတ်ထောင်ချည်ကြ၊ တကတဲမှပဲ၊ ခေါင်းကိုက်ပါတယ်ဆိုလို့လည်း မနေရ၊ စိတ်ရှုပ်ပါတယ်ဆိုလို့လည်း အေးအေးမနေရ"ဟု အော်ဟစ်ရတတ်သည်။ ဤသို့ အော်လိုက်ဟစ်လိုက်တော့လည်း အဖေကြီးကအစ စကားမျှ ကျယ်ကျယ်မပြောကြတော့။

စောစောက အော်ဟစ်ထားသည်ကို မမီလိုက်ဘဲ နောက်မှ ရောက်လာ၍ အမှတ်မထင် တူရိယာပစ္စည်းတစ်ခုခုကို ကောက်ပြီး တီးလိုက်မှုတ်လိုက်မိသူသည် နေရာအတော်များများမှ 'ရှူးခနဲ ရှူးခနဲ' သတိပေးသံများကြားရတတ်ပြီး ခပ်အုပ်အုပ်လေသံဖြင့် "ဟိတ်–မေမေ ခေါင်းကိုက်နေတယ်"ဟု ဆိုသံပါ တစ်ဆက်တည်း ကြားရတတ်သည်။

အိမ်တွင် တူရိယာပစ္စည်းက တစ်မျိုးမက၊ နှစ်မျိုးမက ရှိနေတတ်သည်။ သားအလတ်က ကျောင်းက ဘင်ခရာတီးဝိုင်းတွင် ခေါင်းဆောင်ဖြစ်၍ တစ်ခါတစ်ခါ သူ့တီးဝိုင်းက ဘင်ကြီး အိမ်ထဲတွင် ရောက်နေတတ်သည်။ ဤဘင်ကြီးသည် တူရိယာပစ္စည်းမှန်သော်လည်း သူ့ချည်းတီး၍ မည်သို့မျှ နားဝင်မချို၊ သို့သော် အိမ်ရှိလူကုန် လမ်းကြုံသူကတစ်ချက်စ နှစ်ချက်စ ဝင်ပြီး လက်ဆော့သွားတတ်သည်။ တစ်စုံတစ်ခုကို အာရုံစိုက်လုပ်နေချိန်ဆိုလျှင် ဤဘင်ကြီးဆီမှ 'ဒိန်း'ခနဲ အသံကြီးပေါ်လာလျှင် လန့်ဖျပ်သွားတတ်သည်။ ဒေါ်ခင်မေ ကြာတော့ သည်းမခံနိုင်တော့။ သူ အင်မတန်ချစ်သော သားလတ်ကိုပင် "မင်းဟာကြီး ပြန်ရင်လည်း ယူသွား၊ လွတ်ရာမှာ ထားရင်လည်း ထားကွယ်"ဟု ပြောရသောဟူ၏။

အဆိုးဆုံးမှာ ကျောင်းတွင် ပွဲတစ်ခုလုပ်စဉ်က ဇာတ်တိုက်စဉ်က စ၍ ယူထားသော စန္ဒရားကြီးကို ပိုင်ရှင်က ပွဲပြီးတော့လည်း ပြန်မယူနိုင်။ အိမ်ပြင်ဆောက်နေသည်ဆိုပြီး "ဆရာ့အိမ်ဖြစ်ဖြစ် ခဏယူထားပါ ဆရာ" ဆိုသောကြောင့် ဦးဘတင့်အိမ်သို့ စန္ဒရားကြီး ရောက်လာစဉ်က

ဖြစ်သည်။

အိမ်ရှိ လူကုန်လိုလိုပင် တူရိယာ တစ်မျိုးမဟုတ်တစ်မျိုး တီးတတ် ခတ်တတ်၊ သီဆိုတတ်ပြီး စည်းဝါးနှင့် သံစဉ်ကို နားလည်နေကြသည် ဖြစ်ရာ ဘာသံမျှ သာယာနာပျော်ဖွယ်မထွက်သော ဘင်ကြီးကိုသော်မျှ ခြေလက် အငြိမ်မနေနိုင်သူတို့သည် စန္ဒရားလောက် အသံသာသည့် တူရိယာဆိုလျှင် ဘယ်မှာ အငြိမ်နေနိုင်ကြမည်နည်း။ စန္ဒရား ကြီးခမျာမှာ အဝိညာဏကဖြစ်၍သာ၊ လူသာဆိုလျှင် ရောက်လာသည့် ညကပင် ထွက်ပြေးချင်မိပေမည်။

ဤအိမ်တွင် စန္ဒရားကြီးကို ဝင်ပြီး တီးခေါက် မကြည့်သူမှာ ဒေါ်ခင်မေတစ်ယောက်သာ ရှိတော့သည်။ အသံစဉ်ကို နားလည်လည်း နားလည်တာက တခြား။ စန္ဒရားဆိုသည့် တူရိယာမျိုးသည် တီးတတ်သူ တီးနေလျှင် သာယာနာပျော်ဖွယ်ကောင်းသလောက်၊ မတီးတတ် တီးတတ် ဝင်ခေါက်နေပြီဆိုလျှင် "ကျောက်ဆင်းတုပင် နဖူးကြော ရှုံ့လာ တတ်သည်" ဟု အနောက်အပြောင်စကား ပြောကြရသည်။

"ကဲ-ကဲ ဓာတ်ဆရာတို့၊ စန္ဒရားဆရာတို့၊ တစ်ဆိတ် ထမင်း သုံးဆောင်ရအောင် ကြွခဲ့ကြဦးရှင့်၊ တကတဲမှပဲ၊ ဒီဟာကြီးတော့ နိုင်များ နိုင်ရင် ငါ့ခေါင်းနှင့် ရွက်ပြီးတော့ဖြစ်ဖြစ် ဉက္ကာရှင်ဆီ ပြန်ပို့လိုက်ချင်ပြီ။ ကြာကြာနေရင် ရိုက်ခွဲရင်လည်း ပစ်မိလိမ့်မယ်၊ ငါရင်လည်း တော်ရာ ထွက်ပြေးမိလိမ့်မယ်"ဟု ဆရာကြီးကတော် အော်ရသော ဟူ၏။

ဤသို့ အအော်ခံရဖန် များလတ်သော် ကလေးများစိတ်၌ "သူတို့ အမေသည် ဤမိသားစုလို ဂီတသမားများအထဲတွင် အံမဝင်ခွင်မကျ ဖြစ်ရလေခြင်း၊ အမေ လူဖြစ်ရှုံးလေခြင်း" ဟု ဝမ်းနည်းလာကြသည်။ အလတ်မ မခင်စုက သူ့အမေ မျက်နှာကဲကိုကြည့်ပြီး "အမေတို့ငယ်ငယ် က သီချင်းမဆိုဖူးဘူးလား" ဟု မေးသည်။ ဒေါ်ခင်မေ အဝေးသို့ ငေးနေ

သည်။

"ဂီတတို့၊ အနုပညာတို့ဆိုတာ သစ်ပင်က သစ်ရွက်တွေ ထွက်လာသလို ထွက်လာရတာမျိုး၊ အဲသလိုမဟုတ်ရင် လုံးဝမထွက်လာသင့်ဘူး"ဟု ဆရာကြီး ဦးဘတင့်က သူ့တပည့်များ၊ သားသမီးများကို ဟောပြောလေ့ရှိသည်။

ဆရာကတော်က သူ့ကို စောင်းပြောနေတာ မဟုတ်မှန်းတော့ သိပါသည်။ သို့သော် သူ့စိတ်ထဲက ဤအဆိုအမိန့်နှင့်ပတ်သက်၍ စောဒက တက်စရာတွေ ရှိသည်။ "ခင်မေ့ နှလုံးသားက ဂီတအသီးအပွင့်တွေ ထွက်မလာဘူးလို့ ဆိုချင်သလား" ဟု မေးလိုက်ချင်သည်။ ပြီးတော့လည်း "ခင်မေ့ နှလုံးသားက ထွက်လာတဲ့ အသီးအပွင့်တွေကို ရှင့်သားသမီးတွေ ပုတ်ခြွေကြလို့ ပြောင်တလင်းခါနေတာပါလား ဆိုတာကော ရှင်သိရဲ့လား" ဟု မေးမိသည်။

မှန်ပါသည်။ ဂီတအနုပညာ ဖန်တီးမှုဆိုသည်မှာ နှလုံးသားက အလိုလိုထွက်လာရသည် ဆိုသည်ကို ဒေါ်ခင်မေ သိသိ မသိသိ။ သူ့မှာ သီချင်းဆိုဖို့ရာ အခါအခွင့်မသင့်ခဲ့သည်မှာတော့ ကြာပြီဖြစ်ပါသည်။ မည်သည့်အခါကမျှ လုံလောက်သည်ဟူ၍ မရှိခဲ့သော ကိုဘတင့်၏ ကျောင်းဆရာလခကလေးနှင့် သားသမီး တစ်ဒါဇင်နီးပါးကို လူချင်းတူအောင် ဝတ်နိုင်စားနိုင်ဖို့၊ ဒေါ်ခင်မေ သီချင်းဆိုဖို့အချိန်မရှိအောင် လုပ်နိုင်ကိုင်နိုင်၊ လျှော်နိုင်ဖွပ်နိုင်၊ ချက်နိုင်ပြုတ်နိုင်၊ ချုပ်နိုင်ဖာနိုင်မှ တော်ကာကျမည် မဟုတ်လား။ သူ့စိတ်ထဲကတော့ အိမ်မှာ တီးကြမှုတ်ကြသည်များကို တစ်ခါတစ်ခါ စိတ်တိုလို့သာ အော်ရသည်။ ကိုယ့်သားသမီးဆိုတော့လည်း "နားထောင်လို့တော့ အကောင်းသားပါပဲ" ဟု အောက်မေ့မိတတ်သည်။ အခြားသူများသာဆိုလျှင်တော့ တချို့ကာလ ပေါ်စတီရီယိုတေး ဆိုသည်များကို သူ အမှန်ပင် နားကလောသည်။

အထူးသဖြင့် မြန်မာသံကိုပင် တမင်မပီအောင် ဖျက်၍ဆိုသည့် သီချင်းများကို မုန်းသည်။ ဘာအနှစ်သာရမျှလည်း ရှာမတွေ့။ သာယာနာပျော်ဖွယ်လည်း မရှိ။ သို့သော် ဒါတွေကို လိုက်နားထောင်ပြီး ကန့်ကွက်နေဖို့လည်း ဒေါ်ခင်မေမှာ အချိန်မရှိ။

"ဒီကောင်တွေ လူလားမြောက်သွားကြလို့ အေးအေးဆေးဆေး ရှိပြီဆိုမှ ကိုယ့်ဘာကိုယ် ဓာတ်စက်ကလေးတစ်လုံး ဝယ်ဖြစ်အောင် ဝယ်ပြီး ကိုယ့်စိတ်ကြိုက် သီချင်းဓာတ်ပြားများကို အားရပါးရ နားထောင်ရင်း လိုက်ဆိုမည်" ဟု စိတ်ထဲက ကြုံးဝါးထားသည်။ သို့သော် ထိုအချိန်သို့ တကယ်ရောက်လာပြန်သောအခါ ဒေါ်ခင်မေ ဘယ်ဓာတ်စက်၊ ဘယ်ဓာတ်ပြားမျှ မဝယ်ဖြစ်။

သားတွေ၊ သမီးတွေ၏ ဝတ်ကြီးဝတ်ငယ်ပြု၍မှ ပြီးမည် မကြံသေး။ မြေးတွေ၏ဝတ်က ရောက်လာသည်။ 'သားသမီးတွေ လူလားမြောက်မှ' ဟူသော ဒေါ်ခင်မေ့ အတွေးထဲတွင် 'လူလားမြောက်သည်ဆိုလျှင် အိမ်ထောင်ပြုကြမည်၊ အိမ်ထောင်ပြုကြလျှင် ကလေး မြေးငယ်ပေါ်လာမည်' ဆိုသည့် နောက်ဆက်တွဲများ ပါလာခဲ့ဟန် မတူပေ။

'သားသမီး အချစ်၊ မြေးအနှစ်' ဆိုသည့် စကား မှန်သလား၊ မမှန်သလားတော့ ဒေါ်ခင်မေ မသိ။ ကိုယ့်အိမ်ပေါ်ရောက်လာပြီး ကိုယ့်မျက်စိအောက် ဖြစ်လာပြန်တော့ လက်ပိုက်ကြည့်မနေနိုင်၍ ထိန်းရတော့သည်သာ။ သားတွေ၊ သမီးတွေက အလုပ်အကိုင်ကိုယ်စီနှင့် ဖြစ်လာကြသော်လည်း သူတို့အိမ်ထောင်ဖက်များကလည်း အလုပ်ကိုယ်စီနှင့်။ သမီးတွေ၊ ချွေးမတွေကလည်း ကလေးများကို အမိနို့တိုက်၍ မွေးနိုင်ဖို့ နေနေသာသာ အချိန်ပြည့်ကြည့်ရှုဖို့ပင် မရကြ။ ဘာကျောင်းမှ ထားလို့ မရသေးသော အငယ်ကလေးများဆိုလျှင် အမေ့အိမ် လာပို့ထားတတ်ကြသည်။

ကလေးပိစိကွေးကလေးတွေကိုမြင်ပြီး သနားတတ်သော ဒေါ်ခင်မေက မည်သို့မျှ မငြင်းရက်နိုင်။ သူကိုယ်တိုင် အမောမပြေတပြေက သက်ပြင်းတစ်ချက်ချပြီး ဤကလေးများကို တယုတယ ကောက်ကိုင်ရ တော့သည်သာ။

သို့သော် တစ်ခုတော့ ရှိပါသည်။ ဒေါ်ခင်မေ သားသမီးများ လူလားမြောက်ချိန်တွင် ဓာတ်စက်တစ်လုံးနှင့် စိတ်ကြိုက်ဓာတ်ပြားများ ဝယ်ရန် စိတ်ကူးတို့သည် လေနှင့်အတူ လွင့်ပါးပျောက်ပျက်၍ သွားကြပြီ ဖြစ်သော်လည်း သီချင်းဆိုချင်သည်ကတော့ ဆိုရပြီ။

သူတို့မှာ မြေးတွေ ဗရပွကြဲနေသည့်အထဲမှ ယောက်ျားက နိုင်ငံခြားသို့ ပညာတော်သင်သွားနေခိုက် နှစ်ခါလည်နို့ညှာတစ်ယောက်၊ မွေးစကလေး ပိစိကလေးတစ်ယောက်နှင့် အမေ့အိမ် ပြန်ရောက်လာ သည်။ နံပါတ် ၆ သမီး အထက်တန်းပြဆရာမ မခင်စုက မွေးထားသည့် နို့ညှာသမီး 'မိကဲ' ဆိုသည့် ကလေးက သီချင်းဆိုသိပ်မှ အိပ်သည်။ ကလေးကို အလွန်ချစ်နိုင်၊ အလိုလိုက်နိုင်သည့် သူ့အဖေ လုပ်ထားခဲ့သည့် အကျင့်ဟု ဆိုသည်။

ဟန်ကျသေးတော့။ ဒေါ်ခင်မေမှာ ခေတ်အတိုင်းအတာနှင့် ပြောရလျှင် တစ်ခေတ် နှစ်ခေတ်လောက် သီချင်းနှင့် ဝေးနေခဲ့ပြီးမှ ယခုမှ တစ်ခါ မြေး၏အာဏာဖြင့် တတ်သမျှ၊ မှတ်သမျှ အိုးအိုးအာအာ အော် လိုက်ရပြန်တော့ သူ ငယ်က ပေါ်သည့် ကာလပေါ်သီချင်းများ၊ အေဝမ်း သီချင်းများထက်ပင် ရှေးကျသည့်သီချင်းဆန်းများ၊ ယခုအခါ ပင်စင် ယူထားပြီး အဘိုးအိုဖြစ်နေသည့် ကိုဘတင့်တို့ငယ်ငယ်က ဘင်ဂျိုနှင့် တီးခဲ့ကြသည့် သီချင်းများ၊ တချို့ သီချင်းသားကိုပင် မေ့နေကြပြီး တချို့ ကလည်း အလိုက်တူပြီး တစ်ပုဒ်နှင့်တစ်ပုဒ် ရောထွေးနေပြီး ဘယ်ဟာက ဘယ်သီချင်းမှန်းပင် မသိတော့။ တစ်ခါတစ်ခါ ကလေးသိပ်ရင်း

ဒေါ်ခင်မေ မှတ်မိသလို ဆိုနေသည့် သီချင်းသားများ မှားနေ၍ ဦးဘတင့်က ပြင်ပေးရသည်လည်း ရှိ၏။

အခြားကလေးများထက် မိကဲက အမေကြီးဆိုမှ အမေကြီး။ တခြားအချိန်ဆို ဒါလောက်မဟုတ်။ အိပ်ချိန်ဆိုလျှင် တခြားလူ မရ။ ဤတွင် ဒေါ်ခင်မေ သီချင်းမဆိုချင်လို့ မရတော့။

ဒေါ်ခင်မေတို့နှင့် အတူနေသားသမီးများက သူတို့အမေ သီချင်းမဆိုတတ်၍ အိမ်တွင် အံဝင်ခွင်ကျမဖြစ်ဟု ဝမ်းနည်းနေရာမှ ကလေးသိပ်ချိန်တွင် သူတို့အမေ သီချင်းဆိုသည်ကို ကြားကြရလေတော့ရာ သူတို့အဖို့ အထူးအဆန်းဖြစ်ကာ အံ့သြပြီးရင်း အံ့သြရင်းပင် အားလုံး အသံတိတ်ကာ နားစွင့်နေတတ်ကြလေသည်။

တစ်ခါတွင်မူ မိကဲတို့အမေ ဆရာမမခင်စု ကျောင်းမှအပြန် အိမ်လှေကားအတက် ဖိနပ်ချွတ်အကွယ်သို့အရောက်တွင် သူ့ခြေလှမ်းများ တုံ့သွားပြီး ဖိနပ်ချွတ်မှာပင် ရပ်နေလိုက်မိသည်ဆို၏။

အိမ်ထဲမှ ဝါးပတ္တလားတီးသံနှင့်အတူ အမေ့သီချင်းသံကို စည်းကျဝါးကျ ကြားလိုက်ရသောကြောင့် မခင်စု အသာကိုယ်ရှိန်သတ်ပြီး ကြိမ်ခုံအပုကလေးတစ်လုံးပေါ်တွင် အသံမကြားအောင် ထိုင်နားထောင်နေမိသည် ဆို၏။

ကလေးသိပ်ရင်း အမေ သီချင်းဆိုနေသည့်အသံကိုတော့ ကြားဖူးပါသည်။ သို့သော် ယခုကဲ့သို့ အဖေက ပတ္တလားတီးပေးသည်ကို လိုက်ဆိုသည်တော့ တစ်ခါမျှမကြားဖူး၍ အသက်ပင် ပြင်းပြင်းမရှူမိအောင် ငြိမ်ပြီး နားထောင်နေမိခြင်း ဖြစ်သည်။

"ညီစေ ညီမယ်၊ မိန်းမများ ယူရင်ကွယ် ရုပ်ရည်လည်း ချောရမယ်"

အမေက အသံအနေအထားဖြင့် မိကဲ၏တင်ပါးကို လက်ဖြင့်

အသာပုတ်၍ စည်းလိုက်ရင်း ဆိုပြနေသည်ကို အဖေက ပတ္တလားဖြင့် ခပ်ရွရွကလေး လိုက်တို့နေသည်။ နောက် အမေက ဆက်ဆိုသွားတော့ အဖေက “အေး–အေး၊ ဟုတ်တယ်၊ ကိုယ်မှတ်မိပြီ” ဟုပြောရင်း လက်ခတ်သံကို မြှင့်ကာ မြူးမြူးကြွကြွ လိုက်တီးသည်။ အမေ့သီချင်း သံကလည်း ရွှင်လှသည်။ ၆၀ ကျော်အမယ်ကြီးတစ်ယောက် ဆိုနေ တာမှ ဟုတ်ပါလေစ။

“တကယ် အပြောမှာသွက်ကာ အသက်ပါငယ်၊ အမေ့ကိုလည်း တည့်အောင်ပေါင်းရမယ်”

သီချင်းဆုံးသွားတော့ အမေက ကလေးကိုပွေ့လျက် ငြိမ့်ငြိမ့် ကလေးလွှဲကာ ပတ္တလားရှေ့၌ ခေါက်တုံ့လူးလာ တအိအိယိမ်း၍ ရွေ့ရင်း သီချင်းအစက ပြန်ကောက်သည်ကို ကြားရသည်။ အဖေ့ ပတ္တလားလက်သံကလည်း မြူးနေသည်။ နားထောင်လို့ ကောင်းလိုက် သည့်ဖြစ်ခြင်း။ အမေက အိပ်ပျော်နေပြီဖြစ်သော မိကဲ၏တင်ပါးကို အသာအယာတဖျပ်ဖျပ်ပုတ်၍ စည်းလိုက်သည်မှာ တီးကွက်၌ အံ့ဝင် ခွင်ကျရှိလှသည်ဟု ဆိုသည်။ ဤသို့ အဘိုးကြီး အဘွားကြီး တီးလို့ ကောင်းကောင်း ဆိုလို့ကောင်းကောင်း ဘယ်နှခေါက်များ ပြန်ကျော့ နေကြသည် မသိ။ ကလေးအိပ်ပျော်နေသည်မှာ ကြာပြီဖြစ်ဟန်ရှိ သော်လည်း ပုခက်ထဲသို့ ချမသိပ်သေးဘဲ အရှိန်မပျက် ဆက်၍ ဆိုတီး နေကြလေရာ ဖိနပ်ချွတ်အကွယ်မှ ကြိမ်ခုံငယ်ပေါ်တွင် အသံမကြား အောင် ငြိမ်ငြိမ်ကလေးထိုင်နားထောင်နေသည့် ဆရာမ မခင်စုအပြော အရဆိုလျှင် နာရီဝက်ကျော်ကျော် ကြာသည်ဟု ဆိုလေသည်။ ။

မြတ်လေးမဂ္ဂဇင်း၊ အမှတ်(၁)၊ မေ၊ ၁၉၈၆

❑

## မိန်းမတော်ဘဲ ပြေးလေသူ

■ ထင်လင်း

[ ၁ ]

ကျွန်တော့်မိတ်ဆွေ ကိုသန်းဝင်းနဲ့ သူ့ဇနီး မိတို့ တစ်နေ့ ကျွန်တော့် အိမ်လာလည်ပြီး သူတို့မိတ်ဆွေ ဗိုလ်မှူးအောင်ခိုင်နဲ့ မခင်မြင့်တို့ အကြောင်း ပြောပြသွားတော့ ကျွန်တော် ရုတ်တရက် သတိရလိုက်မိ တာကတော့ စာရေးဆရာမကလေး မစန်းပွင့်တစ်ယောက် ဘယ်ရောက် နေပြီ မသိ။ မဂ္ဂဇင်းများမှာ သူ့ဝတ္ထုကလေးတွေ မတွေ့ရတာလည်း ကြာပြီ။ နောက်ဆုံးတစ်ခေါက် သူနဲ့ တွေ့လိုက်တုန်းက "ဟဲ့– မစန်းပွင့် ပါလား။ နင် အခု 'အပျိုကြီးဖြစ်ရခြင်းအကြောင်း' ဝတ္ထုတွေ မရေးတော့ ဘူးလား" လို့ ကျွန်တော်ကမေးတော့ သူက မလုံမလဲ ရယ်ကျဲကျဲနဲ့ "မရေးတော့ဘူး ဆရာ" လို့ ဖြေပါတယ်။ ကျွန်တော်က သူ့မျက်နှာ ကိုကြည့်ပြီး "ဟုတ်လား။ ကလေးဘယ်နှယောက်ရပြီလဲ"လို့ ကွက်ကျော် မေးလိုက်တော့ သူက "နှစ်ယောက်ရပြီ ဆရာ"လို့ ဖြေပါတယ်။ "အေး အေး ဝမ်းသာတယ်။ ဒီလိုဆိုရင် အခု အပျိုကြီး မဖြစ်ရခြင်းအကြောင်း ရေးပေါ့"လို့ အကြံဉာဏ်ပေးလိုက်ရတယ်။ သူနဲ့ ပါလာတဲ့အဖော်က "အေး–ကောင်းတယ်ဟေ့"လို့ ထောက်ခံပါတယ်။

သူ့ဝတ္ထုကလေးတွေက လူ့သဘာဝစရိုက် ပီသပါတယ်။ မစန်းပွင့်က ကျွန်တော့်တပည့်လို့ ဆိုရပေမဲ့ ကျောင်းမှာ စာသင်တဲ့ တပည့်ပါ။ စာပေအရေးအသားမှာတော့ သူ့စာမျိုး ကျွန်တော်လည်း မရေးတတ်ပါဘူး။ သူ့ဘာဝနဲ့သူ့စာ အတော်ဟပ်မိတယ်လို့ ထင်ပါတယ်။ တကယ်က သူဟာ ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက်ပီပီ ဘယ်အသက်အရွယ်အထိ အပျိုကြီးလုပ်နေခဲ့တယ်တော့ မသိဘူး။ သူ့ကြည့်ရတာ လူလုံးလူဖန် သေးသေးသွယ်သွယ်၊ သွားတက် ကလေးနဲ့၊ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ နေတတ် ပြောတတ်တယ်ဆိုတော့ အပျိုကြီး ပုံပန်းလက္ခဏာတော့ မရှိဘူး။ အခုလို အိမ်ထောင်နဲ့ဘာနဲ့ ကလေးမြေးငယ်တွေနဲ့ လူ့လောကထဲမှာ ပျော်ပျော်နေ၊ ပျော်ပျော်စား၊ ပျော်ပျော် ရုန်းကန်လှုပ်ရှားနေတတ်တဲ့ ပုံမျိုးပါ။

အဲဒီနှစ် နှစ်ဦးပိုင်းလောက်ကစပြီး သူ့ကို ခဏခဏ သတိရမိတာကတော့ ကျွန်တော် အခုနကပြောတဲ့ ကိုသန်းဝင်းနှင့် မိတ်ဆွေပြောပြသွားတဲ့အကြောင်း သူ့ကို တစ်ဆင့်ဖောက်သည်ချပြီး စာအရေးခိုင်းချင်မိလို့ပါပဲ။ ကျွန်တော် ဒါကို ချရေးကြည့်တယ်။ ကျွန်တော်ရေးနေကျအကြောင်းအရာမျိုးကလည်းမဟုတ်တော့ ဝတ္ထုက တော်တော်နဲ့ ဟန်မရနိုင်ဘူး။ ဟန်မရနိုင်လို့ ချချထားပြီး ရေးလက်စတွေ အမှိုက်ခြင်းထဲရောက်ရောက်သွားတာ ဘယ်နှခါရှိပြီလဲတော့ မသိဘူး။ ဇာတ်လမ်းကတော့ ဒါပါပဲ။ ဒါပေမဲ့ ရေးနေကျလူ ရေးရင် ကောင်းမယ်လို့ အောက်မေ့မိတယ်။ ဒါကြောင့် ကျွန်တော် မစန်းပွင့်ကို သတိ ရရနေတယ်။

ဒီကမ္ဘာကြီးဟာ အကျဉ်းကလေးပါလို့ ဆိုရပေမဲ့ တစ်ခါတစ်ခါ ရန်ကုန်မှာ နေနေကြတဲ့ လူချင်းတောင် အဆက်အသွယ်မရဘဲ နှစ်နဲ့ချီပြီး ပြတ်နေကြသေးတော့၊ အေးလေ–မစန်းပွင့်ကလည်း တွေ့ဖို့ကြုံမှပဲ တွေ့တော့မှပဲပေါ့။ ကိုယ့်လောကနှင့်ကိုယ် သူ့လောကနှင့်သူ၊ ကိုယ့်

ကိစ္စနှင့်ကိုယ် သူ့ကိစ္စနှင့်သူ လူဆိုတာ ဒီလိုချည်းပါပဲ။

ဘယ်လိုမဆိုလေ၊ သူနှင့်တွေ့တဲ့အခါ ကျွန်တော် ပြောပြတတ်အောင်တော့ မှတ်မိရုံဆိုသလို ကိုသန်းဝင်း ပြောသွားတဲ့အတိုင်းဖြစ်ဖြစ် ရေးချတော့ ထားလိုက်ပါဦးမယ်။

[ ၂ ]

ဒီနေရာကစပြီး ကိုသန်းဝင်းတို့ ပြောသွားတဲ့အတိုင်းပါပဲ။

ကိုအောင်ခိုင်ကို ကျောင်းမှာတုန်းက ကျွန်တော် သိပ်မသိလိုက်ဘူး။ မခင်မြင့်ကိုတော့ ကျွန်တော်နှင့်လည်း ဘာသာတွဲတူပြီး ကျွန်တော့် အမျိုးသမီး မိနှင့်က သွားဖော်လာဖက် သူငယ်ချင်းတွေမို့ ခင်ပါတယ်။ ကိုအောင်ခိုင်က အင်ဂျင်နီယာကောလိပ်ကဆိုတော့ ကျွန်တော်တို့နှင့် အနေ နည်းနည်းဝေးပါတယ်။

ကိုအောင်ခိုင်နှင့် မခင်မြင့် ဘယ်မှာတွေ့ကြတယ်ဆိုတာတော့ ကျွန်တော် အသေအချာ မသိဘူး။ မိပြောတော့ ကျောင်းက မိတ်ဆက်ညှိခံပွဲတစ်ခုမှာ တစ်စားပွဲတည်း ထိုင်ခဲ့ရတုန်းက စပြီး တစ်ယောက်တစ်ယောက် သဘောကျခဲ့ကြတာ ဆိုလားပါ။ အဲ–အဲ၊ မိက "သူတို့ဟာက သဘောကျတယ်ဆိုလည်း ကျရုံပါပဲ" လို့ ပြောပါသေးတယ်။ ကျွန်တော်က မိပြောတာကို နားမလည်လို့ "ကျရုံပဲဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ မိ" လို့ ထပ်မေးတော့ မိက "သူတို့ဟာက တစ်ယောက်တစ်ယောက် သဘောကျတဲ့အကြောင်း တခြားလူတွေကိုသာ ပြောတာ။ သူတို့အချင်းချင်းကျတော့ ဘာမျှ ပြောဖြစ်ကြတာ မဟုတ်ဘူး" လို့ ပြန်ဖြေပါတယ်။

"တော်တော်ဆန်းတဲ့ လူတွေပဲ၊ ကိုယ့်အချင်းချင်း သဘောကျတာ အချင်းချင်းတော့မပြောဘူး၊ တခြားလူတွေကိုပဲ ပြောတယ်ဆိုတော့

ပြောင်းပြန်ဖြစ်မနေဘူးလား မိ" လို့ ကျွန်တော်က မေးလို့၊ မိက "ဒီလိုရယ်တော့ မဟုတ်ဘူး၊ မပြောဖြစ်ကြတာသာ ရှိတာ၊ အမှုအရာကတော့ ရှိတာပေါ့"လို့ ဖြေတယ်၊ "အမူအရာလောက်နဲ့တော့ မိရယ်၊ ကိုအောင်ခိုင်နဲ့ မခင်မြင့် ရည်ငံနေတယ်လို့ ဘယ်လိုလုပ်ပြောနိုင်မလဲ" လို့ ကျွန်တော်ကပြောတော့၊ မိက "ဘယ်သူကမှ အဲသလိုမပြောပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ နောက်ဆုံးနှစ်စာမေးပွဲတွေ ဖြေပြီးကြလို့ အိမ်ပြန်ခါနီးမှာ ကိုအောင်ခိုင်တစ်ယောက် တိုက်ဖွိုက်ဖြစ်လို့ ဆေးရုံမှာ အကြာကြီး တက်ကုရတယ်လေ။ အဲဒီတုန်းကတော့ မခင်မြင့်က နေ့တိုင်း ဆေးရုံကိုသွားပြီး ကြက်စွပ်ပြုတ်တို့၊ ဘာလီရည်တို့ ပို့ရတယ်လေ" လို့ ပြောပါတယ်။

"အင်း– ဒါလောက်ဆိုရင်တော့ လုံလောက်ပါတယ်လေ။ သာမန်ခင်တဲ့ မိတ်ဆွေဆိုရင်တော့ မသကာ တစ်ခေါက်တလေပဲ သွားမေးမှာပေါ့"

"အဲသလို ပြောချင်ရင်တော့ ပြောလို့ ရပါတယ်။ ဒါပေမဲ့ ဒီလိုရယ်လို့တော့ မဟုတ်ဘူး"

"အိုး– မိဟာက ဘယ်လိုလဲ"

"ဒီလိုလေ၊ မြင့်နဲ့ ကိုအောင်ခိုင်နှမ သွဲ့တို့က တစ်ဆောင်တည်းနေတဲ့ သွားဖော်လာဖော်တွေ။ ညနေညနေ တစ်ခါတစ်ခါ သွဲ့နဲ့မြင့်တို့ အတူထွက်ကြပြီး ကမာရွတ်ထဲက သွဲ့တို့၊ ကိုအောင်ခိုင်တို့ အဒေါ်အိမ်သွား၊ ကြက်စွပ်ပြုတ်ယူ၊ ကျောင်းဆေးရုံ ဝင်ပို့။ တစ်ခါတစ်ခါ အဒေါ်အိမ်က နည်းနည်းလှမ်းတော့ မြင့်က မနက်စောစော လှည်းတန်းဈေးသွားကြက်သားဝယ်၊ သူ့အဆောင်မှာတင် ဟော့ပလိတ်နှင့် ကြက်သားပြုတ်၊ ညနေကျ သွဲ့နှင့်အတူ ဆေးရုံသွားပို့။ အဲသလို သူ့နှမနှင့်အတူ ပါလာတဲ့အဖော်ကို ကိုအောင်ခိုင်က ဘယ် ပိုင်စိုးပိုင်နင်းလုပ်ဝံ့မှာလဲ။ လူမမာဆိုတော့လည်း လူမမာလို မှိန်းနေတာပေါ့။ တကယ်ကလည်း သူ့ခများ

အတော်ဖြစ်ရှာတာ။ ဘာစိတ်ကူးမျှ ရနိုင်စရာ မရှိပါဘူး။ ညနေကျ အနားမှာ သွဲ့တို့တင် မကဘူး။ ကိုအောင်ခိုင်သူငယ်ချင်းကလည်း လာကြသေးတာ။ မြင့်ကလည်း စကားနည်းတယ် မဟုတ်လား"

"မိဟာက ဇာတ်မျောကြီးပဲကွ"

"အင်း– ဟုတ်တယ်၊ ဒါပေမဲ့ သူတို့ဟာနဲ့ သူတို့ကတော့ မမျော ဘူးထင်တယ် မောင်၊ ကိုအောင်ခိုင် အတော်ကလေး ထူထူထောင်ထောင် ဖြစ်လာတော့ သူတို့လာကြတဲ့အခါ သူ့နှမသွဲ့က 'မြင့် ဟိုဟာလုပ်ပေး၊ မြင့် ဒါလုပ်ပေးနဲ့'ခိုင်းတာတွေ့ရင်၊ ကိုအောင်ခိုင်က 'သွဲ့၊ နင် သူများကို ချည်း ခိုင်းနေတော့တာပဲ၊ နင် အားမနာပေမယ့် ငါ အားနာတယ်' လို့ ဆိုသတဲ့။ အဲဒီတော့ သွဲ့က 'အမယ် ကိုကိုက'လို့ အောက်ကလိအာသံနှင့် သူ့အစ်ကိုကို ပြန်စတတ်သတဲ့။ မြင့်ကလည်း သဘောကောင်းတယ် မဟုတ်လား။ နောက် အဆောင်က တခြားလူတွေ အလျှိုအလျှိုပြန်ကုန် ကြတော့ ကိုအောင်ခိုင်က 'မြင့်ကော မပြန်ဘူးလား' လို့ မေးသတဲ့၊ ဒီတော့ သွဲ့က 'သူ့ကို ပြန်မလွှတ်သေးဘူး၊ သွဲ့တစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ ကိုကို ဆေးရုံကဆင်းမှ သူ့ကို ပြန်လွှတ်မယ်' လို့ ပြော တော့၊ ကိုအောင်ခိုင်က သူ့နှမကို 'ဒီကောင်မလေးဟာလေ၊ ဘယ်သူ့ကိုမှ အားနာရကောင်းမှန်း မသိဘူး၊ သိပ်ဆိုးတာ' လို့ ဆူသတဲ့။ ဒီတော့ အနားမှာရှိနေတဲ့ မြင့်က 'ဖြစ်ပါတယ်၊ ကျွန်မအိမ်ကိုလည်း စာရေးထား ပါတယ်' လို့ ပြောသတဲ့"

"ဒီလိုဆိုတော့ သူတို့ဟာက ဘယ်ဆိုးလို့လဲ၊ သူတို့ချင်း မပြော ဖြစ်ကြပေမဲ့ ပြောဖြစ်တာထက်တောင် အခြေအနေကောင်းနေတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီလိုပဲ လိပ်ခဲတည်းလည်းအခြေအနေမှာ သူ ရုတ်တရက် မပြန်ခဲ့သေးဘူးလို့ အိမ်ကို စာရေးထားတဲ့မြင့်ဟာ ကိုအောင်ခိုင် ဆေးရုံက မဆင်းခင်ဘဲ သူ့အိမ်က ကြေးနန်းရိုက်ခေါ်လို့

ကတိုက်ကရိုက် ပြန်သွားရတယ်"

"အို– ဘာကိစ္စတဲ့လဲ"

"ဘယ်သူမျှ မသိဘူး"

"နောက်တော့ကော"

"နောက်တော့ ကိုအောင်ခိုင် ဆေးရုံကဆင်းလို့ ကမာရွတ်က သူတို့အဒေါ်အိမ်မှာ နာလန်ထရင်း အနားယူနေတုန်း တစ်နေ့တော့ မခင်မြင့် လက်ထပ်သွားတဲ့သတင်း ရောက်လာတယ်"

"အို– ဘယ်လိုဖြစ်သွားတာလဲ"

"မသိဘူး၊ ကြားစက သူ့ကသူ့အစ်ကို နာလန်ထစ စိတ်ထိခိုက်သွားမှာစိုးလို့ ဒီသတင်းကို မပေးဘူး၊ ဒါပေမဲ့ ကိုအောင်ခိုင်က သတင်းစာထဲက ကြော်ငြာကို တွေ့သွားတယ်၊ သူ ဘာမျှတော့ မပြောဘူး၊ ငေးငေးနေတယ်လို့ ဆိုတယ်၊ တစ်ခါတစ်ခါ သောက်နေကျဆေးတို့၊ အစားအစာတို့ကိုတောင် မေ့မေ့နေလို့ သူ့ကသူ့အစ်ကိုကို ချော့မော့ဖျောင်းဖျပြီး ကျန်းမာလာအောင် စောင့်ရှောက်ရသတဲ့၊ ဒါနဲ့ သူ အတော်ကလေး သွားနိုင်လာနိုင်ရှိတော့မှ မောင်နှမ နှစ်ယောက် ပြည်မြို့ကို ပြန်သွားကြတယ်"

"ဤတွင် ဇာတ်လမ်း နိဋ္ဌိတံလား"

"ဒါပဲ"

[ ၃ ]

အဲဒီတုန်းက 'ဤတွင် ဇာတ်လမ်း နိဋ္ဌိတံ' လို့ ပြောခဲ့တဲ့ ကျွန်တော့်စကား မမှန်ဘူး။

လွန်ခဲ့တဲ့ ဇန်နဝါရီလကတည်းက ကျွန်တော်တို့ အိမ်ဝင်းပေါက်နှင့် မလှမ်းမကမ်းတစ်နေရာမှ စစ်ရောင် ဆလွန်းကားကလေးတစ်စီး

ရပ်လာပြီး ကားထဲက စစ်ဗိုလ်ယူနီဖောင်းနှင့် လူတစ်ယောက် ဆင်းလာတာကို တွေ့လိုက်ရတယ်။ အိမ်နီးချင်းတစ်အိမ်မှာ ရပ်မေးပြီး ကျွန်တော်တို့အိမ်ဘက် လျှောက်လာတယ်။ အဝင်ဝကနေပြီး "ဦးသန်းဝင်း၊ ဒေါ်ခင်မိမိတို့ အိမ်လားခင်ဗျာ" လို့ စုံစမ်းတယ်။ ကျွန်တော်က "ဟုတ်ပါတယ်" လို့ ပြောပြီး မိကို လှမ်းခေါ်လိုက်တော့ မိလည်း အိပ်ခန်း ထဲကထွက်လာပြီး တစ်ခဏတော့ သူ ခပ်ကြောင်ကြောင်ကြည့်နေတယ်။ ပြီးမှ "ယောတော့်– ကိုအောင်နိုင်ကြီး" လို့ ဆိုလိုက်တယ်။ စစ်ဗိုလ်က ပြုံးပြီးဝင်လာတယ်။ နောက် ကားထဲက အခါလည်လောက်ကလေးငယ်ကိုပွေ့ပြီး ဆင်းလိုက်လာတဲ့ အမျိုးသမီးဆီ တစ်ချက်လှမ်းကြည့်ရင်း "ဟယ်–ဒါ သွဲ့ပါလား၊ ငါ့မှာ အထင်များမှားလို့ဟယ်၊ ကြည့်ပါဦး"လို့ ဝမ်းပန်းတသာ ဆီးကြိုပါတယ်။

ခဏနေတော့ သူတို့ အိမ်ထဲကိုရောက်လာကြပြီး မိက ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။ သူ ခဏခဏပြောနေတဲ့ ကိုအောင်နိုင်နဲ့ သူ့နှမ သွဲ့။ သွဲ့က အထက်တန်းပြဆရာမ လုပ်တယ်။ သူ့အိမ်ထောင်ဖက်က ကိုအောင်နိုင့်သူငယ်ချင်း အင်ဂျင်နီယာ 'ကိုခင်ကျော်' တဲ့။ သန်လျင်ဘက်မှာ နေကြတယ်။ သူ့အစ်ကို ဗိုလ်မှူးအောင်နိုင်ကတော့ အိမ်ထောင်မရှိ။

"မရှိတော့တာကလား၊ မရှိသေးတာလား" လို့ ကျွန်တော်က အရောတဝင်မေးတော့ ဗိုလ်အောင်နိုင်က ရယ်နေပါတယ်။ သူ့နှမ သွဲ့ကတော့ "နောက်မှ ပြောပြမယ်" လို့ ဝင်ပြောလိုက်ပါတယ်။

ကျွန်တော်လည်း အရင် မိ ပြောဖူးထားတဲ့ ကိုအောင်နိုင်နဲ့ မခင်မြင့်အကြောင်း တစ်ပိုင်းတစ်စ သိထားတော့ မိက 'ကိုအောင်နိုင်ကြီး'လို့ ဆိုလိုက်ကတည်းက 'မခင်မြင့်' ဆိုတဲ့နာမည်ကို သတိရလိုက်မိပါတယ်။ မခင်မြင့် လက်ထပ်သွားတယ်ဆိုတာ သိထားတော့ သူနဲ့

ပါလာတဲ့ အမျိုးသမီးဟာ မခင်မြင့်မဟုတ်ဘူးဆိုတာလည်း သိပါတယ်။ မိကိုယ်တိုင်က သွဲ့ကိုပါ မှတ်မိသွားပြီး 'ငါ့မှာ အထင်များမှားလို့' ပြောရသလို ကျွန်တော်လည်း ကိုအောင်ခိုင့်ဇနီးလို့ ထင်နေခဲ့ပါသေးတယ်။

သူတို့အချင်းချင်း ပြန်တွေ့ကြဆုံကြတော့ ဝမ်းပန်းတသာ နှုတ်ဆက်ကြပြီး အိမ်ထဲဝင်ထိုင်မိကြတော့ မိက "ကဲ- တွေ့တဲ့အခါ ပြောစရာစကားမကုန်မချင်း ထမပြန်တမ်း"လို့ ကြေညာပြီး သူက ညနေထမင်းကျွေးမယ်လို့ ဆိုပါတယ်။ ဗိုလ်အောင်ခိုင်က အားနာနေတယ်။ သွဲ့ကတော့ သူ့ခင်ပွန်းက ပိတ်ရက်မရှိ အလုပ်များနေတဲ့လူဆိုတော့ ဒီကနေ့လည်း ရန်ကုန်ရုံးချုပ်မှာ အစည်းအဝေးနှင့် သူပြန်ချိန်မှာ အိမ်မှာ ဘယ်သူမှမရှိမှာစိုးလို့ ပြန်ချင်တယ်။ ငြင်းချင်တဲ့လူက ငြင်း၊ တားတဲ့လူက တားနဲ့၊ နောက်ဆုံး မိက "ယူ့ယောက်ျားဆီ ဖုန်းဆက်လို့ မရဘူးလား၊ ဆက်ကွယ်၊ သူ့ပါ ဒီကို ခေါ်လိုက်ပေါ့"လို့ အကြံပေးနေတော့ သွဲ့က သူ့သားကို ခဏချထားခဲ့ပြီး သူ့ယောက်ျားရှိရာ ရုံးကို ဖုန်းဆက်တယ်။ ကလေးက အမေချထားခဲ့တော့ မငိုဘူး။ ဒီလိုပဲ ထိုင်နေရစ်တယ်။ မိက ကောက်ချီတော့လည်း ပြုံးကာ ရယ်ကာပဲ။ "ကြည့်စမ်းမောင်၊ သားကြီးက သိပ်သဘောကောင်းတာပဲ" လို့ မိကပြောတော့ ဗိုလ်အောင်ခိုင်က "မိသွဲ့လက်ထဲ ရောက်လာမှတော့ သဘော မကောင်းခံနိုင်မလား၊ ယောက်ျားကိုလည်း နွားလိုခိုင်းစားတဲ့ ကောင်မ၊ ဟိုကောင်က သိပ်အေးတာ"လို့ ပြောပါတယ်။ သွဲ့ကတော့ တယ်လီဖုန်း လှည့်ပြီး စောင့်နေတုန်း ဆိုတော့ ဘာမှမပြောပါဘူး။

"ဟယ်လို- မောင်လား၊ အင်း- သွဲ့တို့ ဒီဘက် ရောက်နေကြတယ်။ အင်း- ကိုကိုလာခေါ်လို့၊ ဟုတ်တယ်၊ ဟို- ကိုသန်းဝင်းတို့ အိမ်လေ။ မိ ယောက်ျား။ ဟုတ်တယ်၊ သွဲ့တို့ ဒီမှာ နေကုန်အောင် နေမလို့ မောင်။ မောင် အစည်းအဝေးပြီးတော့ ဒီကိုလာခဲ့နော်။ အချိန်

မရရင် ပြန်ခါနီးကျ ဖုန်းဆက်လိုက်နော်၊ အင်းပါ၊ သားသားဖို့ မုန့်ပါ ဝယ်ခဲ့၊ သွဲ့မှာတာ မမေ့နှင့်နော်။ အင်းပါ" ဆိုပြီး ကျွန်တော်တို့နေရာကို ညွှန်နေတယ်။ ကျွန်တော့်တယ်လီဖုန်းနံပါတ်လည်း ပေးတယ်။

နေ့လယ် လက်ဖက်ရည်သောက်ချိန်မှာတော့ ကျွန်တော်ပါ သူတို့နဲ့ အတော်ရောနှောမိသွားပြီး စကားလက်ဆုံကျကြပြန်ပါတယ်။ အားလုံး ရင်းရင်းနှီးနှီးဖြစ်သွားကြတော့ ဗိုလ်အောင်ခိုင်က "မိကို ကျွန်တော် ပြောပြစရာရှိလို့ လာခဲ့တာ"လို့ စကား စပါတယ်။

"အမယ်– ဘယ်လို စကားပါလိမ့်၊ ကေန္တ မြင့်အကြောင်းပဲ ဖြစ်မယ်၊ ဟုတ်လား သွဲ့"

သွဲ့က ဘာမျှမဖြေဘဲ ပြုံးနေပါတယ်။ ဗိုလ်အောင်ခိုင်ကတော့ "ဟုတ်တယ်၊ ကျွန်တော် မိကို မခင်မြင့်အကြောင်း စာနဲ့ရေးပြောမယ် စိတ်ကူးသေးတယ်၊ နောက် ဒီရက်ပိုင်းမှာ ရန်ကုန်ဆင်းစရာကိစ္စ ရှိတာနဲ့ တွေ့အောင်ရှာပြီး လာခဲ့တာ၊ ကျွန်တော်က ရုံးလိပ်စာကိုသာ သိတာ၊ အိမ်လိပ်စာမသိလို့ မိတ်ဆွေတစ်ယောက်ကို မေးရသေးတယ်။ ကံအား လျော်စွာ သိပ်မရှာရဘဲ တွေ့ပေလို့" လို့ ပြောပါတယ်။

သူတို့ဆီက ရုတ်တရက်ပြန်သွားပြီး လက်ထပ်သွားတဲ့ မခင်မြင့် အကြောင်း လူကိုယ်တိုင်လာပြီး ပြောချင်ရလောက်အောင် ဘယ်လို အကြောင်းပါလိမ့်လို့ ကျွန်တော်လည်း သိချင်တာနဲ့ သူတို့စကားကို နားစွင့်နေမိပါတယ်။ မခင်မြင့် လက်ထပ်ပြီးတဲ့နောက်မှာ နောက်ဆက်တွဲ ဇာတ်လမ်းက ရှိနေသေးရင် ကျွန်တော်လည်း ကျွန်တော့်စိတ်ကူးထဲမှာ တင်ပဲ "အင်း–မခင်မြင့် လက်ထပ်ပွဲကြေညာပြီးကာမှ အကြောင်းတစ်စုံ တစ်ခုကြောင့် ဖျက်သိမ်းလိုက်ရတာမျိုးလား၊ ဒါမှမဟုတ် မခင်မြင့် တစ်ယောက်ယောက်နဲ့ အဆင်မပြေလို့ မိဘအိမ် ပြန်ရောက်နေတာမျိုး။ ဒါမှမဟုတ် ဒူးနဲ့မျက်ရည် သုတ်နေရတဲ့အဖြစ်မျိုး" ဘာမျှတော့ ပီပီသသ

မဟုတ်ဘူး။ ဒါက ကျွန်တော် စိတ်စောနေတာ။

ဗိုလ်အောင်ခိုင်က သူ့စကားကို ဆက်ပြန်ပါတယ်။

"ကျွန်တော် ဆေးရုံမှာ စွပ်ပြုတ်ပဲသောက်နေရတုန်း မခင်မြင့် မန္တလေး ရတ်တရက်ပြန်သွားရတာတော့ မိတို့ မှတ်မိမှာပေါ့။ အဲ– အဲဒီတုန်းက သူ သွဲ့နဲ့ ဆေးရုံကိုလာပြီးနှုတ်ဆက်ရင်း သွဲ့ကို ပြောသလို လိုနဲ့ 'သူ့အိမ်က ကိစ္စဝိစ္စတွေပြီးရင် ပြန်လာခဲ့မယ်' လို့ ကျွန်တော့်ကို ပြောသွားတယ်။ ကျွန်တော်ကတော့ သူ ကျွန်တော့်အတွက် ပြန်လာမယ် လို့ သိပ်မထင်ရဲပါဘူး။ ဒါပေမဲ့ သူ ပြန်လာမယ်ဆိုတော့ ဘာကိစ္စနဲ့ ပြန်လာလာ သိပ်ဝမ်းသာသွားတယ်။ 'သူ တကယ် ပြန်လာလိမ့်မယ်' ဆိုတဲ့ အသိကလွဲလို့ ကျွန်တော် ဘယ်လိုမျှ မတွေးဝံ့ဘူး။ 'လာမှာပဲ၊ လာမှာပဲ' ဆိုပြီး နေ့တိုင်းမျှော်တယ်။ တစ်ပတ်ကျော်ကျော်လောက်ကြာ လို့ သူလည်းမရောက်လာ၊ ကျွန်တော်လည်း ဆန်ပြုတ်ကလေး ဘာလေး စားလို့ရပြီဆိုတာနဲ့ ဆေးရုံက ဆင်းခွင့်ရပြီး ကမာရွတ်က အဒေါ်အိမ်ကို ရွှေ့နေတယ်။ မခင်မြင့်ပြန်လာရင် တွေ့အောင်ဆိုပြီး အဆောင်မှူးကို ခွင့်တောင်းပြီး သွဲ့ကို အဆောင်မှာပဲထားတယ်။ ဆေးရုံက သူငယ်ချင်း ဆရာဝန်တွေ၊ ဆေးရုံတက်ရင်း ရင်းနှီးခင်မင်ခဲ့တဲ့ သူနာပြုဆရာမကလေး တွေ၊ အမှုထမ်းတွေအားလုံးကို ကျွန်တော် ကမာရွတ်လိပ်စာ ပေးထားပြီး ကျွန်တော့်ကို လာမေးရင်၊ အထူးသဖြင့် သူတို့ပါသိနေတဲ့ မခင်မြင့်လာရင် ကျွန်တော်နဲ့ ချက်ချင်း ဆက်သွယ်နိုင်အောင် အထပ်ထပ် မှာခဲ့ပါတယ်။

"နောက်တစ်နေ့မှာ ကျွန်တော် ထမင်းအမာကလေး ဘာကလေး စားနိုင်ပြီး ဟိုနားသည်နား သွားနိုင်တော့ မလှမ်းမကမ်းမှာရှိတဲ့ သူငယ် ချင်းအိမ်ကို သွားတွေ့ပြီး သတင်းစာဖတ်ရင်း သတင်းစာထဲမှာ မခင်မြင့် လက်ထပ်တဲ့ကြော်ငြာ သွားတွေ့တယ်"

ဗိုလ်အောင်ခိုင်က သူ့စစ်လွယ်အိတ်ထဲက မိန်းမကိုင် ပိုက်ဆံ

အိတ်ကလေးတစ်ခုကို ထုတ်ယူလိုက်ပါတယ်။ အဲဒီအိတ်ကလေးထဲက ဟောင်းနွမ်းနေပြီဖြစ်တဲ့ သတင်းစာဖြတ်ပိုင်းကလေးတစ်ခုကို ထုတ်ယူပြီးပြလို့ ကျွန်တော်လည်း ထူးထူးခြားခြားဖြစ်နေတဲ့ ဗိုလ်မှူးရဲ့အိတ်ထဲက ထွက်လာတဲ့ မိန်းမကိုင် ပိုက်ဆံအိတ်ကလေးကို ကြည့်ရင်းက သတင်းစာဖြတ်ပိုင်းကို လှမ်းယူပြီး ဖတ်ကြည့်လိုက်မိပါတယ်။

မန္တလေးမြို့၊ ပတ်ကုန်း။ ပျော်ဘွယ်အနောက်
ခြံအမှတ်---နေ၊ အငြိမ်းစား အခွန်တော်မြေတိုင်းစာရေးကြီး
ဦးမြခင်–ဒေါ်ခင်ရွှေတို့၏သမီး
**မခင်မြင့်(ခ)အယ်မာ**
နှင့်
မန္တလေးမြို့၊ ကျောက်သွေးတန်း၊ အမှတ်---နေ
လွှတ်တော်ရှေ့နေကြီး ဦးထွန်းဝ–ဒေါ်စောစော
တို့၏သား
**မောင်လှဖေ**
မြန်မာနိုင်ငံဝန်ထမ်း–အကြီးတန်း
ကို
မိဘတို့ ဝတ္တရားရှိသည့်အတိုင်း
လက်ထပ်ပြီးစီးပါကြောင်း။

"မခင်မြင့် အမည် 'အယ်မာ' ဆိုတာ မိ တစ်ခါမျှမပြောဖူးပါလား" လို့ ကျွန်တော်က လှမ်းပြောလိုက်တော့ မိက "မိတို့က သူ့ ဘိုကျောင်းက နာမည်ကို ဘယ်တော့မှ မခေါ်ဘူး။ 'မြင့်'လို့ပဲ ခေါ်တာ။ သူကလည်း မြင့်လို့ ခေါ်တာကို ပိုကြိုက်တာ"လို့ ပြောပါတယ်။ သွဲ့ကလည်း "သွဲ့ဖြင့် ဒါလောက်သာ အတူတူနေလာတာ၊ အဲဒီနာမည်ကို တစ်ခါမျှ မခေါ်ဖူး

ဘူး၊ မှတ်လည်း မမှတ်မိဘူး၊ သူ့ကျောင်းနေဖက်တွေနဲ့ တွေ့တဲ့အခါ အဲဒီနာမည်နဲ့ ခေါ်ကြပြောကြတာပဲ ကြားဖူးတယ်။ အဆောင်ကို တစ်ခါ အဲဒီနာမည်နဲ့ လာမေးလို့ 'ဒီမှာတော့ အဲဒီနာမည်မျိုး မရှိဘူး'လို့ ပြောနေတုန်း မြင့်ကထွက်လာပြီး 'အဲဒါ ကိုယ့်နာမည်'လို့ ပြောမှသိတယ်။ သွဲ့ တော့ မှတ်လည်းမထားပါဘူး။ ခေါ်လည်း မခေါ်ပါဘူး"လို့ ပြောပါတယ်။ မိတို့၊ သွဲ့တို့ကတော့ မြန်မာဆန်ကြသူတွေကိုး။ သူတို့ရဲ့ ဘိုနာမည်ကိစ္စ စကားစတွေ ပြတ်သွားမှ ဗိုလ်အောင်ခိုင်က သူ့စကားကို ဆက်ပြန်ပါတယ်။

"ကျွန်တော်လည်း တစ်ရက်–နှစ်ရက်တော့ အတော် စိတ်မငြိမ်မသက် ဖြစ်မိတယ်။ တစ်ချိန်လုံး ဒါကိုပဲ စဉ်းစားနေတယ်။ 'မခင်မြင့် ပြန်လာမယ်၊ ပြန်လာမယ်'လို့ နေ့စဉ်မျှော်နေတုန်း ဒီသတင်းစာကြော်ငြာ သွားတွေ့တော့ မယုံတစ်ဝက် ယုံတစ်ဝက်က 'ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ'နဲ့။ 'ဒီလောကကြီးဟာ ဘာမှ မယုံရပါပဲလား၊ အင်း၊ သူ့ခမျာ အိမ်က လူကြီးများ စီမံတာ ခံရရှာထင်ပါရဲ့'လို့ သွဲ့ကို ပြောကြည့်တော့ သွဲ့က 'မပြောတတ်ဘူး ကိုကို၊ သွဲ့အထင်တော့ မြင့်ဟာ သူမကြိုက်ရင် ဘယ်လိုမျိုးမှ လက်ခံမယ့်မိန်းမမျိုး မဟုတ်ဘူး၊ မိဘပေးစားလို့ မကြိုက်ဘဲ ယူရတယ်ဆိုတာမျိုးကိုလည်း သူ သိပ်မုန်းတာ'လို့ ပြောတော့၊ ကျွန်တော့်မှာ ဒီကိစ္စကို နားမလည်နိုင်အောင်ပဲ"

"ကိုကို့ကိုတော့ သူ တကယ်ချစ်ရှာပါတယ်" လို့ သွဲ့က ဝင်ထောက်ပေးပါတယ်။

"အဲ–အဲ၊ ဒါနှင့် သူ မပြန်ခင်တစ်ရက်က ဆေးရုံကို သွဲ့နဲ့ ခါတိုင်းလိုလာကြပြီး နှုတ်ဆက်သွားတော့ ကျွန်တော့်ခုတင်ခေါင်းရင်းက လော်ကာကလေးပေါ်မှာ သူ့ပိုက်ဆံအိတ်ကလေးနဲ့ လက်ကိုင်ပဝါကလေးက ကျန်နေရစ်ခဲ့တယ်။ ကျွန်တော်က ဒါကို သူ လာယူလိမ့်

ဦးမယ်လို့ ထင်ထားတာ။ ဒီတစ်ခါ သူလာရင် သွဲ့ ပါပါ မပါပါ ကျွန်တော် ပြောစရာရှိတဲ့စကားတော့ ပြောလိုက်တော့မယ်လို့ အောက်မေ့ထားပြီး အဲဒီနေ့ ညဥ့်တော်တော် မိုးချုပ်ချုပ်အထိ ကျွန်တော် မျှော်နေမိတယ်။ မနက် ဘူတာအဆင်းမှာ ဝင်များယူမလားဆိုပြီး မနက်အစောကြီး ထမျှော်နေသေးတယ်။ သူ မလာဘူး။ နောက် သူ့ကို ဘူတာလိုက်ပို့ပြီးအပြန်မှာ သွဲ့ ဆေးရုံကို ဝင်လာမှ သူသွားပြီဆိုတာ သိရတယ်။ ရထားပေါ်ရောက်တော့တောင် သူ ပြန်လာမယ်ဆိုတာ သွဲ့ကို ပြောသွားသေးသတဲ့"

" 'ကိုအောင်ခိုင်ကိုလည်း ပြောလိုက်နော်'ဆိုတာ ပါပါသေးတယ်ကိုကို"လို့ သွဲ့က ဝင်ထောက်ပေးပြီး ပြုံးနေပါတယ်။

"အေးဗျ၊ အစကတော့ သူ့ပိုက်ဆံအိတ်ကလေး သွဲ့လက်ထဲအပ်ထားလိုက်မလို့ပဲ။ နောက်တော့ ကျွန်တော်ပဲ သိမ်းထားမယ်လို့စိတ်ကူးပြီး ခေါင်းအုံးအောက် ဝှက်ထားလိုက်တယ်။ အိတ်ထဲမှာကဘတ်စ်ကားလက်မှတ်ကလေးတွေရယ်။ တယ်လီဖုန်းနံပါတ်မှတ်ထားတဲ့စာရွက်ကလေးရယ်၊ အနုပညာအသင်းက အသင်းဝင်ကတ်ပြားလေးရယ်၊ သူ့ကိုယ်တစ်ပိုင်း ဓာတ်ပုံကလေး နှစ်ပုံရယ်။ ပိုက်ဆံက ငါးကျပ်တန် တစ်ရွက်၊ ၁၀ တန်တစ်ရွက်နဲ့ မတ်စေ့–ငါးမူးစေ့ အကြွေကလေးတွေရယ်၊ ခဲတံတိုကလေးတစ်ချောင်း၊ နှုတ်ခမ်းဆိုးဆေးတစ်တောင့်၊ မှန်ကလေးတစ်ချပ်"

ဗိုလ်အောင်ခိုင်က သူ အလွတ်ရွတ်ပြနေတဲ့ ပစ္စည်းစာရင်းကို ဧမဧ၊ မှန် မမှန် ရေတွက်နေသလို သူ့ရှေ့က ပိုက်ဆံအိတ်ကလေးကို ဖွင့်ပြီး အတော်ကြာအောင် စိုက်ကြည့်နေပါတယ်။

"ဒီပိုက်ဆံအိတ်ကလေးဟာ အခုထိ ဗိုလ်မှူးဆီမှာ ရှိနေသေးတယ်ဆိုတော့ ခုထိ မခင်မြင့်ကို မတွေ့သေးလို့ပဲလား၊ ဒါမှမဟုတ်

ဗိုလ်မှူး ဒါကို အမှတ်တရအဖြစ် အစွဲအလမ်းကြီးကြီးနဲ့များ သိမ်းထား တာလား”လို့ ကျွန်တော်က မေးလိုက်တော့ ဗိုလ်အောင်နိုင်က တစ်ခုခု စဉ်းစားသလို လုပ်နေရင်းက နှုတ်ခမ်းလှုပ်ရုံကလေး ပြုံးလိုက်ပြီး “အင်း- နှစ်ခုစလုံးပဲလို့များ ပြောရမလား”လို့ တစ်လုံးချင်း ဖြေပါတယ်။ အတော် ကြာမှ သူ စကားကို ဆက်ပြောပါတယ်။

“ကျွန်တော်တို့ မောင်နှမလည်း ရန်ကုန်မှာ သိပ်ကြာကြာမနေ တော့ဘဲ ပြည်က မိဘများဆီ ပြန်ခဲ့ကြတယ်။ မခင်မြင့် ပြန်လာမယ် ဆိုလို့ မျှော်နေတုန်းကတော့ ကျွန်တော်တို့နေရာရွှေ့ရင် ရွှေ့တဲ့နေရာကို ဆက်သွယ်နိုင်အောင် လိပ်စာအပြည့်အစုံနဲ့ မှာထားခဲ့ပေမယ့် ဒီတစ်ခါ တော့ ကျွန်တော်တို့ ဘာမျှမမှာခဲ့တော့ဘူး။ လိပ်စာလည်း မပေးခဲ့တော့ ဘူး။ အိမ်ပြန်ရောက်လို့ အားအင်ကလေး အတော်ကလေး ပြည့်လာတော့ ကျွန်တော်လည်း ဘွဲ့ရတွေကို တပ်မတော်က ပြန်တမ်းဝင် အရာရှိခန့် မယ်လို့ ခေါ်တာနဲ့ တပ်မတော်ထဲ ဝင်၊ ဗိုလ်သင်တန်းတက်၊ ပြီးတော့ ဟိုရောက်ဒီရောက် ကျရာတာဝန်ထမ်းရင်း မြန်မာပြည် အနှံ့အပြား ရောက် ခဲ့ပါတယ်။ ရောက်လေရာမှာ ဒီပိုက်ဆံအိတ်ကလေးက ပါသွားတယ်။ ရှေ့တန်းမှာ စစ်တိုက်နေတုန်းတောင် သူက မကျန်ရစ်ဘူး။ ကိုသန်းဝင်း ပြောသလို အစွဲအလမ်းကြီးကြီးနဲ့ သိမ်းထားမိသလိုပါပဲ။ အားချိန်၊ နားချိန် ရတဲ့အခါလည်း ကျွန်တော့်စိတ်က မခင်မြင့်ကိုပဲ သတိရပြီး သူ့ပိုက်ဆံအိတ်ထဲက သူ့ဓာတ်ပုံကလေးကို ထုတ်ထုတ်ကြည့်မိပါတယ်။ ကျွန်တော် ကလေးဆန်နေတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ စစ်တိုက်နေရ တဲ့အခါမှာတော့ ကိုယ့်ဟာ ဟုတ်ဟုတ်၊ မဟုတ် ဟုတ် တကယ်လွမ်း တယ်”

ဗိုလ်အောင်နိုင်က သူ့စကားနဲ့သူ မလုံမလဲ ပြုံးနေပေမဲ့ ကျွန်တော် တို့က သူ့ကို နောက်ဖို့ ပြောင်ဖို့ သတိမရကြပါဘူး။

"နောက် ကျွန်တော် ဗိုလ်ကြီးအဆင့်နဲ့ အရှေ့မြောက်တိုင်းမှာ တာဝန်ကျတော့ အဲဒီဘက်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ နယ်ဘက်က အရာရှိတွေနဲ့ ပူးတွဲလုပ်ဆောင်ရတဲ့အပိုင်းမှာ နယ်ပိုင်ဝန်ထောက် ဦးလှဖေ ဆိုတဲ့လူကို သွားတွေ့တယ်။ မေးကြည့်တော့ မန္တလေး ကျောက်တန်းက ဆိုတော့ သူပဲ။ သူ့ကို ကျွန်တော်က ကျွန်တော့်ထက် ကံထူးသူအနေနဲ့ လေးစားပါတယ်။ နောက် စုံစမ်းကြည့်တော့ ဟုတ်တယ်။ သူ့ဇနီးက ဒေါ်ခင်မြင့်ပဲ။ ကျွန်တော် စိတ်တွေ လှုပ်ရှား ခဲ့ရပြန်တယ်"

သွဲ့ကတော့ ပြုံးရုံပဲ ပြုံးနေတယ်။ မိနဲ့ ကျွန်တော်တို့ကတော့ ဒီနေရာမှာ စိတ်ဝင်စားမှု အရှိန်မြင့်လာသလို နားစွင့်နေကြပါတယ်။

"ဒါပေမဲ့ ခက်တာက ဒီလူနဲ့ ကျွန်တော်ကလည်း အစည်းအဝေး တွေ၊ စစ်ဆင်ရေးတွေမှာပဲ တွေ့ရပြီး သူ့အိမ်အထိ လိုက်ပြီး အေးအေး ဆေးဆေး လည်နိုင်လောက်အောင် အခါအခွင့်ကလည်း မသင့်နိုင်ဘူး။ နှစ်ယောက်စလုံးက တာဝန်တွေကိုယ်စီနဲ့ အလုပ်ကပါနေတော့ အာလာပသလ္လာပ ပြောဖို့ဆိုတာ အချိန်ရှာလို့ မရနိုင်ဘူး။ တကယ်က အချိန်ရလို့ပြောလည်း မခင်မြင့်အကြောင်းကိုတော့ ပြောလို့ဖြစ်မယ် မဟုတ်ပါဘူး"

ဒီနေရာမှာ မိက ဝင်ထောက်ပါတယ်။

"ပြောပေါ့ရှင်၊ 'ခင်ဗျားဇနီး မခင်မြင့်ဆိုတာ ကျောင်းမှာတုန်းက ကျွန်တော်တို့နဲ့ သိပ်ခင်တာ'လို့ ပြောရင် သူ အိမ်ရောက်တော့ သူ့မိန်းမကို ရှင့်အကြောင်း ပြောပြမှာပေါ့"

"အဲဒါကို ကျွန်တော် ခဏခဏစဉ်းစားမိပေမဲ့ ဘာကြောင့်မှန်း တော့ မသိဘူး၊ ကျွန်တော် မပြောဖြစ်ခဲ့ပါဘူး၊ မပြောဖြစ်တာလည်း ကောင်းပါတယ်၊ ပြောများပြောဖြစ်ရင် ကျွန်တော် အခုထက် မျက်နှာ ပူနေရမယ်"

"ဘာဖြစ်လို့လဲ"

"ပြောမယ်လေ။ ဒီလိုနဲ့ ကံအားလျော်စွာ ဆိုသလိုပါပဲ။ ကျွန်တော်တို့တပ်ရင်းမှူး ကျွန်တော်တို့တပ်စခန်းကို စစ်ရေးကိစ္စတစ်ခုနဲ့ ရောက်လာရင်း အဲဒီမှာရှိတဲ့ စစ်ဘက်နယ်ဘက်အရာရှိများကို ခေါ်ဆွေးနွေးတယ်၊ ကျွန်တော်တို့ လုပ်ကိုင်နေကြပုံကို သိပ်သဘောကျပြီး သူမပြန်ခင် တစ်ညနေခင်း ဒင်နာကလေးတစ်ခု စီစဉ်တယ်။ အဲဒီဒင်နာမှာ နယ်ဘက်က အရာရှိတွေနဲ့ သူတို့ရဲ့ဇနီးတွေကိုပါ ဖိတ်ပါတယ်။ ကျွန်တော်က ဖိတ်စာတွေစီစဉ်ရင်း နယ်ပိုင်ဦးလှဖေကို 'နယ်ပိုင်ကြီးဇနီးပါ ခေါ်လာမယ် မဟုတ်လား'လို့ စကားထောက်ကြည့်တော့ 'ဟာ– ခေါ်လာရမှာပေါ့ ဗိုလ်ကြီးရယ်၊ သူတို့လည်း ဒီဘက် ရောက်ကတည်းက ပျင်းပြီး ဒီပွဲမျိုး မျှော်နေကြတာ၊ ကျွန်တော်တို့က မခေါ်လည်း သူတို့ဘာသာ လိုက်ကြမှာဗျ၊ အခုလည်း သတင်းသန့်သန့် ကြားကတည်းက ဟန်တပြင်ပြင် ဖြစ်နေကြတာ' လို့ ရယ်ရယ်ဟားဟားနဲ့ ပြောပါတယ်။ ကျွန်တော် တကယ် စိတ်လှုပ်ရှားရပြီပေါ့"

"တကယ့်ပွဲကျတော့ တကယ်ခေါ်လာရဲ့လား"

"ခေါ်လာတယ်"

မိက အကြီးအကျယ် စိတ်ဝင်စားဟန် ပြပေမယ့် သွဲ့ကတော့ သူ့အစ်ကိုကို ကြည့်ပြီး ပြုံးနေတယ်။ မိက ကိုအောင်ခိုင် ပြောမည့် စကားကို စိတ်ရှည်ရှည်ဖြင့် စောင့်မနေဘဲ "အင်း–အင်း၊ ဒါဖြင့် တွေ့ရတာပေါ့၊ မြင့်က ကိုအောင်ခိုင်ကို မြင်တော့ သူ့မျက်နှာ ဘယ်လိုနေလဲ၊ နှုတ်ဆက်ရဲ့လား၊ ကိုအောင်ခိုင်ကကော မြင့်ကို ဘယ်လိုနှုတ်ဆက်လဲ၊ မှတ်ကော မှတ်မိကြရဲ့လား"လို့ မိဆီက မေးခွန်းတွေစုပြုံပြီး ထွက်လာပါတယ်။

အဲ–အဲဒီအခိုက်မှာပဲ စောစောက သွဲ့ရဲ့ရင်ခွင်မှာ အိပ်ပျော်သွားလို့

သူ့အနားက ဆိုဖာပေါ် ချသိပ်ထားတဲ့ သားကလေးက နိုးလာတော့ ကလေးကို ရှူးရှူးတည်၊ ရေတိုက်၊ နို့တိုက်၊ ဘီစကစ်ကျွေးနဲ့ အတော် ကလေး အလုပ်ရှုပ်သွားပြီး၊ မိရော သွဲ့ပါပြန်ထိုင်ကြတော့မှ ကိုအောင်ခိုင့် ဇာတ်လမ်းကို ဆက်ပြီး နားစွင့်ကြရပြန်ပါတယ်။

"အင်း- ဆက်ပြောပါဦး၊ ကိုအောင်ခိုင်ကို သူ မှတ်မိရဲ့လား၊ ဘယ်သူက စပြီးနှုတ်ဆက်လဲ"

"ကျွန်တော်လည်း ဧည့်သည်တွေကို ဆီးကြိုပြီး တပ်ရင်းမှူးနဲ့ မိတ်ဆက်နေရာချပြီး အလုပ်များနေတာနဲ့ သူတို့ရောက်လာရင် ဘယ်လို နေမလဲဆိုတာ စဉ်းစားမနေအားဘူး။ ဒါပေမဲ့ မျှော်တော့ မျှော်နေမိပါ တယ်။ နယ်ဘက်ကပွဲတွေ ကျွန်တော် သိပ်မတက်ဖူးလို့ မသိဘူး။ သူတို့ အဖို့တော့ ဒါဟာ ပွဲကြီးပွဲကောင်း၊ ဝတ်စားဆင်ပြင် လာလိုက်ကြတာ ကတော့ တကယ့် မင်းကတော် စိုးကတော်တွေပါပဲဗျာ။ စိန်တွေ၊ ရွှေတွေ ကလည်း ဝင်းလို့ပါပဲ။ မျက်နှာတွေကလည်း မင်းပွဲ စိုးပွဲတိုင်း ဒီလိုပဲလား မသိဘူး။ လိမ်းခြယ် ဆင်သ,လာလိုက်ကြတာ နဂိုရုပ် ဖမ်းမိနိုင်စရာ မရှိဘူး။ သူတို့ကတော့ ရွှင်လို့လန်းလို့။ ကျွန်တော်တို့ကတော့ စစ်တိုက် နေရတဲ့လူတွေဆိုတော့ သိပ်မယဉ်ကျေးလှဘူးဗျ။ 'တွေ့ရတာ ဝမ်းသာပါ တယ်' ဆိုတာကိုတောင် အပေါက်အလမ်း တည့်အောင် ပြောတတ်တာ မဟုတ်ဘူး။ သူတို့ မင်းစိုးရာဇာအသိုက်အဝန်းမှာလည်း သိပ်စကား မပြောတတ်ဘူး။ သူတို့က ကျွန်တော်တို့နဲ့ တွေ့ရတာ ဝမ်းသာကြပေ မဲ့၊ ကျွန်တော်တို့က သူတို့နဲ့ ပြိုင်ပြီး ဝမ်းမသာနိုင်ကြတာကတော့ သူတို့လို စကားမပြောတတ်လို့ပဲ ဆိုရမှာပါပဲ။ သူတို့လို ယဉ်ကျေး ဖွယ်ရာ မရှိဘူးပေါ့။ စစ်သားဆိုတာ ဟန်တွေ ပန်တွေလည်း မရှိဘူး။ ဒီတော့ ကျွန်တော်လည်း အဲဒီညကတော့ ဧည့်ဝတ်ကျေရုံပါပဲ။ ဘာ စကားမျှ သိပ်မပြောဖြစ်ပါဘူး"

"ဘာလဲ၊ မြင့်က ကိုအောင်ခိုင်ကို မမှတ်မိဘူးလား၊ မမှတ်မိဘဲ တော့ နေမှာမဟုတ်ပါဘူးရှင်။ မင်းကတော်၊ စိုးကတော်ပိုင်း ရောက် သွားလို့ ပြောင်းလဲသွားတာဖြစ်မှာပါ၊ ပတ်ဝန်းကျင်ကလည်း ရှိသေး တယ်လေ။ အသိုက်အဝန်းကြောင့်လည်း ဖြစ်မှာပေါ့၊ မြင့်က ကျောင်း မှာတုန်းကတော့ ဒီလိုမဟုတ်ပါဘူး၊ ကျွန်မတို့ သိတာပေါ့"လို့ မိက သူထင်ရာ သူ လျှောက်ပြောသွားတော့ ကိုအောင်ခိုင်က ကပျာကယာ လက်ကာပြီး ခါရင်း

"မဟုတ်ဘူး၊ မဟုတ်ဘူး မိ။ အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော် ပြောတာကို ဆုံးအောင် နားထောင်ပါဦး။ ကျွန်တော်ဗျာ၊ နယ်ပိုင်ဦးလှဖေ နဲ့ သူ့ဇနီးရောက်လာလို့ မိတ်ဆက်ပေးတော့ ကျွန်တော့် ခေါင်းထဲမှာ ဝေသွားတာပဲ။ ရယ်စရာကောင်းတယ်လို့ ဆိုရမလား၊ ကျွန်တော့်အဖို့ တော့ ခပ်ငယ်ငယ်ကသာဆိုရင် ရယ်ဖို့နေနေသာသာ ဖင်ဆောင့်ဆောင့် ပြီး ငိုပစ်လိုက်ချင်စရာပါပဲ"

"ရှင်– ဘယ်လို"

"ကျွန်တော်ဗျာ၊ တကယ်ပဲ ဦးလှဖေက သူ့ဇနီးပါ ခေါ်ခဲ့မယ်လို့ ဆိုတဲ့အချိန်ကစပြီး အဲဒီ ဒင်နာညကျ မြင့်ကိုတွေ့ရင် ဘယ်ကစပြီး နှုတ်ဆက်ရမယ်ဆိုတာကို အားတိုင်း စဉ်းစားလာလို့ တွေ့တဲ့အခါ 'မြင့် နေကောင်းလား၊ အောင်ခိုင်ပါ' ဆိုတဲ့စကား အလွတ်ရနေအောင် ကျက်ပြီး လေ့ကျင့်ထားတာ။ တကယ်ဗျာ။ တကယ်လည်းတွေ့ရော ကျွန်တော့်မှာ ဘာတစ်ခွန်းမျှ ပြောမထွက်ဘဲ အ,အကြီးလို ငေးကြောင် ကြောင်ကြီး ဖြစ်သွားလို့ လူမသိခင် မနည်းကြိုးစားပြီး ဣန္ဒြေဆည် ယူရတယ်"

"ရှင်– ဘယ်လိုကြောင့်လဲ"

"ဘယ်လိုကြောင့်လဲဆို မိပဲ စဉ်းစားကြည့်လေ၊ အဲဒီ နယ်ပိုင်

ဦးလှဖေရဲ့ဇနီး ဒေါ်ခင်မြင့်ဆိုတာ ကျွန်တော်တို့ မြင့် မဟုတ်ဘူးဗျ၊ ကဲ"

ကျွန်တော်ရော မိပါ ပြိုင်တူ ပါးစပ်ဟလိုက်ကြပြီး 'ဟာ' လို့များ အသံထွက်လိုက်မိကြသလား မသိဘူး။ ကိုအောင်နိုင်လည်း ကျွန်တော်တို့ အံ့အားသင့်နေကြပုံကိုကြည့်ပြီး သူ့စကားသူ ရပ်ထားတယ်။ သွဲ့က တော့ ဒါကိုသိထားလို့ ထင်ပါတယ် ခပ်အေးအေးပဲ။ သူ့သားအတွက် မိ ဖျော်ပေးထားတဲ့ အိုဗာတင်းနဲ့ ဘီစကွတ် ကျွေးနေတယ်။ အတော်ကြာ မှ မိက အံ့သြလျက်ကပဲ–

"ဟောတော့၊ အဲဒါ အဲဒါ ဟုတ်ကော ဟုတ်ရဲ့လားရှင်၊ ကျွန်မ တို့မြင့် မဟုတ်ဘူးဆိုတော့၊ ဟာ ရှုပ်ကုန်ပြီ၊ နာမည်တူလား၊ ဒါလည်း ဘယ်လိုဖြစ်နိုင်မှာလဲ၊ အဖေတွေ၊ အမေတွေ၊ ဘိုနာမည်တွေအားလုံး တူနိုင်မလား၊ မဖြစ်နိုင်တာပဲရှင်"

မိက မယုံနိုင်သေးသလို ပြောနေပြန်ပါတယ်။

"ဟုတ်တယ် မိ။ ကျွန်တော်တို့ မှားတာပါ။ အမှုမဲ့ အမှတ်မဲ့နဲ့ တစ်ဘဝလုံး ပြောင်းဆန်သွားအောင် မှားတဲ့အမှား။ ကျွန်တော်တို့ မခင်မြင့်ရဲ့အဖေက အခွန်တော်ဌာန စာရေးကြီး ဦးမြင်ထင်၊ အမေ နာမည်ကိုတော့ ကျွန်တော်တို့ နောက်မှ သိရတာ ဒေါ်လေးမေ။ သူတို့ မန္တလေးလိပ်စာက စိတြမဟီရပ်တဲ့။ သူငယ်ငယ်က အင်္ဂလိပ်ကျောင်း တုန်းကခေါ်တဲ့ ဘိုနာမည်က အေမီတဲ့"

မိက မယုံကြည်နိုင်သေးသလို စဉ်းစားရင်းက "ဟုတ်သားပဲ။ ကျွန်မတို့မြင့် နာမည်က အေမီပဲ"လို့ သူ့ဘာသူ ပြောသလို ပြောရင်း စောစောက ဗိုလ်အောင်နိုင် စားပွဲပေါ်ချပြီး 'မခင်မြင့် ကျန်ရစ်တယ်' ဆိုတဲ့ ပိုက်ဆံအိတ်ကလေးနဲ့ ဖိထားတဲ့ သတင်းစာဖြတ်ပိုင်းကလေးကို မကျေမချမ်း ကောက်ကြည့်နေပြန်ပါတယ်။ နူတ်ကလည်း "ကြုံကြုံဖန်ဖန် ရှင်၊ လွဲဖို့ဖန်လာသလိုပဲ"လို့ ဆိုလိုက်ပါတယ်။ ပြီးမှ "ဒါနဲ့ သူပြန်လာ

မယ်ဆိုပြီး ပြန်မလာတော့တာကကော"လို့ ဆက်မေးပြန်ပါတယ်။

ဖိုလ်အောင်နိုင်က "ဪ– လာတယ် မိ၊ သူ လာတယ်၊ ဟိုမှာ သူ့အဖေ အသည်းအသန်မမာလို့ ဆေးရုံတွေဘာတွေ တင်ကုရတာ တစ်လကျော်ကျော် ကြာသွားတယ်တဲ့။ သူ့အဖေအတွက် စိတ်ချရမှ သူ ရန်ကုန်ပြန်ဆင်းတာ။ သူလာချိန်ကျတော့ ကျွန်တော်တို့လည်း ရန်ကုန်မှာ မရှိကြတော့ဘူး။ မြင့်လည်း သူသွားတတ်သမျှ နေရာတွေ တော့ အကုန်လိုက်ပြီး မေးမြန်းစုံစမ်းတယ် ဆိုတဲ့အကြောင်း နောက်မှ ဟိုနားကတစ်စ ဒီနားကတစ်စ ကျွန်တော်တို့ သိရတာ"လို့ ပြောပါတယ်။

"ဖိုလ်မှူး အိမ်ပြန်သွားတာတို့၊ တပ်မတော်ထဲ ဝင်သွားတာတို့ကို ဘယ်သူကမှ သူ့ကို ပြောမပြလိုက်ကြဘူးလား၊ သွဲ့ လိပ်စာတော့ သူ့ဆီ မှာ ရှိမှာပေါ့"

"ကဲ– ဟုတ်ပါပြီ၊ အဲဒီမခင်မြင့်ဟာ ကျွန်မတို့မြင့် မဟုတ်ဘူး ဆိုတော့ ကျွန်မတို့ မြင့်က ဘယ်ရောက်သွားလို့လဲ"

"ကျွန်တော်လည်း ဒါကို သိရပြီးတဲ့နောက်ပိုင်းမှာ ရောက်ရာ အရပ် သူ့ကိုရှာတာပဲ၊ မြန်မာပြည်အနှံ့အပြားရောက်ခဲ့ပြီး ဒီနေ့အထိ တော့ သတင်းအစအနတောင် မရသေးဘူး"

"မန္တလေးမှာရော"

"နှံ့ပြီ၊ သူတို့နေရာဟောင်းကိုလည်း တွေ့တယ်၊ ဘယ်ပြောင်း သွားကြတယ်ဆိုတာ ဘယ်သူမှ ပြောမပြနိုင်ကြဘူး၊ စစ်ကိုင်းဘက် ပြောင်းသွားကြသလိုလို ပြောကြလို့ စစ်ကိုင်းက သူငယ်ချင်းတွေဆီ ဆက်သွယ်ထားတာ အခုထိတော့ ဘာသတင်းမှ မရသေးဘူးဗျာ၊ အတော်တောင် ကြာသွားပြီ"

"မိရေ"

"ရှင်"

"ဤတွင် ဓာတ်လမ်းနိဋ္ဌိတံတော့ မဟုတ်သေးဘူးနဲ့ တူတယ်ကွ၊ ဓာတ်သိမ်းခန်းလှလှကလေး ကြည့်ရအောင် တို့ပါ ဝိုင်းပြီး ရှာပုံတော် ဖွင့်မှပဲ ထင်တယ်၊ ကဲ– ဗိုလ်မှူး 'တွေ့ရှိအောင် သတင်းပေးနိုင်သူအား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်'လို့သာ ကြေညာလိုက်ပေတော့"

ဗိုလ်မှူးအောင်ခိုင်လည်း စိတ်ထဲမှာ ရွှင်မြူးသွားသလို "ရှိတာ အကုန်ပုံပေးပြီး ကျေးဇူးဆပ်ဆို ဆပ်ပါမယ်ဗျာ၊ ကဲ" ဆိုပြီး အားရပါးရ ရယ်နေပါတယ်။

ညနေစောင်းမှာတော့ ရေနံရုံးက ကားတစ်စီး အိမ်ရှေ့ကို ဆိုက် လာပြီး ကားပေါ်ကဆင်းလာတဲ့သူကို သွဲ့က ပြေးကြိုလိုက်ပါတယ်။

"အိမ်လိုက်ရှာနေရသေးလား"လို့ သွဲ့က မေးတော့ "မရှာရပါဘူး၊ ဒါ မောင်တို့ ကျောင်းသားဘဝက သွားနေကျ လာနေကျ နေရာတွေပဲ" လို့ ပြန်ပြောပါတယ်။

အိမ်ထဲ ထိုင်မိကြတော့ သွဲ့က ကျွန်တော်နဲ့ မိတ်ဆက်ပေးပြီး မိ ဖျော်ပေးတဲ့ သံပရာရည်တစ်ခွက်လာပေးတာကို လှမ်းယူရင်း "အောင်ခိုင်ရေ၊ သံပရာရည်တစ်ခြမ်းနဲ့ ကျေရတယ်ဆိုတာ ငါ အခုမှ သဘောပေါက်တယ်ကွာ၊ မင့်နှမတော့ ငါ မင့် ပြန်အပ်ချင်ပြီဟေ့"လို့ ဆိုလိုက်ပါတယ်၊ အဲဒီအခါမှာ သွဲ့က တစ်ချက်မဲ့ပြလိုက်ပြီး "အံမာ– ကြီးကျယ်လိုက်တာ၊ တကယ်ဖြင့် မအပ်နိုင်ပဲ"လို့ ရန်တွေ့သလို ဆိုပါတယ်။ ဗိုလ်အောင်ခိုင်ကလည်း "ငါ အခုပဲ ပြောနေပါသေးတယ်ကွာ၊ ဒီကောင်မ၊ လင်ကို နွားလို ခိုင်းနေတာလို့" ဆိုပြီး ရယ်တော့ အားလုံး ဝိုင်းရယ်ကြရ ပါတယ်။

"ကိုကိုက ဘယ်တော့မဆို သူ့ယောက်ဖဘက်ကချည်းပဲ"

သူတို့တစ်တွေ အခုလို ချစ်ချစ်ခင်ခင် ရယ်ရယ်ဟားဟား နေကြ တာ ပျော်စရာပါပဲ။ လူ့ဘဝ ရန်းရကန်ရတာဟာ အဲသလို စိတ်ချမ်းမြေ့

စရာတွေရှိနေရင် နဖူးကချွေး ခြေမကျရအောင် အလုပ်လုပ် နေရတာ ဖြစ်ဦးတော့ 'သံပရာတစ်ခြမ်း'နဲ့ ကျေရတယ်ဆိုတာလိုပါပဲ။ အချင်းချင်း ချစ်ခင်မှုကလေးတွေဟာ ဘဝအမောတွေကို ပြေစေတယ် လို့လည်း ထင်မိပါတယ်။

ညနေစာကို ပျော်ပျော်ပါးပါး ရယ်ရယ်ဟားဟားနဲ့ စားကြ သောက်ကြပြီးလို့ သူတို့တစ်တွေ နှုတ်ဆက်ပြန်သွားကြတော့ ကျွန်တော် က မိကို "ဒီလို အသိုက်အဝန်းထဲကို မခင်မြင့်တစ်ယောက် ပါလာရင် ပြည့်စုံပြီကွ"လို့ ပြောတော့ မိလည်း အဝေးကိုငေးပြီး စဉ်းစားနေရာက "ဟုတ်တယ်"လို့ ခပ်လေးလေး ဆိုပါတယ်။ သူ ဘာတွေ စဉ်းစားနေ တယ်ဆိုတာတော့ မပြောတတ်ပါဘူး။

[ ၄ ]

မိ ရုံးကအပြန် သူ့အရင် အိမ်ပြန်ရောက်နေနှင့်တဲ့ ကျွန်တော်က အိမ်တံခါးဝမှ ရပ်ကြည့်နေတော့ သူကလည်း ကျွန်တော့်ကိုကြည့်ရင်း သူ့မျက်နှာအမူအရာက ကျွန်တော့်ကို ပြောပြစရာတစ်ခုခု ပါလာတယ် ဆိုတာ ဖော်ပြနေလို့ ကျွန်တော်လည်း သူ့နောက်က လိုက်သွားတာပါပဲ။

"ဘာလဲ မိ"

အိမ်ထဲရောက်ပြီး သူ့လက်ဆွဲခြင်းကို ထမင်းစားစားပွဲပေါ်ချ၊ သောက်ရေအိုးက ရေတစ်ခွက် ခပ်သောက်ပြီး ယပ်တောင်တစ်ချောင်း ကောက်ကိုင်ကာ သူ့ကိုယ်သူယပ်ခတ်ရင်း သူ့ရှေ့က ကုလားထိုင်ကို ယပ်တောင်နှင့်ပြရင်း 'ထိုင်' လို့ ဆိုပါတယ်။ သူ့ကိုယ်သူ ယပ်ခတ်လို့ အတော်ကလေးနေမှ "ဒီနေ့ မိရုံးကို ကိုအောင်နိုင် လာသွားတယ်၊ အိမ်ကိုတော့ လာချိန်မရတော့ဘူးတဲ့"လို့ စပြောပါတယ်။

"တွေ့ပြီတဲ့လား မြင့်ကို"

မိက ကျွန်တော့်မေးခွန်းကို မဖြေဘဲ သူ့လက်ဆွဲခြင်းထဲက ခပ်ရှည်ရှည် စာအိတ်တစ်ခုကို ဆွဲထုတ်လိုက်ပြီး ကျွန်တော့်ကို လှမ်းပေးပါတယ်။ ကျွန်တော်လည်း သူ လှမ်းပေးလိုက်တဲ့ စာအိတ်ကိုယူပြီး မစုတ်မပြဲရအောင် တရိုတသေဖွင့်ထားတဲ့ စာအိတ်ထဲက စာရွက်တွေကို ထုတ်ယူလိုက်ပါတယ်။ ကျွန်တော် စာရွက်တွေကို ဖြန့်ပြီး ဖတ်နေတော့မှ မိလည်း သက်ပြင်းတစ်ချက်ချပြီး အဝတ်လဲဖို့ အိမ်ထဲကို ထဝင်သွားပါတော့တယ်။

ကိုအောင်နိုင်ရှင့်

ကျွန်မ ဘယ်သူ့ဆီကိုမှ စာမရေးတာ ကြာပါပြီ။ ရေးစရာအကြောင်းရယ်လို့လည်း သိပ်မရှိလို့ပါပဲ။ တစ်နေ့ဆီက ကိုအောင်နိုင် အိမ်ကို လာသွားတယ်လို့ ညီမအထွေးက ကျွန်မရှိရာကို လိုက်လာပြီး ပြောပြလို့ သိရပါတယ်။ အထွေးဆိုတာ ကျွန်မအမေရဲ့ ညီမအရင်းက မွေးတဲ့ ကျွန်မတို့ညီမ တစ်ဝမ်းကွဲပါ။ အထွေးရဲ့ ညီမတွေ၊ မောင်တွေ၊ အစ်ကိုတွေက အဝေးရောက်နေကြပြီး မိဘများလည်း မရှိကြတော့ပါဘူး။ သူတစ်ယောက်တည်းနေတဲ့ ကျောင်းဆရာမ အပျိုကြီးပါ။ သူကလည်း ၄၀ ကျော်ပါပြီ။ အိမ်ထောင်ပြုဖို့ စိတ်မကူးသာတော့တဲ့ အရွယ်ပါ။ ကျွန်မအနေနဲ့က တော့ အထွေးထက် လေးနှစ်ကြီးရုံမက သူနဲ့က ညီအစ်မတွေထဲမှာ တစ်ယောက် တစ်ယောက် အချစ်ဆုံး၊ နားအလည်ဆုံး၊ စိတ်ချင်းအတူဆုံးမို့ သူနဲ့လာနေလို့ ဖြစ်တာပါ။ အထွေးရုပ်ရည်ဘယ်လိုကြည်လင်တယ်၊ သန့်ရှင်းတယ်၊ မိန်းမပီသတယ်ဆိုတာ ကိုအောင်နိုင် မြင်မှာပေါ့။ သူ့မှာ အချိန်အရွယ်ကောင်းစဉ်က ချစ်သူခင်သူတွေ များခဲ့ပါတယ်။ သူကိုယ်တိုင်က စိတ်ညွှတ်ခဲ့

သူလည်း ရှိခဲ့ပါတယ်။ အဲဒီလူဟာ အခု လူ့လောကထဲမှာ နေရာ အတော်ကျယ်ကျယ်ဝန်းဝန်းရထားသူ ဖြစ်ပါတယ်။ ရှောင်ခဲ့သူက တော့ အထွေးပါ။

ကျွန်မတို့ စစ်ကိုင်းဘက်ကို ရွှေ့ခဲ့ကြတာကတော့ ဖေဖေ့နမ သီလရှင်က ဖေဖေနဲ့ မေမေ့ကို သူ့ချောင်မှာ ခေါ်ထားပြီး တရား အားထုတ်ရင်း ပျော်သလောက်နေပါ။ သူတို့ ဝတ်ကြီးဝတ်ငယ် ကိစ္စအဝဝ သူ စောင့်ရှောက်မယ်ဆိုပြီး တာဝန်ယူလို့ အလုပ် တစ်ဖက်နှင့် ဘယ်နည်းနဲ့မှ တာဝန်မကျေနိုင်တဲ့ ကျွန်မကလည်း သဘောတူခဲ့ရခြင်းပါ။ ကျွန်မကိုယ်တိုင်ကလည်း ဖေဖေတို့ မေမေတို့နဲ့ နီးရာမှာ နေသင့်တယ်။ အထွေးကလည်း ခေါ်နေ တယ်ဆိုတော့ အားလုံးအဆင်ပြေလို့ ပြောင်းခဲ့ကြတာပါပဲ။ ပိုပြီး အဆင်ပြေအောင် ကျွန်မအလုပ်ကိုပါ အထွေးတို့ကျောင်းကိုပဲ ပြောင်းရွှေ့ယူခဲ့ပါတယ်။ အခု ကျွန်မ အလုပ်ရက်တွေမှာ အထွေး ဆီကနေပြီး အလုပ်ဆင်းပါတယ်။ ပိတ်ရက်တွေမှာ ချောင်ထဲက ဖေဖေ မေမေတို့နဲ့ လာပြီးနေပါတယ်။ ကျွန်မဘဝ ငြိမ်းချမ်းပါတယ်။

ကိုအောင်ခိုင်က ကျွန်မတို့ကို လိုက်ပြီး ရှာနေတယ်ဆိုတာ ကျွန်မတို့ မန္တလေးအိမ်မှာနေနေတဲ့ ဆွေမျိုးတွေဆီက သိရပါ တယ်။ ကိုအောင်ခိုင် အံ့ဩနေသလား။ ကျွန်မတို့ စစ်ကိုင်းဘက် ရွှေ့လာကြတော့ အဲဒီအိမ်မှာ နေရစ်ကြသူတွေက ကျွန်မတို့အမေ ဘက်က ဆွေမျိုးအရင်းတွေပါ။ ကျွန်မတို့ ဒီလိုရွှေ့လာကြတာကို ဘယ်သူမှ အသိမပေးဖို့ မှာခဲ့လို့ ကိုအောင်ခိုင် သွားမေးတုန်းက သူတို့ ပြောမပြလိုက်ကြတာပါ။ အကြောင်းထွေထွေထူးထူး ရှိလို့ ရယ် မဟုတ်ပါဘူး။ အေးချမ်းရာကို ရှာနေတဲ့ လူတွေရဲ့နောက်ကို ညှော်သည်တွေ လိုက်လာမှာစိုးလို့ပါပဲ။ ဒါတောင် ဟိုကဒီက

စုံစမ်းမေးမြန်းပြီး လိုက်လာကြသူတွေ သိဟောင်း ကျွမ်းဟောင်းတွေကိုတော့ ရှောင်လို့မရခဲ့ပါဘူး။ ပထမ ကိုအောင်ခိုင် လာမေးတယ်ဆိုတဲ့နေ့က ကျွန်မ ခွင့်ယူပြီး ချောင်ထဲသွား မေမေတို့နဲ့ ဥပုသ်စောင့်နေတုန်းမို့ပါ။ ဖေဖေကလည်း ကောင်းကောင်းမမာတော့ ကျွန်မ သူတို့နဲ့ အနေများရပါတယ်။ ကိုအောင်ခိုင် တစ်ခေါက် အိမ်အထိ စုံစမ်းပြီး လိုက်လာတော့လည်း ကျွန်မ ချောင်ထဲမှာပါ။ မှန်တာ ပြောရရင် ကျွန်မဘဝ ငြိမ်းချမ်းပါတယ်။ ငြိမ်းချမ်းတဲ့နေရာမှာ နေရတာကိုလည်း ပျော်မွေ့ပါတယ်။ ကျွန်မ ဘယ်သူနဲ့မျှ မတွေ့ချင်ပါဘူး။ အထွေး ပြောပြလို့ သိရတာကတော့ ကိုအောင်ခိုင်တစ်ယောက် လူ့လောကမှာ အောင်မြင်ကြီးပွားနေသူတစ်ယောက် ဖြစ်နေတယ်ဆိုလို့ ကျွန်မ တကယ်ပဲ မုဒိတာဖြစ်ရပါတယ်။ ကျွန်မရဲ့ ပေါင်းဟောင်း သင်းဟောင်းတွေထဲမှာ ကိုအောင်ခိုင်တို့၊ သွဲ့တို့၊ မိတို့၊ ကိုသန်းဝင်းတို့ ဆိုတာတွေကတော့ ကိုယ့်သွေးရင်းသားချင်းတွေလို တစ်ယောက် တစ်ယောက် နားလည်ခဲ့ကြသူတွေမို့ အစဉ်သတိရပြီး ဘုရားရှိခိုးတိုင်း အာရုံပြုပြီး 'ငြိမ်းချမ်းကြပါစေ' ဆိုတာ မေတ္တာပို့လျက်ပါပဲ ကိုအောင်ခိုင်။ ကျွန်မ ရန်ကုန်ကို တစ်ခေါက်ပြန်ပြီး အလုပ်လျှောက်လွှာတင်ရင်း သွဲ့တို့၊ ကိုအောင်ခိုင်တို့ကို လိုက်ရှာခဲ့ပါသေးတယ်။ ကျွန်မ ဆေးရုံကို ရောက်တယ်။ ကမာရွတ်က ကိုအောင်ခိုင်တို့ အဒေါ် အိမ်ကိုလည်း ရောက်ပါတယ်။ ဒီနောက် တစ်နှစ် ကျွန်မ အလုပ်ဝင်ပြီးမှ ခွင့်ယူပြီး ကျွန်မညီမ အထွေးနှင့်အတူ ဘီအီးဒီ နှစ်နှစ် လာတက်ပါသေးတယ်။ ဖေဖေမေမေတို့ ကျန်းမာရေးကလည်း ကောင်းနေလို့ပေါ့လေ။ အဲဒီတစ်ခေါက်မှာတော့ ကျွန်မ ဘယ်မှ မထွက်တော့သလောက်ပါပဲ။ ဘယ်သူနဲ့မျှလည်း အဆက်

အသွယ် မလုပ်ခဲ့တော့ပါဘူး။ ကိုသန်းဝင်းနဲ့ မိတို့ လက်ထပ်ကြတော့ ကျွန်မ ရန်ကုန်မှာ ရှိပါတယ်။ အဆောင်မှာ ကုပ်ပြီး စာကျက်နေလိုက်ပါတယ်။ သွဲ့နဲ့ ကိုခင်ကျော်တို့ လက်ထပ်တော့လည်း ကျွန်မ ဒုတိယနှစ် ဘီအီးဒီစာမေးပွဲ ဖြေနေပါတယ်။ သွဲ့ကို ခင်မင်တဲ့စိတ်က နိုးဆော်လို့ ကျွန်မ သူတို့ကို သွားတွေ့ရ ကောင်းမလားလို့ ချီတုံချတုံနဲ့။ နောက်ဆုံးကျ မသွားတော့ဘူးလို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်မ ဘယ်သူ့ကိုမှ မတွေ့ချင်တော့ဘူးဆိုတာက ကျွန်မမှာ နာကြည်းတဲ့စိတ်မျိုးနဲ့ အတိတ်ကို ပြန်မတွေးချင်တော့ဘူးဆိုတာမျိုး မရှိဘူးဆိုတာကိုတော့ ကိုအောင်ခိုင် ယုံကြည်စေချင်ပါတယ်။ ကျွန်မမှာ အောက်မေ့နေလောက်စရာ၊ သို့မဟုတ် မေ့ပစ်ချင်လောက်စရာ အတိတ်ဖြစ်ရပ် ဘာတစ်ခုမှမရှိခဲ့ဘူးဆိုတာ သွဲ့တို့၊ မိတို့၊ ကိုအောင်ခိုင်တို့ အသိဆုံးလို့ ဆိုချင်ပါတယ်။ ငယ်ငယ်ကလည်း မရှိခဲ့ပါဘူး။ အခုလည်း မရှိပါဘူး။ နောက်လည်း ရှိမယ် မဟုတ်ပါဘူး။

ကျွန်မ အချိန်အားရှိရင် စာဖတ်ပါတယ်။ တရားစာတွေချည်း ဖတ်နေတာ မဟုတ်ပါဘူး။ လောကီစာတွေကိုလည်း လက်လှမ်းမီရာ အင်္ဂလိပ်၊ မြန်မာ ဂျာနယ်မဂ္ဂဇင်းတွေ၊ ဝတ္ထုဆောင်းပါးတွေကိုလည်း ဖတ်လျက်ပါပဲ။ ဖတ်တိုင်းဖတ်တိုင်းလည်း 'ဩော်–လောကကြီးထဲက လူတွေဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြပါကလား၊ ဒုက္ခရောက်ကြပြန်တော့လည်း 'အမေ ကယ်ပါ၊ အဘ ကယ်ပါ၊ တစာစာအော်ကြဟစ်ကြ ရပြန်တာပါကလားလို့ သံဝေဂဖြစ်မိတာတော့ အမှန်ပါပဲ။ သဲကုန်းဆရာတော်ဟောတဲ့ တရားထဲက ငရုတ်သီးတောင်း ဘေးချပြီး ထမင်းစားနေတဲ့ 'မူလာ'

ဆိုတဲ့ ကုလားကြီး ချိုတဲ့ ငရုတ်သီးကလေးများ တစ်တောင့် တလေ တွေ့ရလေမလားလို့ ရွေးရင်းရွေးရင်း တစ်တောင့်ပြီး တစ်တောင့် ကိုက်ကိုက်စား၊ ချွေးတလုံးလုံးနဲ့ နှာရည်က တရွှဲရွှဲနဲ့ ငရုတ်သီးစပ်နေတာကို မျက်စိထဲမှာ မြင်နေပါတယ်။ ဝတ္ထုထဲက လူတွေ၊ လူ့လောကထဲက လူတွေ၊ အထူးသဖြင့် ကျွန်မတို့ မိန်းမသားတွေ အိမ်ထောင်သားမွေးအလုပ်နဲ့ အိမ်ထောင်ရေးက အဆင်မပြေကြတော့လည်း မပြေလို့။ ပြေပြန်တော့လည်း လင် အတွက်၊ သားအတွက်၊ သမီးအတွက် သူများထက် မြင့်ဖို့သာဖို့၊ သူများအောက် မကျဖို့ ဇေဒင်မေးရ၊ နတ်မေးရ၊ ယတြာချေရ၊ ဓာတ်ရိုက်ရ၊ အကြားအမြင်ဆရာနောက် လိုက်ရ၊ တစ်ဖက်က လည်း စီးပွားရှာရ ချွေးတလုံးလုံးနဲ့ နှာရည်တရွှဲရွှဲ လုံးပန်းနေကြရ တာ မြင်တော့လည်း ကျွန်မမျက်စိထဲမှာ ဆရာတော် ဟောတဲ့ တရားထဲက မူလာကြီးကိုပဲ မြင်နေပါတယ်။

အခု ဒီစာကို ဘာဖြစ်လို့ ဒါလောက် ရှည်ရှည်ဝေးဝေး (ကျွန်မ ညီမအထွေး အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်နေတာ အထိ ဖော်ပြီး) ရေးနေရလဲဆိုတာ ကိုအောင်ခိုင် ရိပ်မိချင်လည်း ရိပ်မိပါလိမ့်မယ်။ ကျွန်မအနေနဲ့ ကိုအောင်ခိုင် 'စနေနေ့ တစ်ခေါက် လာဦးမယ်' လို့ အထွေးကို ပြောသွားတော့ ကျွန်မ အိမ်ကိုပြန်ပြီး စောင့်နေသင့်၊ မနေသင့် အတော်စဉ်းစားပြီး 'မစောင့် တော့ဘူး'လို့ ဆုံးဖြတ်ရင်လည်း ကျွန်မ ကိုအောင်ခိုင်ကို ပြောစရာ စကားကတော့ အခု စာထဲပါတာတွေထက် ဘာမျှပိုပြီး တွေးစရာ အကြောင်း မရှိပါဘူး။ ကျွန်မ ကိုအောင်ခိုင်ကို နားလည်စေ ချင်တာက ဒါတွေပါပဲ။

ကိုအောင်ခိုင်နဲ့ ကျွန်မ တစ်ယောက်နဲ့တစ်ယောက် ဘာ

စကားမျှ ဖွင့်မပြောခဲ့ကြဖူးပေမဲ့ တစ်ယောက်စိတ်ကို တစ်ယောက်က သိနေကြတယ်လို့ ကျွန်မ ထင်ပါတယ်။ သွဲ့တို့၊ မိတို့က လည်း ကျွန်မတို့ နှစ်ယောက်ရဲ့ စိတ်ချင်းဆက်သွယ်မှုကို အားပေး အားမြှောက် လုပ်ခဲ့ကြပါတယ်။ သူတို့ကတော့ လိုလားနေကြတဲ့ လူတွေကိုး။ ကျွန်မအဖို့လည်း ရန်ကုန်က ရုတ်တရက်ပြန်ခဲ့ရပြီး နောက်တစ်ခေါက် ပြန်ဆင်းလာချိန်အထိ သူတို့ လိုလားသလို ဟုတ်လို့ပါပဲ။ ကိုအောင်နိုင်ကို ကျွန်မ အိမ်ထောင်ဖက်အဖြစ် ထည့်စဉ်းစားခဲ့တာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်မ ဒီထက်ပိုပြီး စိတ်ကူးမယဉ်ခဲ့ပါဘူး။ အခု ကိုအောင်နိုင် ဒါလောက် နှစ်ကာလ ကြာခဲ့သည်အထိ ကျွန်မကို လိုက်ရှာနေတုန်းပဲဆိုတာဟာလည်း ဒီကိစ္စပဲလို့ ကျွန်မသိပါတယ်။ ကိုအောင်နိုင်ဟာ နာမည်နဲ့ လိုက် အောင် နိုင်မြဲတဲ့သစ္စာရှင်ဆိုတာ ကျွန်မမှာ သံသယမရှိပါဘူး။

ဒါပေမဲ့ ကိုအောင်နိုင်၊ နေရိပ်ကလူ နေပူမထွက်ချင်တော့ သလို ကျွန်မမှာ အခုလို ငြိမ်းချမ်းတဲ့ဘဝမှာ ဒီအသက်ဒီအရွယ် အထိ နေလာပြီးမှတော့ အိမ်ထောင်သည်ဘဝကို မရောက်ချင် တော့တာ အမှန်ပါပဲ ကိုအောင်နိုင်။ ကျွန်မလည်း ငယ်ငယ်က တော့ လူ့လောကကြီးထဲမှာ ပျော်ပျော်နေ၊ ပျော်ပျော်စား၊ ပျော်ပျော် ရှန်းကန်နေရတာကို အရသာလို့ ထင်ခဲ့သူပါပဲ။ လူ့လောကကြီးမှာ အပျိုကြီးအဖြစ်နဲ့ နေဖို့များ အိပ်မက်တောင် မမက်ခဲ့သူပါ။ ဒါပေမဲ့ အခြေအနေက ပေးလာပြန်တော့ ဒီဘဝရဲ့ငြိမ်းချမ်းမှုကို ကြည့် တတ်မြင်တတ် နှစ်သက်တတ်လာပါတယ်။ မက်မောတတ်လာ တယ်လို့လည်း ဆိုနိုင်ပါတယ်။ အတိတ်က ယုံကြည် ခင်မင်ခဲ့ဖူး တဲ့ သွဲ့တို့၊ မိတို့၊ ကိုအောင်နိုင်တို့ကို အခုလည်း ယုံကြည်ခင်မင် လျက်ပဲ ရှိတယ်ဆိုတာတော့ ကိုအောင်နိုင် သံသယမရှိစေချင်ဘူး။

ကျွန်မ ဒီစာကို 'ကိုအောင်ခိုင်' လို့ ဦးတည်ရေးလိုက်ပေမဲ့ အားလုံးအတွက် ရည်ရွယ်ပါတယ်။ မိတို့၊ သွဲ့တို့ကိုလည်း ပြောလိုက်ပါ။

ကိုအောင်ခိုင်ကို စောင့်ပြီးမတွေ့တော့ဘဲ ဒီစာကို ရေးလိုက်ရတာကိုတော့ ကျွန်မစိတ်ကို ကျွန်မ အောင်နိုင်မှုတစ်ခုပဲလို့ မှတ်ယူထားပါတယ် (ကိုအောင်ခိုင် နားလည်ရင်ပေါ့လေ)

ခင်မင်လေးစားလျက်

မခင်မြင့် (စစ်ကိုင်းတောင်ရိုး)

P.S ကိုအောင်ခိုင် ကျွန်မကို ပြန်ပေးစရာတစ်ခု ပါတယ်လို့ အထွေးက ပြောပြပါတယ်။ ကျွန်မတော့ စဉ်းစားလို့မရဘူး။ ဘာပဲဖြစ်ဖြစ် ရှိတယ် ဆိုရင် အထွေးနဲ့ပဲ ပေးထားခဲ့ပါ။

မြင့်

စာကို ကျွန်တော်ဖတ်ပြီး ခေါင်းမော့လိုက်တော့ အဝတ်အစား ယေါ့ယေ့ါပါးပါး လဲလို့အပြီး အင်္ကျီကြယ်သီးတပ်ရင်း ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ လာထိုင်နေတဲ့ မိက ကျွန်တော့်ကို 'ဘယ့်နှယ်လဲ' ဆိုတဲ့ အမူအရာနဲ့ မေးထိုးလိုက်ပါတယ်။

ကျွန်တော်လည်း သက်ပြင်းရှည်တစ်ချက် ဆွဲမှုတ်လိုက်ပြီး "ဒီတစ်ခါတော့ ဤတွင် ဇာတ်လမ်းက တကယ်နိဂုံးတံပြီနဲ့ တူတယ်" လို့ ဆိုလိုက်ရတယ်။

မိကလည်း ဘာမျှ ဆက်မပြောဘဲ သက်ပြင်းတစ်ချက်ချပြီး ကျွန်တော့်လက်ထဲက စာရွက်တွေကိုယူပြီး စာမျက်နှာပြန်စီ၊ အစက စပြီး ပြန်ဖတ်နေပါတော့တယ်။ ။

မြတ်လေးမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၆

❑

## သူ့ကုသိုလ်

■ မစန္ဒာ

သူတို့မှာ မောင်နှမငါးယောက်ရှိသည်။

ပြောရမှာတော့ သိပ်မကောင်း။

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည်သို့ ရှိမည်ကို သိသော်လည်း ခပ်သာသာ ခပ်ဖွဖွလေးတော့ ထောင်းချင်သေးသည်။ အဲ... ပြောချင်သေးသည်။

တစ်အူထုံ့ဆင်း မောင်နှမအရင်းခေါက်ခေါက်တွေ ဖြစ်သော်လည်း အသက်တွေ ကြီးလာတော့ တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီး မတည့်ချင်တော့။ သူစိမ်းတွေကလည်း အသီးသီးဖက်လာကြပြီ မဟုတ်လား။

*

မောင်နှမငါးယောက်တွင် သူက အလယ်တည့်တည့် နံပါတ်သုံး ဖြစ်လေသည်။

သူ့အထက်တွင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်၊ သူ့အောက်တွင် ညီတစ်ယောက်၊ ညီမတစ်ယောက် စုစုပေါင်းတော့ ငါးယောက်။ ထိုငါးယောက်၏ ယောကျ်ားတွေ၊ မိန်းမတွေကို ထည့်တွက်လိုက်တော့ စုစုပေါင်း ၁၁ ယောက် ဖြစ်သည်။ တကယ့်တကယ်က

၁၀ ယောက်သာ ဖြစ်သင့်သော်လည်း သူ့ညီက မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက်တည်း ယူထားသောကြောင့် တစ်ယောက်ထပ်တိုးပြီး ၁၁ ယောက် ဖြစ်သွားခြင်းဖြစ်သည်။

ထို ၁၁ ယောက်က ပါးစပ် ၁၁ ပေါက် ရှိလေတော့ လေသံ ၁၁ မျိုး ထွက်လေသည်။ မယားညီအစ်ကိုချင်း၊ လင်ညီအစ်မချင်း၊ ယောက်ဖချင်း၊ ယောက်မချင်း စကားပြော အဆင်မပြေတာလေးတွေ၊ မကျေနပ်တာလေးတွေ ရှိသည်မှအစ တစ်ခါတစ်ရံတော့ မောင်နှမချင်းပင် ခပ်တန်းတန်းဖြစ်ချင်သည်။

သူကတော့ မောင်နှမငါးယောက်တွင် အလယ်နေရာ ရထားသူမို့ အကြီးနှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်၊ အငယ်နှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်ဘဲ ကြားထဲတွင် ချောင်နေလေသည်။ စီးပွားရေးအားဖြင့်လည်း သူက မပြေလည်ဆုံးဆိုတော့ ကိုယ့်အားငယ်စိတ်နှင့်ကိုယ် ခပ်အေးအေးနေတာလည်း ပါမည်ထင်သည်။ မိန်းမချင်းယှဉ်လိုက်လျှင်လည်း သူ့မိန်းမက အရိုးသားဆုံး၊ အအေးဆုံး ဖြစ်မည်ထင်သည်။

စကားလုအောင် ရိုးသည်၊ အေးသည်ဟု ပြောရသော်လည်း အ,သည် န,သည်ဟု ပြောရလျှင် ပိုပြီးမှန်လိမ့်မည် ထင်သည်။ အစ်ကိုကြီး၏ မိန်းမက အလယ်တန်းပြဆရာမ ဖြစ်သည်။

ညီငယ်၏ မိန်းမကြီးကတော့ ကြုံလျှင်ကြုံသလို ပွဲစားလုပ်သည်။ စိန်ပွဲစား၊ ရွှေပွဲစား၊ ကားပွဲစား၊ အိမ်ပွဲစား၊ မြေပွဲစား၊ ဘာပစ္စည်းရောင်းမည်ကြားကြား သူက နားစွင့်ထားတတ်သည်။ ဘာပစ္စည်းလိုချင်သည် ပြောပြော သူက ဆက်သွယ်ပေးတတ်သည်။

ဒါကလည်း တကယ့်ပညာတစ်မျိုးပင်။ ဒီလိုပညာမျိုးကို ဘယ်တက္ကသိုလ်ကမှသင်ပြီး ဘွဲ့ပေးလိုက်သည်မဟုတ်။ သူ့ပါရမီနှင့်သူမှ လုပ်ကိုင်တတ်ခြင်းဖြစ်လေသည်။

မိန်းမအငယ်ကတော့ ငွေမရှာတတ်သော်လည်း အထိန်းအသိမ်း၊ အချက်အပြုတ်ကောင်းသည်။ ကြက်တစ်မည်တည်းကို ဆီပြန်ဟင်းရော၊ အစိမ်းကြော်ရော၊ ၁၂ နှစ်မျိုးဟင်းချိုရော ရအောင်ချက်တတ်သည်။ ကိုယ့်အင်္ကျီကိုယ်ချုပ်ဝတ်သည်။ လင်လုဘက်ချင်းဆိုတော့ အကြီးနှင့် အငယ် တစ်ခါတစ်ရံ ရန်ဖြစ်ကြ၊ သတ်ကြ၊ ပုတ်ကြသော်လည်း တစ်ခါ တစ်ရံတော့ အကြီးအတွက် အင်္ကျီကို အငယ်က ကော်ကပ်ပြီး အကျအန ချုပ်ပေးတတ်လေသည်။ အကြီးကလည်း "ငါ့ညီမ ချုပ်တဲ့အင်္ကျီက သိပ်ပြီးပုံကျတာ" ဟု လေချိုသွေးလေးနှင့် ခိုင်းတတ်လေသည်။

"မိန်းမကိုက ရှစ်စပ်က လည်နေတာ" ဟု အစ်ကိုကြီး၏ မိန်းမက ကွယ်ရာမှာ မှတ်ချက်ချဖူးသည်။ ဆရာမ မပီသဘူးပဲဆိုဆို ရှစ်စပ်က လည်သည်ဆိုဆို သူတို့ ဝင်ငွေအသီးသီးရှာတတ်ကြတော့ ဝက်သား တစ်ပိဿာ ၃၀ ဈေး၊ ဆီတစ်ပိဿာ ၄၀ ဈေး၊ ဆန်တစ်တင်း ၁၀၀ ဈေးကို ရင်ဆိုင်နိုင်ကြသည်ကတော့ အမှန်ပင်။

ခက်သည်က အိမ်ကမိန်းမဖြစ်သည်။ အစ်ကိုကြီးမိန်းမလို ဘွဲ့ရ ပညာတတ်လည်းမဟုတ်၊ ညီငယ် မိန်းမအကြီးလို လည်လည်ဝယ်ဝယ် လည်းမဟုတ်။ အငယ်လို အချက်အပြုတ် အချုပ်အလုပ်လည်း မကောင်း။ အိမ်မှာ ကုန်စုံဆိုင်လေးဖွင့်ထားတုန်းကလည်း မှန်မှန်ကန်ကန်တွက်ချက် ပြီး ငွေပြန်မအမ်းတတ်။ ဝယ်သူများကလည်း လိုလာလျှင်သာ လာပြန် တောင်းသည်။ ပိုသွားတော့ ၁၀ ယောက်လျှင် တစ်ယောက်ပင် လာပြန် ပေးသည်မဟုတ်။ သည်လိုနှင့်ပင် တစ်နေ့တစ်နေ့ ငွေလေးငါးခြောက် ကျပ်ပျောက်ကာ အရင်းပြုတ်ခဲ့ရသည်။

အချုပ်အလုပ်ကျတော့ ကလေးဘောင်းဘီကိုပင် ပုံကျပန်းကျ ချုပ် တတ်သူမဟုတ်ပေ။ ခြင်ထောင်ပြဲ၊ စောင်ပြဲ၊ အိပ်ရာခင်းပြဲ၊ ပုဆိုး၊ ထဘီပြဲ များကိုတော့ စိတ်ရှည်လက်ရှည် အပ်စောင်းထိုးပြီး ညီညီညာညာ လှလှ

ပပ ပြန်ချုပ်တတ်လေသည်။ သည့်အပြင်တော့ ပိုမချုပ်တတ်ရှာပေ။ ဟင်းဆိုတော့လည်း မန်ကျည်းရွက်ကို သနပ်ရွက်လေးနှင့် ချဉ်ရည်ချက်၊ ခရမ်းသီးလေးသုပ်၊ ငါးပိထောင်းလေးထောင်း၊ ပဲတောင့်ရှည်လေးပြုတ်ပြီး ပါးပါးလှီးကာ ပြန်ဈသုပ်နှင့် တတ်သမျှ မှတ်သမျှတော့ စားကောင်းအောင် စီမံတတ်သည်။

သူ့လခ ၄၀၀ လောက်ရသော်လည်း သားသမီးက သုံးယောက်၊ သူတို့က နှစ်ယောက် စုစုပေါင်း ငါးယောက်ဆိုတော့ အပျိုဘဝက ကြက်သား၊ ဝက်သား ချက်တတ်ခဲ့လျှင်တောင် ချက်နည်းမေ့နေလောက်ပြီထင်သည်။ ဝင်ငွေက ၄၀၀၊ ပါးစပ်က ငါးပေါက်၊ အပိုဝင်ငွေကလည်း မရှိပါဘဲလျက် ကြက်သားမှ ချက်ချင်သော မိန်းမနှင့်ရလျှင်လည်း အခက်ပင်။ ဒီတော့လည်း ကြဲဖန်ပြီး ကိုယ့်ဘဝကို ကျေနပ်နေရလေသည်။

သူ့မိန်းမက ပညာမတတ်သော်လည်း အပိုစကား သိပ်မပြောတတ်၊ မညည်းညူတတ်သော ပါးစပ်ကလေးတစ်ပေါက်တည်းနှင့်ပင် တော်လေးဝဝင်နေပြီဟု သူက ကြဲဖန်ပြီး ဂုဏ်ယူချင်သည်။ ဒီလိုအရည်အချင်းမျိုးက မိန်းမ ၁၀၀ လျှင် တစ်ယောက်မှာပင် ရှိနိုင်မည်မထင်။

ဒီလို မညည်းတတ်၊ မညူတတ်သော ပါးစပ်က ညည်းလာပြီဆိုလျှင်တော့ အတော်ကလေး အခြေအနေဆိုးပြီကို သိလာနိုင်သည်။

"အိမ်မှာတော့ အကုန်ပြတ်နေပြီ အစ်ကို၊ ဆီစာအုပ် ပေါင်ရအောင်ကလည်း နောက်လကျရင် သကြားလေး၊ ဆပ်ပြာလေး၊ ရေနံဆီလေးများ ရနေရင် နမြောစရာ"

မနက်တုန်းကတော့ မြင်းခွာရွက်များကို ပါးပါးလှီးနေရင်း ခပ်တိမ်တိမ်ပြောသည်။ "မြင်းခွာရွက်သုပ်ကို ဆီချက်လေးများများ ထည့်သုပ်စမ်းပါကွာ" ဟု ပြောမလို့ပြင်ထားသော ပါးစပ်ပင် အလိုလိုပိတ်သွားသည်။ သူ့မိန်းမ အ,သည်ဟု ဆိုရသော်လည်း ပြည်သူ့ဆိုင်မှ ရံဖန်ရံခါ ရတတ်

သော ဒူးယား၊ နို့ဆီ၊ သကြား၊ ရေနံဆီ စသည်များကို အမြတ်နှင့် ပြန်ပြီးရောင်းစားတတ်သည်။

ဒါလည်း ထူးထူးခြားခြား ကြိုးပမ်းစရာမလိုပေ။ ဆိုင်ရှေ့တွင်ပင် အမြတ်ပေးကောက်သူများက အဆင်သင့်ရောက်နေတော့ သူတို့လက်ထဲ ပစ္စည်းထည့်ပြီး သူတို့ပေးသောငွေ ယူလာရုံသာမို့ တပင်တပန်း လာစောင့်နေသူများကို "ကျေးဇူးတင်စရာကောင်းလိုက်တာ အစ်ကိုရယ်" ဟု တစိမ့်စိမ့် ကျေးဇူးတင်နေတတ်သူ ဖြစ်လေသည်။

"သမီးဖိနပ်လည်း ပြတ်ခါနီးနေပြီ အဖေ"

"နင်လည်း ပြတ်လိုက်ရတဲ့ဖိနပ်၊ ကျောင်းမှာဆာတိုင်း မီးဖုတ်စားနေတာလား"

သားငယ်က ဝင်ပြောသည်။

"အမယ်လေးဟဲ့၊ ဖိနပ်မီးဖုတ်များ တော်ရုံတန်ရုံ ချမ်းသာရုံနဲ့ စားနိုင်မယ် ထင်လို့လား။ ဖိနပ်တစ်ရံ ၁၀၊ ၁၅ ကျပ် အောက်ထစ်ပေးနေရတာ။ မီးဖုတ်ပြီး စားရက်ပါ့မလား။ ပါးစပ်သနလို့မဟုတ်ဘူး၊ ဖိနပ်ကို နမြောလို့"

"နင်ကတော့ လုပ်ပြီ"

"ဟုတ်တယ်၊ ဖိနပ်တွေကလည်း တမင်များ မခိုင်အောင် ချုပ်ထားသလားမသိပါဘူး။ တဖတ်ဖတ် ပြတ်ထွက်နေတာပဲ။ ခိုင်တဲ့ဖိနပ်တွေကျတော့ ဈေးက ခေါင်ခိုက်၊ ဇီးဘရားဆို ၅၀ ကျော်၊ ဝိတ်တာဆိုရင် ၁၀၀ ကျော်"

"အင်း... မီးဖုတ်ပြီး စားလိုက်ရရင်တော့ တော်တော်မြိန်မယ်"

"အေး ငါ သူဌေးဖြစ်မှ ကျွေးမယ်"

မောင်နှမနှစ်ယောက် စကားနိုင်လုနေချိန်ဝယ် သူက အပျိုအရွယ် သမီးငယ်ကို ငေးကြည့်နေမိသည်။ မိန်းကလေးတစ်ဦးအတွက် ဆံပင်

မှ ခြေထောက်အထိ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ ဝတ်ဆင်နိုင်ရန် ဘယ်နှရာများ ကုန်လေမည်နည်းဟု စဉ်းစားကြည့်မိတော့ ခေါင်းကိုက်ချင်သလိုလို ဖြစ်လာသည်။

"ထောပတ်ကလေးပါ သုတ်ကျွေးဟာ"

"အေး ထောပတ်တစ်ပေါင် ၁၀၀ မဖြစ်သေးရင်တော့ သုတ်ပေးမယ်"

သူတို့မောင်နှမတွေလည်း ငယ်ငယ်တုန်းကတော့ အခုလို ချစ်ချစ်ခင်ခင်ပင်ဖြစ်သည်။ အသက်တွေကြီးလာတော့လည်း ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်အိမ်ထောင်နှင့်ကိုယ်၊ ကိုယ့်ဒုက္ခနှင့်ကိုယ်ဖြစ်ပြီး အနေတွေ ဝေးပြီး စိမ်းကုန်သည်။

"အင်း... လူဆိုတာ အသက်ငယ်တုန်းတော့ သဘောကြီးပြီး အသက်တွေလည်း ကြီးလာရော စိတ်သဘောတွေလည်း တစ်နေ့တခြား နုလာကုန်ရော ထင်ပါရဲ့"

သူကတွေးရင်း စိတ်မကောင်းဖြစ်မိသည်။ သူတို့ညီအစ်ကို သုံးယောက်သည် ငယ်ငယ်တုန်းက ထွေးလုံးရစ်ပတ် သတ်ပုတ်ဆော့ကစားပြီး ဖက်လဲတကင်းနေခဲ့သော်လည်း အခုတော့ ကိစ္စအထွေအထူးမရှိလျှင် တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်ကြတော့ပေ။

အစ်ကိုကြီးကလည်း ညီငယ်ကို ခပ်တည်တည်နေသည်။ သူ့မိန်းမကို 'အသပြာဆရာမ' ဟု ပြောသောကြောင့်ဖြစ်သည်။ ညီငယ်ကလည်း "ကျွန်တော့်ဟာကျွန်တော် မိန်းမဘယ်နှယောက် ယူယူပေါ့ဗျာ။ ကိုယ့်ဇာတ်ကိုယ်နိုင်လို့ ကတာပဲဟာ။ ခုတော့ အိမ်လာရင် ဟိုပညာတတ်မိန်းမကြီးက 'နင်မို့လို့ ဒီလိုအဖြစ်ခံတယ်၊ ငါသာဆိုရင် မယားငယ်မ ပါးချပြီး အိမ်ပေါ်က ဆွဲချမယ်' လို့ အကြီးမကိုသွားပြော၊ အငယ်ကျပြန်တော့လည်း 'ဟိုကဆွဲထားတော့ ကြိုးအတုတ်၊ နင့်လည်ပင်းကျတော့ ပါးပါးမွှန်မွှန်လေးပါလားဟဲ့' လို့ ပြောလိုပြော၊ တယ်ပြီး ဇာတ်ရှုပ်စေ

ချင်တယ်”ဟု မကျေမနပ်ပြောပြီး အစ်ကိုကြီးနှင့် ခပ်တန်းတန်းနေလေသည်။

သူကလည်း သူ့မိန်းမ မလည်လို့ တကယ်အေးသည်မှာ မှန်သော်လည်း “ဒီမိန်းမကတော့ ခပ်နုံနုံ ခပ်ဖျင်းဖျင်းပါကွာ”ဟူသော မှတ်ချက်ကို ကြားနေတော့ မခံချိမခံသာ ဖြစ်မိသည်မှာ အမှန်ပင်။ မကျေနပ်မိသည်မှာလည်း အမှန်ပင်။ ဒါကြောင့်လည်း သိပ်အဝင်အထွက် မလုပ်တော့ဘဲ ခပ်အေးအေး၊ ခပ်စိမ်းစိမ်း နေမိတော့သည်။

“ငွေက ၁၅၀ လောက်တော့ လိုမယ်ထင်တယ်။ ရုံးမှာ ချေးလို့ရဦးမလား”

“မလွယ်တော့ဘူးကွ”

“ဒီလိုဆို ဆီစာအုပ်ပဲ ပေါင်ရဦးတော့မလား မသိပါဘူး”

“နက်ဖြန်ကျရင် အစ်မကြီးဆီ သွားကြည့်လိုက်ဦးမယ်လေ”

သူက လေသံပျော့ပျော့နှင့် ပြောသည်။ အစ်မကြီးက ကပ်စေးနှဲသော်လည်း မောင်တွေ၊ နှမတွေ အကူအညီလာတောင်းလျှင် ကြောင်တောင်ကြည့်နေနိုင်သူတော့ မဟုတ်ပေ။ ၁၀၀ တောင်းလျှင် ၅၀ လောက်တော့ ညည်းညည်းညူညူနှင့် ထွက်လာတတ်သည်။

သူက ညည်းညူလွန်းတော့ ယူရသူမှာ မျက်နှာလည်းပူ၊ စိတ်လည်းညစ်မို့ ကျေးဇူးတင်ရမည်ကိုပင် မေ့သွားတတ်သည်။ ပြီးခဲ့သောနှစ်က အကြီးကောင် အသားဝါရောဂါဖြစ်တုန်းက အစ်မကြီးဆီကပင် ငွေ ၂၀၀ သွားပြီးချေးခဲ့ရသည်။ ချေးသည်ဟု စကားလှအောင် သုံးသော်လည်း ပြန်မဆပ်သော ချေးခြင်းမျိုးဖြစ်ကြောင်းကို အစ်မကြီးရော သူရော နားလည်ပြီးသားတော့ ဖြစ်သည်။

အစ်မကြီးက သူတောင်းသော ငွေ ၂၀၀ ကို ပေးသော်လည်း ထုံးစံအတိုင်း ညည်းလေသည်။ သူက ငွေ ၂၀၀ ကို အိတ်ထဲထည့်ရင်း

"နောက်များဆိုရင် ဘာဖြစ်ဖြစ် လာမတောင်းတော့ဘူးကွာ" ဟု ဆုံးဖြတ်ချက် ချမိသည်။

"အင်း... ဆုံးဖြတ်တုန်းကတော့ ဆုံးဖြတ်တာပဲ။ ဒါပေမဲ့ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ငါ့မှာ ဒီအစ်မကြီးကလွဲရင် တောင်းစရာမှ မရှိတာပဲ"

သူကတွေးရင်း သက်ပြင်းချမိသည်။ အစ်ကိုနှင့်ညီက သူ့ထက် ချောင်ချောင်လည်လည်ရှိသော်လည်း တောင်းဖို့ စိတ်ကူးထဲပင် သိပ်မထည့်ရဲ။ သူတို့မိန်းမတွေ မသိဘဲလည်း သူတို့က ပေးလိမ့်မည်မထင်။ သူ့ညီမကတော့ သူ့ယောက်ျားကို သူ အတော်ကြောက်ရသည်။ နောက်ပြီး သူတို့မှာလည်း ကလေးက လေးယောက်နှင့်မို့ စားမလောက်။

ဒီကြားထဲ သူ့သားအကြီးက ၁၇ နှစ်သားနှင့် မိန်းမခိုးပြီး အဖေ၊ အမေအိမ်တွင် သောင်တင်နေတော့ ညီမသည် သူတို့မောင်နှမလေးယောက်တွင် အငယ်ဆုံးဖြစ်သော်လည်း အရင်ဆုံး မြေးထိန်းရသူဖြစ်သည်။ နဂိုကမှ ကျပ်တည်းရသည့်အထဲ ချွေးမရော မြေးပါ ပိုလာတော့ သူ့ယောက်ျားခမျာ ညဘက်ထွက်ပြီး သုံးဘီးမောင်းရသေးသည်။

ဒီကြားထဲ သူက သွားတောင်းလျှင် ယောက်ျားအပေါ် မျက်နှာငယ်ရုံသာရှိမည်။ ပေးချင်စိတ်ရှိလျှင်တောင် ပေးနိုင်ဖို့တော့ သိပ်မလွယ်ပေ။ ဒီတော့လည်း ဘာမျှမတတ်နိုင်။ ယခင်က ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကလေးကို လေထဲသို့ လွှင့်ပစ်လိုက်ပြီး အစ်မကြီးဆီ သွားတောင်းဖို့ပင်ရှိတော့သည်။

*

"ရေချိုးနေတယ် ဦးလေး"

အစ်မကြီးဆီရောက်တော့ ဧည့်ခန်းထဲတွင် ဂစ်တာတီးနေသော သားအကြီးဆုံးက ဆီးပြောသည်။

"အေးကွာ ချိုးပါစေ၊ အေးအေးဆေးဆေးပေါ့"

သူက ဧည့်ခန်းထောင့်မှ ကြိမ်ကုလားထိုင်တွင်ထိုင်ပြီး စားပွဲပေါ်တွင်တွေ့သော သတင်းစာကို ကောက်ကာ အပြန်ပြန်အလှန်လှန်ဖတ်နေလိုက်သည်။ ဖတ်သည်ဆိုသော်လည်း မျက်စိကသာ ကျော်ကာလွှားကာ ဖတ်နေခြင်းဖြစ်သည်။ ဦးနှောက်ထဲကို ရောက်သည်တော့ မဟုတ်ပေ။ အစ်မကြီးအကြောင်းကို တွေးနေမိသောကြောင့် ဖြစ်သည်။

အစ်မကြီး၏ ခင်ပွန်းသည်ဆုံးသွားသည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်သော်လည်း မဆုံးမီက အရှိန်အဝါအရ အပေါင်းအသင်းများပြီး အရှာအဖွေကောင်းသူဆိုတော့ အတော်ကလေး သုံးနိုင်စွဲနိုင် စုဆောင်းနိုင်ခဲ့လေသည်။

အင်းလျားလမ်းတွင် တစ်ထပ်တိုက်ကလေးတစ်လုံး ရှိသည့်အပြင် ပါရမီလမ်းတွင်လည်း ခပ်ချောင်ချောင်ရလိုက်သော မြေတစ်ကွက်ရှိသေးသည်။ ခင်ပွန်းဖြစ်သူ ရုတ်တရက်ဆုံးသွားတော့ အစ်မကြီးသည် ရင်ကို စုံထုကာ လူးလဲငိုခဲ့သော်လည်း ကြာရှည်တော့ မငိုပေ။ တစ်လလောက်နေတော့ မျက်ရည်သုတ်ခဲ့သည်။

နေမည်ဟု စိတ်မကူးခဲ့သော ပါရမီက မြေလေးတွင် ပျဉ်ထောင်အိမ်သင့်သင့်လေးတစ်လုံး အမြန်ဆောက်ခဲ့သည်။ အိမ်ပြီးသည်နှင့် နေလက်စ အင်းလျားလမ်းကအိမ်ကို ပြန်လည်ပြုပြင်ပြီး သံရုံးငှားရန်စီစဉ်ကာ ပါရမီသို့ သားအမိလေးဦး ပြောင်းလာခဲ့ကြလေသည်။ လုပ်သင့်လုပ်ထိုက်သည်များကို အကွက်စေ့စေ့လေး လုပ်ခဲ့သဖြင့် တိုက်လခ တစ်လ ၃၀၀၀ နှင့် ချောင်ချောင်လည်လည်လေး နေနိုင်ခဲ့သည်။

သူတို့အိမ်ကိုကြည့်၊ ရေခဲသေတ္တာနှင့်၊ ရုပ်မြင်သံကြားနှင့်၊ တယ်လီဖုန်းနှင့်၊ ဓာခန်းဆီးနှင့် သပ်သပ်ရပ်ရပ် လှလှပပရှိသည်။ အိမ်ပြောင်းရသောနေ့က အစ်မကြီး၏သမီး သူ့တူမငယ်က "ကျွန်မတို့ ဆင်းရဲသွားပြီ ဦးလေးရဲ့" ဟု ဝမ်းနည်းပန်းနည်းပြောပြီး မျက်ရည်ကျတာမြင်တော့

သူက "ငါသာ နင်တို့ ဆင်းရဲသလောက်သာ ချမ်းသာရင် ဘယ်လောက် ကောင်းလိုက်မလဲ" ဟု ပြောချင်လိုက်သည်မှာ ပါးစပ်ပင် ယားနေသည်။

ခဏနေတော့ အစ်မကြီး ထွက်လာသည်။ "ပေါ်မလာ အတော် ကြာပါရော့လား။ တစ်အိမ်လုံး နေကောင်းကြရဲ့လား" ဟုမေးတော့ "ဟိုတစ်ခါ သားနေမကောင်းလို့ ငွေယူဖူးတာကို သတိပေးပြီး ပြောတယ် ထင်ပါရဲ့" ဟု မလုံမလဲ တွေးမိသေးသည်။ သူကသာ စိတ်မလုံသော် လည်း အစ်မကြီးက ရိုးရိုးပြောသူမို့ "ထမင်းစားပြီးမှ ပြန်နော်" ဟု တစ်ဆက်တည်းပြောသည်။

"ဆင်းရဲပါပြီ" ဟု ညည်းနေသော်လည်း အစ်မကြီးတို့က ဆိတ်သား၊ ကြက်သား၊ ငါးမြင်း၊ ငါးကြင်း၊ အစိမ်းကြော်၊ ယိုးဒယား ဟင်းချို၊ တညင်းသီးပြုတ် တို့စရာ စသည်တို့ကို နေ့စဉ်မထပ်အောင် အမျိုးမျိုးစားလေတော့ သူက ပွဲတော်တိုးသကဲ့သို့ ထမင်းမြိန်လှသည်။

တူတွေ၊ တူမတွေ စားပြီးသွားကြပြီး အစ်မကြီးနှင့် နှစ်ဦးတည်း ကျန်ခဲ့သောအခါကျမှ "အရေးတကြီး ငွေလိုနေလို့ ငွေ ၁၅၀ လောက် လှည့်ပါဦးဗျာ" ဟု ခပ်တိုးတိုးကြိတ်ပြီး ပြောရသည်။ သူ ရောက်လာ ကတည်းက "ငွေလိုပြန်ပြီထင်ပါရဲ့" ဟု တွေးမိပြီးဖြစ်သောကြောင့် အစ်မကြီးက သက်ပြင်းလေး မသိမသာချသည်။ "အင်း" ဟူ၍ ခေါင်း ညိတ်သော်လည်း မျက်နှာက ခပ်ပျက်ပျက်ဟု သူထင်သည်။

"နင်တို့အားလုံးက ငါ့ကို သူဌေးလို့ထင်နေကြတယ်။ ငါ့မှာဖြင့် တစ်လတစ်လ အလျဉ်မီအောင် မနည်းသုံးနေရတာ။ အိမ်စရိတ်က သေး တာမဟုတ်ဘူး"

အစ်မကြီးက စ၍ညည်းလေသည်။

"နင့်တူအကြီးကောင်က စတူရီယိုအဆိုတော် ဖြစ်ချင်လို့တဲ့လေ။ စီးရီးထုတ်ချင်လို့ ငွေ ၃၀,၀၀၀ လောက် ထုတ်ပေးပါဦးတဲ့။ အရေးဆို

နေတယ်”

“အင်း”

“အငယ်ကောင်ကျတစ်မျိုး၊ စူပါကပ်စီးချင်လို့တဲ့”

“ဟုတ်လား”

“သမီးလေးကျတော့ ပညာအေးအေးဆေးဆေးသင်၊ ဘွဲ့လေး တစ်လုံး အေးအေးဆေးဆေးရလို့ လိမ္မာပါရဲ့။ ဒါပေမဲ့ သူ ကြိုက်နေတဲ့ ကောင်လေးရဲ့အဖေက ရာထူးရှိမဟုတ်လားကွယ်။ ဟိုးအရင်တုန်းက တော့ သူတို့သားနဲ့ သမီးကို သဘောတူလိုက်တာ ဖျပ်ဖျပ်ကိုလူးလို့။ ဒါပေမဲ့ သမီးတို့အဖေဆုံးသွားတော့ ထွေလီကာလီတွေ ပြောလာပေါ့ ဟယ်။ သတင်းစာထဲထည့်ပြီး မစေ့စပ်ရသေးပေမဲ့ လူတိုင်းသိပြီးကိစ္စ ဆိုတော့ လက်ထပ်ရင်တောင် အစ်မကြီးတို့ မိန်းကလေးဘက်ကပဲ အကုန်အကျခံရတော့မယ့်သဘောမျိုး ဖြစ်နေတယ်”

“ဒါတော့ ဘယ်ဟုတ်ဦးမလဲဗျာ”

“မဟုတ်ပေမဲ့ ဟုတ်နေတာပဲ ငါ့မောင်ရေ။ သားသမီးသုံးယောက် ရှိတော့ ကုန်စရာက သုံးမျိုး။ ငါ့မှာလည်း ဝင်ငွေနဲ့ ထွက်ငွေ မျှတာ မဟုတ်ဘူး”

အစ်မကြီးလည်း ညည်းညည်းညူညူနှင့် အစိတ်တန်ခြောက်ရွက် ထုတ်ပေးသည်။ သူ့မှာလည်း အစ်မကြီးလိုပင် သားနှစ်ယောက်ရှိသော် လည်း စတူရီယိုရောဂါ၊ စူပါကပ်ရောဂါတွေ ကူးစက်မလာ၍ တော် တော့သည်။ သို့သော် သည်ရောဂါကလည်း မျက်နှာကြီးရောဂါမို့ သူ တို့လို ခပ်မွဲမွဲကောင်တွေကို စိတ်ကူးဟန်မတူပေ။

“မနေ့တုန်းကတောင် မိမျိုး လာသေးတယ်”

“ဟုတ်လား”

မိမျိုးသည် သူတို့ညီမအငယ်ဆုံးဖြစ်သည်။

"သူ့ယောက်ျား သုံးဘီးမောင်းရင်း တိုက်မိလို့တဲ့"

"ဟောဗျာ၊ လူထိသွားသေးလား"

"လူတော့ မထိပါဘူး၊ ဒါပေမဲ့ အုံနာကို ကားပြန်ပြင်ပေးရမှာပေါ့။ အဲဒါ ပြင်ဖို့ဆင်ဖို့ ငွေ ၆၀၀ တဲ့"

အစ်မကြီးခမျာလည်း ကံမကောင်းရှာ။ မောင်တွေ၊ ညီမတွေ အရေးဟဲ့ အကြောင်းဟဲ့ဆိုလျှင် သူ့အပြင် ကူညီမယ့်သူလည်း ရှိသည်မဟုတ်။ နောက်ပြီး အကောင်းလည်း အပြောမခံရပေ။ သူ့အပေါ်အဝင် ကျန်မောင်နှမများက 'ကပ်စေးနဲကြီး'၊ 'ကော်တရာကြီး' သူ့ပစ္စည်းတွေ သေရင် ယူသွားနိုင်တာ ကျနေတာပဲ ဘာပဲညာပဲနှင့် ကျိတ်ပြီး စကားတင်းဆိုကြသေးသည်။

"ကိုတိုးမိန်းမလည်း ခဏခဏလာတယ်ဟဲ့"

"အကြီးမလား"

"အင်း သူပဲပေါ့၊ ဆွမ်းကျွေးရှိလို့ မင်္ဂလာဆောင်ရှိလို့နဲ့ ဟိုဟာလာငှား၊ ဒီဟာလာငှား၊ ပြောရရင်လည်း မကောင်းဘူး။ ထဘီငှားသွားရင်လည်း ချဉ်ရည်ဟင်းဖိတ်လိုဖိတ်၊ ဆီစွန်းလိုစွန်းနဲ့။ အဖိတ်ဖိတ်အစင်စင် အစွန်းစွန်း အထင်းထင်းပြန်ပေးတာ။ ပုလဲပုတီးငှားသွားတော့ ပြတ်လာတယ်။ ရင်ထိုးငှားသွားတော့ ကျိုးလာတယ်။ ကိုယ်ကပြောရင်လည်း အသေးအဖွဲလေးတွေ လိုက်ပြောတယ်ဆိုပြီး ဖြစ်ဦးမယ်။ ငတိုးက သူ့မိန်းမရှေ့ကနေ လက်သီးလက်မောင်း တန်းဦးမယ်"

"ကျွန်တော်တို့ကိုလည်း လူရည်မလည်ဘူး၊ အ,သလေး န,သလေး ပြောမသွားဘူးလား"

"အို စိတ်ဆိုးမနေနဲ့၊ သူ့ဝတီအတိုင်းပဲဟာ"

စိတ်မဆိုးနဲ့ပြောခါမှ စိတ်ဆိုးချင်လာသည်။ အိမ်ကိုပြန်ခဲ့တော့ ငွေ ၁၅၀ နှင့်အတူ ဒေါသမီးအဆွယ်အပွားလေးလည်း လောင်မြိုက်ပြီး

ပါလာလေသည်။ မောင်နှမတွေ စုမိဆုံမိလျှင် သူတို့လင်မယားကို "မိန်းမ ရော ယောကျ်ားရော ခပ်ညံ့ညံ့ပါ" ဟု ပြောဆိုကြမည်ကို စိတ်ကူးနှင့် သိနှင့်နေသောကြောင့် ဖြစ်လေသည်။

"အစ်ကိုတို့မောင်နှမတွေဟာလေ အသက် ၄၀ ကျော်၊ ၅၀ ကျော် ဖြစ်နေကြပြီ၊ ဒီအရွယ်မှာ ပိုပြီး ချစ်ချစ်ခင်ခင် နေသင့်တာပေါ့"

သူ့မိန်းမကပြောတော့ သူ စိတ်မကောင်းဖြစ်ရသည်။ သူ့မိန်းမမှာ လည်း မောင်နှမ အများသားပင်။ တစ်ယောက်ပိုပြီး ခြောက်ယောက်ရှိ သည်။ မသင့်မမြတ် မကျေမနပ်စကားများကို မကြားရပေ။ ချစ်ချစ် ခင်ခင် ရှိကြလေသည်။

"တစ်နေ့တစ်နေ့နဲ့ အချိန်တွေကုန်တာ သိပ်မြန်တာ အစ်ကိုရဲ့။ ဘာလိုလိုနဲ့ ကျွန်မတို့အသက်တွေပဲ ၄၀ ကျော်ပြီး ၅၀ နား ကပ်နေ ပြီမဟုတ်လား"

"အင်း"

"ဥပုသ်မစောင့်၊ တရားမထိုင်နိုင်သေးရင်တောင် ဒေါသစိတ်ကလေး တွေကိုတော့ နည်းနည်းလျှော့သွားဖို့ကောင်းပြီ။ မေတ္တာစိတ်ကလေးတွေ ပွားဖို့ကောင်းပြီနော်။ သေမင်းဆိုတာ အချိန်မရွေး ရောက်လာတတ်တာ"

မိန်းမစကားကိုကြားတော့ သူတို့ ငယ်ငယ်တုန်းက အဘိုးတို့၊ အဘွားတို့ လူကြီးတွေ တရားဆွေးနွေးကြတာကို သတိရမိလေသည်။ "နေ့စဉ်နေ့တိုင်း ရုံးသွားဖို့ပြင်၊ ဈေးသွားဖို့ပြင်၊ ကျောင်းသွားဖို့ပြင်နဲ့ ပြင်လိုက်ဆင်လိုက်ကြတဲ့လူတွေလေ။ သေမင်းနိုင်ငံသွားဖို့တော့ မပြင် ကြဘူး။ ရုံးသွားဖို့ ကားလိုသလို သေဖို့တော့ တရားလိုသဗျ။ ကားပျက် တော့ ပြင်ဖို့သတိရတယ်။ တရားပျက်တော့ ပြင်ဖို့ သတိမရဘူး။ သေမင်းလာခေါ်တော့ တရားအပျက်ကြီး ရင်မှာပိုက်ပြီး ကတိုက်ကရိုက် လိုက်သွားလိုက်ကြတာ တစ်ယောက်မှ အဆင်သင့်မဖြစ်ဘူး" ဟူသော

စကားကို ပြက်ပြက်ထင်ထင် ပြန်ပြီးကြားယောင်မိသည်။

"အင်း... အခုနေ ငါသေသွားရင် ငါ့နောက်ကို ပါစရာ ဘာကုသိုလ်မှ မရှိပါလား"

သူ ရုတ်တရက်တွေးမိပြီး ချွေးပြန်လာသည်။ အသက်သာ ၅၀ နီးလာသော်လည်း ဘာကုသိုလ်မှ မှတ်မှတ်ရရ မလုပ်ခဲ့ဖူးပေ။ အခါကြီးရက်ကြီး ရုံးပိတ်လျှင်လည်း ဥပုသ်စောင့်ဖို့ သတိမရနိုင်။ ခေါင်းမိုးပေါက်တက်ဖာရ၊ အိမ်သာတံခါးပျက် ပြင်ရနှင့် အားရသည်ပင်မရှိ။ လမ်းထိပ်က ဘုန်းကြီးတရားပွဲကိုတော့ ဝါသနာမပါလွန်း၍ကို မသွားခြင်း ဖြစ်လေသည်။ အလှူအတန်းကျတော့ မီးဖိုချောင် ငုံငုံကြည့်နေရသည်နှင့် တွန့်ဆုတ်မိသည်မှာ အမှန်ပင်။

"အသက်တွေပဲ ကြီးကုန်ပြီကိုး၊ မောင်နှမရင်းချင်း ချစ်စရာ ခင်စရာတွေပဲတွေးပြီး စည်းစည်းလုံးလုံး နေကြပါလား"

သူ့မိန်းမကို အဖျင်းအနံ့ဟူသော စကားတင်းဆိုကြသော်လည်း ဒီလိုအဖိုးတန်စကားကိုတော့ သူ့မိန်းမကလွဲပြီး ထိုမိန်းမတွေ ပြောတတ်လိမ့်မည်မထင်။

"အေးကွာ၊ ငါ ကြိုးစားကြည့်ဦးမယ်"

"ကြိုးစားဆို မြန်မြန်ကြိုးစား၊ အသက်တွေပဲ ကြီးလှပြီ"

"ငါ မသေခင်တော့ ဒီမောင်နှမတွေ စည်းလုံးရမှာပေါ့၊ ဟုတ်ဘူးလား"

"အေး ဟုတ်တယ်၊ ငါ့မှာလည်း ဒီ့ပြင်ကုသိုလ်မရှိတာနဲ့ အတော်ပဲ။ အဲဒီကုသိုလ်ပဲ နောင်ဘဝသယ်သွားရမယ်"

သူက အပြောင်အပြက်ပြောရင်း ရယ်မိသည်။ သူတို့ကသာ သေမင်းကို မေ့ထားသော်လည်း သေမင်းက မမေ့သည်ကိုတော့ သိသားပင်။ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီဟူသော ဘုရား

စကားကိုလည်း သိသားပင်။ သို့သော်လည်း သိသိပင်။ ထိုစကားများက သူများအတွက်ဖြစ်ပြီး သူနှင့်မဆိုင်သလို ထင်ခဲ့မိသည်။

သို့သော် ထိုစကားသည် သူ့ကို တိုက်ရိုက်ဆိုခဲ့သလိုပင် ဖြစ်ကြောင်း သူ တွေးရုံကလေးပင် မတွေးလိုက်ချေ။

မနက်တုန်းက အိမ်ကထွက်လာတော့ ခေါင်းထဲတွင် မူးနောက်နောက်နှင့် မကြည်လင်လှချေ။ သူ့မိန်းမကပင် "အစ်ကို မူးနောက်နောက်ဖြစ်နေရင် သွေးဆေးလေးနဲ့ သကြားလေးနဲ့ လျက်လိုက်ပါလား။ သွေးပေါင်ချိန်လေး ဘာလေးလည်း ချိန်ကြည့်ပါဦး" ဟု ပြောလိုက်သေးသည်။ သို့သော် သူက ဆေးခန်းမသွားဖြစ်။ ပိုက်ဆံလည်း ကုန်ဦးမည်။ ရုံးလည်းနောက်ကျဦးမည်မို့ ရုံးသို့သာ လာခဲ့သည်။ ကားကျပ်ပြီး ချွေးထွက်တော့ ပိုပြီးမူးလာသလိုလိုရှိသည်။ ရုံးရောက်တော့ ပန်ကာအောက်က စားပွဲတွင်ထိုင်ရင်း ချွေးတိတ်အောင် အအေးခံမိသည်။ ထို့နောက်နေရာမှထပြီး နံပါတ်အမြင့်ဆုံးတင်ထားသော ပန်ကာခလုတ်ကို ပြန်လျှော့ချမည်ဟု လက်လှမ်းလိုက်စဉ် မျက်လုံးတွေပြာလာကာ မိုက်ခနဲမူးလဲသွားလေသည်။

ဆန့်သောလက်ပင် မကွေးမိသေးချေ။

*

"ဘာပြောတယ်"

"ဟယ်"

အစ်ကိုကြီးသည် သူ့လက်ထဲမှ တယ်လီဖုန်းခွက်ကို နားမှခွာရင်း မယုံနိုင်သလို စိုက်ကြည့်နေသည်။ တစ်စုံတစ်ယောက်က အကြောင်းကြားခြင်းမဟုတ်ဘဲ တယ်လီဖုန်းခွက်ကြီးကသာ မဟုတ်တရုတ် ထပြောခြင်းဖြစ်သည်ဟု ရုတ်တရက် ထင်မှတ်သွားသည်။

"ဘာဖြစ်လို့လဲ မောင်"

သူ့မိန်းမက မေးသည်ကို ချက်ချင်းမဖြေမိ။

"ကိုစိုး ဆုံးပြီတဲ့"

"ဟော တော့"

ရုတ်တရက် ချက်ချင်းပင် ဒူးများက မခိုင်တော့သလိုဖြစ်လာ၍ ကြမ်းပေါ်သို့ထိုင်ချကာ နံရံကို မှီထားလိုက်သည်။

"ဟဲ့ နင်တို့အဖေဖို့ ဂလူးကို့စ်လေး ဖျော်ခဲ့စမ်း"

မိန်းမ၏အသံကို ကြားရသည်။ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ "မောင် သတိထား၊ သတိထား" ဟု ပြောသည်။ သူ မူးသွားမည်ကို စိုးရိမ်ဟန်ရှိသည်။

သူ့မိန်းမက မူးမှာစိုးရိမ်သောအခါမှ ခေါင်းထဲတွင် တရိပ်ရိပ်မူးလာသလိုရှိသည်။ ကိုစိုးနှင့် မတွေ့ဖြစ်သည်မှာ တစ်လနီးပါးရှိနေပြီကို သတိရသည်။ နောက်ဆုံးတွေ့သည်က သူတို့သူငယ်ချင်းတစ်ဦး၏ သား ရှင်ပြုအလှူတွင်ဖြစ်မည်ထင်သည်။ အလှူရှင်က သူတို့ညီအစ်ကို တွေအားလုံး ခင်မင်သူမို့ ညီအစ်ကိုနှစ်ဦးလည်း အလှူတွင် ဆုံမိကြ သည်။ ကိုစိုး ဝတ်ထားသော တိုက်ပုံအင်္ကျီ တော်တော်လေးနွမ်းသည် ကို သတိထားမိလိုက်သည်။ "အင်း သူ့လည်း တိုက်ပုံကောင်းကောင်း မရှိဘူးထင်တယ်။ ငါ့မှာ နည်းနည်းကျပ်တဲ့ တက်ထရပ်အညိုတိုက်ပုံ ဆိုရင် သူနဲ့တော်မယ်ထင်တယ်" ဟု စိတ်ကူးမိသည်။ ကိုစိုးက သူ့ထက် ပင် ငယ်သော်လည်း ငယ်ငယ်တုန်းကတော့ သူ့ထက် ဝလေသည်။ သူက ခပ်ပိန်ပိန်လှီလှီဖြစ်သည်။ အခုတော့ သူက ကုပ်တက် ဗိုက်ထွက် ကာ ဝလာပြီး ကိုစိုးက ပိန်ကျသွားသည်။ "အင်း... ယောကျ်ားကလည်း လခအပြင် အကြံအဖန်မတတ်၊ မိန်းမကလည်း မရှာတတ် မဖွေတတ် နဲ့ဆိုတော့ ပဲသီးသုပ်စားလိုက်၊ ကြောင်လျှာသီးသုပ်စားလိုက်ပဲ လုပ်နေ ရတယ်ထင်ပါရဲ့" ဟု ခပ်ဖိဖိလေး တွေးခဲ့မိလေသည်။

အိမ်ရောက်တော့ ဗီရိုထဲမှ တိုက်ပုံအင်္ကျီလေးထုတ်ကာ "ဒီအင်္ကျီက မောင်နဲ့ကျပ်နေပြီ။ ကိုစိုး တိုက်ပုံအင်္ကျီကလည်း နွမ်းလိုက်တာခင် သတိထားမိလား" ဟု စကားစကြည့်သည်။ မိန်းမက ခေါင်းလေးညိတ်ကာ "ဒီအင်္ကျီကတော့ အဟောင်းကြီးမောင်ရယ်၊ နောက်ပြီး မောင့်သားကြီးနဲ့ ခဏနေရင် တော်လာတော့မှာ။ သားက တအားထွားလာနေတာ မောင် မြင်ရဲ့သားနဲ့။ ကိုစိုးကို ပေးချင်ရင် အစအသစ် ဝယ်ပေးလိုက်ပါလား" ဟု ပြောသည်။ သူကလည်း "အေး အေး" ဟု ခေါင်းညိတ်ခဲ့သည်။ ဒီလိုနှင့် အဟောင်းလည်းမပေးဖြစ်၊ အသစ်လည်း မပေးဖြစ်။ အခုတော့ သူ ပေးချင်လွန်း၍ သွားပေးလို့ပင် ကိုစိုးက ယူနိုင်တော့မည်မထင်။ ဩော်... ငါ့ညီလေး သေပြီတဲ့။

"မောင်ရေ သတိထားနော်"

သူ့မိန်းမ၏ အသံချိုချိုက နားထဲဝင်လာပြန်သည်။ "အလကားမိန်းမ၊ ချိုချိုလေးနဲ့ ငါ့ကို ကြိုးဆွဲနေတာ" ဟု ဒေါသနှင့် တွေးလိုက်မိသည်။

"ကိုစိုးရေ ငါ့ညီ၊ မင်းက ငါ့ကို ပညာတတ်မိန်းမကြီးဆိုတော့ ခင်ဗျားကို ကြိုးဆွဲနိုင်တာပေါ့ အစ်ကိုရလို့ ပြောတုန်းက ငါ မင်းကို စိတ်ဆိုးပြီး သုံးလလောက် မခေါ်မပြောနဲ့ နေခဲ့တယ်နော်။ အခုတော့ ငါ ခေါ်လို့တောင် မင်းက ထူးနိုင်ပါဦးမလားဟင်"

ကြေကွဲစိတ်က လည်ချောင်းဝတွင် စုပြုံပြီး ဆို့ကျပ်လာသည်။ မျက်လုံးကို စုံမှိတ်ထားသော်လည်း မျက်လုံးအိမ်တွင်းမှာ မျက်ရည်များက ဝေ့ပြီး လျှံတက်လာသည်။ ပါးပေါ်သို့ တလိမ့်လိမ့် စီးကျသွားသည်။

*

"ဟယ် အစ်မကြီး"

အိမ်ရှေ့ကပြင်တွင်ထိုင်ပြီး မြေးကလေးအား ထမင်းခွံ့နေသော

ညီမသည် အငှားကားထဲမှ ဆင်းလာသော အစ်မကြီးကိုမြင်တော့ အံ့ဩသွားသည်။ အစ်မကြီး၏မျက်နှာက မကောင်း။

"မိမျိုး"

အိမ်ရှေ့လှေကားထစ်က လက်ရန်းကိုကိုင်ကာ ငိုသံကြီးနှင့် ခေါ်သည်။

"ဟင် အစ်မကြီး ဘာဖြစ်"

"ကိုစိုး ကိုစိုး သေပြီတဲ့"

"ဟာ"

ညီမ၏လက်ထဲမှ ထမင်းဇလုံလေး လွတ်ကျသွားသည်။ တုန်တုန်ယင်ယင်နှင့် တက်လာသော အစ်မကြီး၏ လက်မောင်းကို ထမင်းတွေ၊ ဟင်းတွေ ပေကျံနေသောလက်နှင့် ဆီးပြီး ဆုပ်ကိုင်လိုက်သည်။

"မနေ့ မနေ့တုန်းကတောင် အိမ်ကို လာသေးတယ် မိမျိုးရဲ့။ နင့်အစ်ကို လူရှိုးကြီး၊ လူနုံကြီးလေ။ အခုမနက်တော့ ရုံးမှာ မူးလဲပြီး ဆေးရုံတောင် မရောက်ဘူး၊ အသက်ပျောက်သွားပါရောလား"

အစ်မကြီးကို "ဟုတ်မှ ဟုတ်ရဲ့လား" ဟု မေးချင်သော်လည်း မမေးဖြစ်တော့။ အစ်ကိုစိုး သေပြီဟူသောအသိက လျှပ်စစ်ဓာတ်လိုက်သလို သူ့တစ်ကိုယ်လုံး အရိုးအသားထဲသို့ စိမ့်ဝင်ဖြတ်ဆင်းသွားသည်။

"အမလေး အစ်ကိုစိုးရဲ့"

ညီမ ရုတ်တရက် အော်ငိုလိုက်တော့ အဘွားမျက်နှာ မော့ကြည့်နေသော မြေးငယ်ကပါ 'ဝါး' ခနဲ ထငိုလေသည်။ အစ်မကြီးလည်း ကြမ်းပေါ်သို့ ပုံ့ပုံ့ကြီးထိုင်ရင်း သူတို့နှင့်အတူ ရောငိုသည်။

"မနေ့တုန်းက မျက်နှာလေးကညှိုးလို့။ ပြန်ခါနီးကျတော့ ကျေးဇူးပါပဲ အစ်မကြီးရာ။ ဒီငွေမရရင် ကျွန်တော်တို့ ဆီစာအုပ်ပေါင်ရတော့မှာပဲ။ အဲဒါကို ငါက အေးအေးဆေးဆေး ငွေမပေးဘဲ သူ စိတ်မချမ်း

သာအောင် ညည်းညူပြလိုက်မိသေးတယ်။ ဆိတ်သားဟင်းလေးနဲ့ သူ ထမင်းစားကောင်းလိုက်တာတဲ့။ သူ့ပန်းကန်ထဲမှာ ဟင်းနည်းနေတာ မြင်လျက်သားနဲ့ ညနေစာ မလောက်မှာစိုးလို့ ငါက ထပ်ထည့်မပေးမိဘူး။ သူကလည်း ထပ်ပြီးမနှိုက်တော့ဘဲ ဒီအတိုင်းပြီးလိုက်တယ်။ ငစိုးရယ်၊ ငါ မိုက်လိုက်တာဟဲ့။ အခုနေ ငါကျွေးတော့ နင် စားနိုင်ပါဦးမလား"

အစ်မကြီးက တစိမ့်စိမ့်တွေးမိသည်။

"အစ်ကိုနဲ့ မတွေ့ရတာကြာပြီ။ အိမ်လာပြန်တော့လည်း ငါ့ယောက်ျားက အမြဲပင်ပန်းပြီး အမြဲစိတ်တိုနေတာဆိုတော့ အပေါက်အလမ်းက တည့်တာမှမဟုတ်တာ။ ငါ့မှာ ယောက်ျားမျက်နှာကြည့်ရ၊ အစ်ကို့မျက်နှာကြည့်ရနဲ့ သူမလာတော့လည်း အေးတာပေါ့။ ခပ်ကောင်းကောင်းလို့တောင် ထင်ခဲ့မိတယ်။ ယောက်ျားမျက်နှာ ကြည့်နေရတဲ့ဘဝကိုးဟဲ့။ နောက်ဆုံးတွေ့လိုက်တာတောင် တစ်လကျော်ပြီထင်ပါရဲ့။ နင့်အိမ်လည်း ငါ မလာချင်ဘူး။ နင့်ယောက်ျားက အပေါက်ဆိုးမှုတ်တတ်ပါဘိသနဲ့။ သိပ်စကားမပြောချင်ဘူးတဲ့။ ငါကလည်း ယောက်ျားဘက်က လိုက်ပြီး 'မလာချင်လည်းနေပေါ့' လို့တောင် ဘောက်ပြောမိသေးတယ်၊ မျက်စောင်းထိုးမိသေးတယ်။ အမလေး အဲဒါနောက်ဆုံးတွေ့တာပဲ"

ညီမကတွေးရင်း အပူလုံးဆို့တက်လာသည်။ သူ ငယ်ငယ် ကျောင်းနေစတုန်းက ကိုယ့်အတန်းထဲတွင် ကိုယ်မနေဘဲ အစ်ကိုစိုး၏ အတန်းထဲသို့ သွားသွားငိုနေတတ်သည်ကို ချက်ချင်းသတိရသည်။ အစ်ကိုစိုးက သူ့ကို မနိုင်မနင်းပွေ့ချီရင်း ချော့ချော့မော့မော့နှင့် ပြန်၍ပို့တတ်သည်။ အမေက လိမ္မော်သီးတစ်လုံးစီ အညီအမျှပေးလိုက်လျှင် အစ်ကိုစိုးက တစ်ဝက်သာစားပြီး မုန့်စားကျောင်းလွှတ်လျှင် ကျန်တစ်ဝက်ကို သူ့ဆီ

လာပေးတတ်သည်။ တစ်ခါတစ်ရံလည်း နို့အေးချောင်း လာကျွေးတတ်သည်။ သူ့ကို ဒီလိုချစ်ခင်ကြင်နာခဲ့သော အစ်ကိုသည် ယခုတော့ လူ့ပြည်တွင် မရှိချေပြီ။ သူ့အစ်ကိုအား သူ နောက်ဆုံးအဖြစ် ပြောခဲ့သော စကားသည် "မလာလည်းနေပေါ့" တဲ့။

သူက အစ်မကြီးအား တအားဖက်ကာ ကြုံကြုံပါအောင် ငိုမိတော့သည်။

"အစ်ကိုရဲ့၊ တို့မောင်နှမတွေ ချစ်ချစ်ခင်ခင်နေရအောင် မသေပါနဲ့ဦးလား အစ်ကိုရဲ့"

*

သေခြင်းတရား၏ မြန်ဆန်ပုံကို ပြက်ပြက်ထင်ထင် မြင်လိုက်ရတော့ ကိုတိုး တုန်လှုပ်ချောက်ချားနေသည်။

အစ်ကိုစိုးကို ကြည့်ရသည်မှာ ပူပူနွေးနွေး ခွေခွေပျော့ပျော့နှင့် ရှိသေးသည်။ အိပ်ရာပေါ်မှာ တစောင်းလေး အသာသိပ်ထားလျှင် အိပ်နေသည်သာ ထင်မိသည်။ "ဟေ့ အစ်ကိုစိုး မထတော့ဘူးလား" ဟု သွားနှိုးချင် နှိုးမိမည်။ သို့သော် ထိုခန္ဓာထဲတွင် အသက်ဟု လူတွေခေါ်နေသော နာမ်တရားလေး မရှိတော့ဘူးဟုဆိုတော့ မကြာမီပင် အေးစက်တောင့်တင်းလာမည်။ ဖောရောင်ပွဖောင်းလာတော့မည်။

"ဘုရား ဘုရား"

သူက ဘုရားတရင်း မျက်လုံးကို မှိတ်ထားမိသည်။ မျက်စိနှင့်မြင်နေရသော်လည်း မယုံသလို ဖြစ်နေသည်။ "ငါတို့အသက်တွေလည်း ငယ်တော့တာမဟုတ်ဘူး ငတိုးရ။ ဒါပေမဲ့ လူဆိုတာ အသက်ကြီးလာရင် စိတ်က နုလာတတ်တယ် ထင်ပါရဲ့ကွာ။ အဟေး ဟေး အသက်ကသာ ကြာလေ ကြီးလေ၊ သဘောထားတွေကတော့ ကြာလေ နုလေပဲကွနော်" ဟု ရယ်သွမ်းသွေးရင်း ပြောခဲ့တဲ့စကားသံကို ကြားယောင်မိ

သည်။ လွန်ခဲ့သောတစ်ပတ်လောက်ကတည်းက သူတို့ ငယ်စဉ်က ခုန်ပေါက်ပြေးလွှား ကစားခဲ့သည်များကို သတိရနေသည်။ သရက်ပင်ပေါ်မှ ခုန်ချ၍ ပုလင်းကွဲပေါ် တည့်တည့်ကျကာ ခြေဖဝါးအလယ်ကောင် ဟက်တက်ပြဲစဉ်က အစ်ကိုကြီးနှင့် အစ်ကိုစိုးတို့ သူ့ကို တစ်လှည့်စီ ကျောပိုးကာ အိမ်ပြန်ခဲ့ကြသည်ကို တွေးမိတော့ ရင်ထဲတွင် နွေးသွားသည်။ "သူ့မိန်းမက အရည်အချင်းမှမရှိဘဲ၊ ဒီလောက်တောင် စားစရိတ် သောက်စရိတ် ကြီးနေတာ၊ တစ်ယောက်တည်း ရှာစာကို တစ်အိမ်လုံး ထိုင်စားလို့ရတဲ့ခေတ် မဟုတ်ဘူးဆိုတာ သိရမှာပေါ့။ ခုတော့ စက္ကူ အိတ်ကပ်တာနဲ့ ဆီးငန်စေ့ ထုပ်တာလောက်သာ လုပ်တတ်တဲ့ မိန်းမ" ဟု သူ၏ နံပါတ်တစ်က ထုံးစံအတိုင်း နှိမ်ချစကားပြောတော့လည်း လိုက်ပြီး ပြုံးချင်စိတ်မရှိ။ "အင်း အစ်ကိုစိုးခမျာ ချောင်ချောင်လည်လည် မရှိရှာဘူး။ ငါကလည်း ငယ်ငယ်တုန်းကသာ သူ့မုန့်ဖိုးကပ်စားခဲ့တာ။ အခုလိုအချိန်မှာ ဘာမှလည်း ပြန်ပြီး ကြည့်ရှုနိုင်တာမဟုတ်။ ဒီနှစ် သီတင်းကျွတ်တော့ အစ်ကိုတွေ၊ အစ်မတွေကို တတ်နိုင်သမျှ ဝယ်ခြမ်းပြီး ကန်တော့ဦးမယ်။ တစ်သက်လုံး ဘယ်တုန်းကမှ မကန်တော့ဖူးဘဲ အခုမှလာကန်တော့လို့ ရယ်စရာများဖြစ်မလားပဲ" ဟုတွေးမိတော့ တစ်ဦးတည်း ပြုံးခဲ့မိသေးသည်။

"အခုတော့ ငါ လာကန်တော့ရင်တောင် မင်းက ဘယ်လိုလုပ်ပြီး သိတော့မှာလဲ ကိုစိုးရယ်"

သူက ဘာတစ်ခုမှ ကူညီညာမလုပ်နိုင်ဘဲ အစ်ကိုစိုးအား သယ်ကြပိုးကြ၊ ပြောင်းကြ ရွှေ့ကြ လုပ်နေသည်ကိုပင် ငိုင်ပြီး ကြည့်နေမိသည်။

"အစ်ကိုရယ်၊ ငါ့မှာ ဘာကုသိုလ်မှ မရှိဘူးဆို။ အခုနေ ငါသေသွားရင် ဒုက္ခပဲဆို။ ငါမသေခင် ငါ့မောင်နှမတွေကို စည်းလုံးအောင် လုပ်မယ်ဆို။ အဲဒါ ကုသိုလ်ပဲဆို အစ်ကိုရဲ့။ အဲဒီကုသိုလ်ကြီး ယူမသွား

တော့ဘူးလား"

အစ်ကိုစိုး၏မိန်းမက မချိတင်ကဲပြောကာ ငိုသည်။ "ငါမသေခင် ငါတို့မောင်နှမတွေကို စည်းလုံးအောင် လုပ်မယ်ဆို" ဟူသောစကားက ကိုတိုး၏နှလုံးသားကို ဒိုင်းခနဲဝင်ဆောင့်ပြီး ရုတ်တရက် အသက်ရှူမရဘဲ အောင့်သွားသည်။ ခေတ္တခဏမျှငြိမ်နေပြီး အသက်ကို "ဟင်း" ခနဲ ရှူထုတ်လိုက်သည်။ အဆုတ်တွင်းမှ လေနှင့်အတူ မျက်ရည်များ ရောပါသွားသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခုတင်ပေါ်ရောက်နေပြီဖြစ်သော အစ်ကိုစိုးကို တွေ့ရသည်။ လက်နှစ်ဖက်ကို အသာပူး၍ ကြိုးနှင့် ချည်နေသည်ကို တွေ့ရသည်။ "ခြေမကို မချည်ပါနဲ့ကွာ၊ ခြေချင်းဝတ်က ချည်တော့ လုံချည်စနဲ့ အသာအုပ်ထားလို့ရတယ်။ ခြေမကြီး ပူးချည်ထားတာ မကောင်းဘူးကွ" ဟု သူတို့အချင်းချင်းပြောနေသံကို ကြားရသည်။

"ဩော် အစ်ကိုစိုး၊ မင်း ဘာမှမသိတော့ပါလား"

*

မျက်ရည်ပူများ အန်ကျလာပြန်သည်။ မျက်စိနှစ်လုံး စုံပိတ်ထားသော အစ်ကိုစိုး၏မျက်နှာသည် ဝေဝါးသွားပြန်သည်။ ဒီတစ်ခါတော့ ယောက်ျားတန်မဲ့ ရှိုက်၍ငိုမိလေသည်။ ထာဝရကွဲကွာပြီဟူသောအသိက သူ့ရင်ကို ဖျပ်ဖျပ်ခါနေစေသည်။

"အစ်ကိုစိုးရေ ကျွန်မအိမ်ကို မလာချင်ဘူးဆို၊ အခု ကျွန်မ လာပြီလေ၊ ထကြည့်ပါဦး အစ်ကိုစိုးရဲ့"

ဟစ်၍ငိုလိုက်သောအသံကို ကြားရသည်။ ညီမက အိမ်ပေါ် ပြေးတက်လာပြီး အစ်ကိုစိုး၏ခြေအစုံကို ဝင်ဖက်သည်။ ကတုန်ကယင်ဖြစ်နေသော အစ်မကြီးအား လမ်းထဲမှ လူငယ်များက ဆီး၍တွဲကြသည်။

ခဏနေတော့ အစ်ကိုကြီးရောက်လာပြန်သည်။ "မောင်ရေ သတိ

ထားနော်”ဟု တဖွဖွသတိပေးနေသော ဇနီးသည်ကို လုံးဝဂရုထားမိဟန် မတူ။ အလောင်းစင်ဘေးတွင် တွေတွေကြီးရပ်ရင်း ကိုစိုး၏မျက်နှာအား စိုက်ကြည့်နေသည်။

“နင့်ညီလေးလေ၊ ကြည့်ပါဦးလား ငမိုးရဲ့၊ တကယ်သေရှာပြီပဲ”

အစ်မကြီး၏ ငိုသံကြားတော့မှ အစ်မကြီး၏ပခုံးအား ဆီး၍ ဖက်မိလေသည်။

“မိမျိုးရယ် ထတော့၊ သူတို့တွေ ပြင်ကြ ဆင်ကြတုန်းပဲ ရှိသေးတာ”

ကိုတိုးကလည်း ညီမအား ဆွဲယူသည်။ မောင်နှမလေးဦး မျက်ရည်တွေတွေကျရင်း သူ့ဘေးတွင် ရပ်နေကြလေပြီ။ ငယ်ငယ်တုန်းကလိုပင် တစ်ဦးနှင့်တစ်ဦး လက်ချင်းတွဲထားကြလေပြီ။ သူတို့ ဒီလို လက်ချင်းမတွဲမိသည်မှာ ကြာလှပြီ။ အခုပြန်ပြီး လက်တွဲမိတော့ ကြမ်းတမ်းတင်းမာနေသော နှလုံးသားများသည် အတန်ငယ်ပျော့ပြီး ပူနွေးလာသယောင်ရှိသည်။ ရင်ထဲမှ ကြေကွဲစိတ်က လျှံတက်လာသောအခါ ပိုပြီး တင်းတင်းဆုပ်ကိုင်မိကြသည်။

“ကုသိုလ်ရပါတယ် အစ်ကိုရဲ့၊ အစ်ကိုလိုချင်တဲ့ ကုသိုလ်ကို အစ်ကိုရပါတယ်”

သူ့ဘေးတွင် ဝန်းရံပြီးရပ်နေသော ကျန်မောင်နှမလေးဦးကို ကြည့်ကာ သူ့မိန်းမက မချိတင်ကဲ ငိုလေသည်။

မနက်ဖြန်နှင့် နဝရတ်ကိုးသွယ်၊ မတ်၊ ၁၉၈၅

❑

# အမေချက်တဲ့ ပုစွန်ကျားခုနစ်ကောင်

■ မစန္ဒာ

ဟိုတစ်ဖက်က ငါးမြစ်ချင်းဆိုင်တွင် လူအုံနေသော်လည်း ပုစွန်ကျား ဆိုင်ရှေ့တွင် လူရှင်းနေသည်။ ပုစွန်လာကိုင်ကြည့်လိုက်၊ ဈေးမေးလိုက်၊ "အင်း" ဟူ၍ သက်ပြင်းချကာ ပြန်သွားလိုက်နှင့်မို့ ပုစွန်သည် မပုစိန် လည်း တော်တော်လေး စိတ်တိုနေပြီဖြစ်သည်။ ထို့ကြောင့်လည်း "အပျင်းပြေ လာကိုင်ကြည့်လို့ရတယ်နော်။ ၁၀ သားကို ခြောက်ကျပ် ကြီးများတောင်ရောင်းတာ" ဟု အငေါ်တူးပြီး အော်လေသည်။

"မြတ်စွာဘုရား၊ ခြောက်ကျပ်တဲ့"

ဆိုင်ရှေ့တွင်ရပ်ပြီး ဈေးမေးတော့မည်ပြုသော ဒေါ်လှမေ၏ပါးစပ် သည် အလိုလိုပြန်ပိတ်သွားသည်။ "၁၀ သား ခြောက်ကျပ်ဆိုတော့ ၁၅ ကျပ်သားဝယ်ရင် ကိုးကျပ်၊ အင်း... မစားရက်စရာကြီးပါလား" ဟု စဉ်းစားမိသည်။ မျက်စိရှေ့မှ ပုစွန်ပုံကြီးသည် ငွေပုံကြီးအသွင်သို့ ပြောင်း လဲသွားသလို ထင်မိသည်။ ဒီငွေတွေကို ဝမ်းထဲမျိုချရမှာကတော့ နှမြောစရာ။

"မယူဘူးလား အန်တီကြီး"

"ဈေးကောင်းလိုက်တာအေ"

"ပစ္စည်းကောင်းလို့ ဈေးကောင်းတာ အန်တီကြီးရဲ့၊ ဟောဒီမှာ ကြည့် ခေါင်းတောင်မကျိုးသေးဘူး။ စိမ်းလို့ လတ်လို့၊ ဒါမျိုးဆိုတာ တစ်ခါတလေမှရတာ၊ စားစမ်းပါ"

"ကင်ပွန်းချဉ်ရွက်လေး ချဉ်ရည်ချက်ပြီး ပုစွန်ကျားချိုချိုလေးနဲ့ စားလိုက်ရရင်တော့၊ အင်း... အဖေကြီးကလည်း ကြိုက်ရှာတယ်"

ဒေါ်လှမေသည် ကြက်သွန်နီအကွင်းလိုက် အုပ်ချက်ထားသော ပုစွန်ကျား အကောင်နီနီရဲရဲကြီးများကို တွေး၍မြင်ယောင်ရင်း တံတွေးကို မသိမသာ မျိုချသည်။

"ကဲ... ဘယ်လောက်သားလဲ၊ ၅၀ သား ချိန်လိုက်ရမလား"

"အမလေး မရက်စက်ပါနဲ့အေ"

ဒေါ်လှမေက ယောင်ယမ်းပြီး ခြေတစ်လှမ်း နောက်ဆုတ်မိသည်။ ထို့နောက် "ညည်းတို့ ပုစွန်ကျားကလည်း ကုဋေ ၈၀ သူဌေးသားတောင် နေ့တိုင်းစားရင် မွဲရချည်ရဲ့" ဟု ခပ်ငေါ့ငေါ့လေး ပြောမိသည်။

"ကောင်းလွန်းလို့ပါ အန်တီကြီးရယ်၊ ဈေးပေါရင်တော့ ပစ္စည်း ညံ့ပဲရမှာပေါ့၊ ဟုတ်ဘူးလား"

မပုစိန်က တစ်ဖက်ဆိုင်ကို မေးငေါ့ကာ အသံကို မြှင့်၍ပြောသည်။ ပစ္စည်းချင်းတူသော်လည်း တစ်ဖက်ဆိုင်မှာ ပုစွန်ကျားက အကောင်သေးကာ ခေါင်းကပြုတ်နေပြီး အရောင်ကလည်း နီနီနှင့် မလတ်တလတ်မို့ သူက ပြောအားရှိနေသည်။

တစ်ဖက်ဆိုင်မှ မိန်းမက သူတို့ဘက်သို့ မျက်စောင်းဝဲလိုက်ပြီး "ပေါတယ်နော်၊ ပေါတယ်။ ဟောဒါမျိုးကိုစား ကျားမှကျား၊ ၁၀ သား သုံးကျပ်ခွဲ" ဟု အသံကုန်ဟစ်သည်။

"အင်း... အဲဒါဝယ်ရင်တော့ တစ်ဝက်လောက် သက်သာတယ်ဟဲ့"

ကွန်ပျူတာထက်ပင် မြန်သော ဒေါ်လှမေ၏ ဦးနှောက်က ဖျတ်ခနဲ

တွက်လိုက်မိပြန်သည်။

"အင်း... ဒါပေမဲ့ ၃၅ ကျပ်ဈေးပေးပြီး အပုပ်မစားဘူး။ ၆၀ ဈေးပေးပြီး အကောင်းပဲစားတော့မယ်။ ဘာဖြစ်သေးလဲ၊ တစ်ခါတလေစားတာ။ အဖေကြီးက ပင်စင်စားမို့ ငါ့ကို ဟင်းကောင်းတောင် မကျွေးတော့ပါဘူး လို့ စကားနာထိုးကာ နှစ်ခါတောင်ရှိနေပြီ" ဟု ဆက်၍တွေးမိတော့ ရှေ့ဘက်ကို ခြေနှစ်လှမ်း ပြန်တိုးလိုက်မိသည်။ စိမ်းပြီး လတ်နေသော အကောင်ကြီးများကို ခပ်ရဲရဲကောက်ကိုင်ကာ "၁၅ ကျပ်သားလောက် ချိန်စမ်းအေ" ဟု လေသံတင်းတင်းနှင့် ပြောလိုက်သည်။ "အင်း... တကယ်မစားရသေးဘူး၊ ဝယ်ရတာတောင် အရသာရှိလိုက်တာဟဲ့" ဟု ဆက်၍တွေးရင်း တစ်ဦးတည်း ပြုံးမိလေသည်။

"ဟောဒီမှာကြည့်၊ အသာကြီး"

"အလေးတော့ မှန်ပါတယ်နော်"

"ကြိုက်တဲ့နေရာမှာ သွားချိန်၊ ချိန်ပြီးမှ ပိုက်ဆံပေး၊ ပုစိန်တို့က ကြိုက်ဈေးပြောရောင်းတာ အလေးမခိုးဘူး"

ချိန်ခွင်ခွက်ထဲမှ ပုစွန်ကျားများကို ခြင်းတောင်းထိုးမခံသေးဘဲ တစ်ကောင်နှစ်ကောင် ရေတွက်မိသည်။ စုစုပေါင်း ခုနစ်ကောင်။ ၁၅ ကျပ်သားကို ဒီလိုအရွယ် ပုစွန်ကျား ခုနစ်ကောင်ရသည်ဆိုကတည်းက အလေးမခိုးမှန်းတော့ အသိသာကြီးပင်။

"မချိန်ပါဘူးအေ၊ ပါးစပ်က အကျင့်ပါနေလို့သာ ပြောတာ၊ ယုံပါတယ်"

ဒေါ်လှမေသည် လေချိုသွေးလိုက်ပြီး လက်ထဲမှ ၁၀ တန်ကို လှမ်းပေးသည်။ ဒီနေ့တော့ လျှာရင်းမြက်မြက်လေး စားလိုက်ဦးမည်။ ခုနတုန်းက ဈေးအဝမှ ကင်ပွန်းချဉ်ရွက်တွေ တွေ့ခဲ့သည်။ တစ်စည်းကို ပြား ၆၀ တဲ့။ ကင်ပွန်းချဉ်ရွက်တစ်စည်းကို ကန်စွန်းရွက်တစ်စည်း

ရောပြီး ချဉ်ရည်ချက်၊ ငါးပိရည်ကျိုထဲတွင် ကြက်သွန်ဖြူနှင့် ငရုတ်သီး စိမ်းထောင်းထည့်၊ အိမ်နောက်ဖေး ကပြင်နားတွင် မြေကလေးတစ်တောင် လောက်တွင် ကပ်ပြီးပေါက်နေသော ခရမ်းကစော့ပင်က အသီးလေးတွေ ခူးပြီး ရေနွေးဖျော၍တို့။ ဒေါ်လှမေ တွေးရင်းပင် လျှာစိုလာသည်။

"မမမေ ဘာရခဲ့လဲ"

ဈေးကအပြန် လမ်းတွင်တော့ မျက်စောင်းထိုးအိမ်မှ ဒေါ်စိန်အေး နှင့်တွေ့သည်။ ကင်ပွန်းချဉ်ရွက်နှင့် ချဉ်ပေါင်ရွက်စည်းတို့ကို အောက် ဘက်ပို့ပြီး ပုစွန်ကျားကို မြင်သာထင်သာ အပေါ် ပြောင်းထည့်ခဲ့မိ သည့်အတွက် ဒေါ်လှမေ ကျေနပ်သွားသည်။ ဒေါ်စိန်အေး၏မျက်လုံး က ခြင်းတောင်းထဲ လှမ်းကြည့်လိုက်သည်ကိုမြင်တော့ ပိုပြီးကျေနပ် သွားသည်။ ၁၀ သား ခြောက်ကျပ်ဆိုတာ လူတိုင်း စားနိုင်တာမှတ်လို့။

"မမမေတို့က စနေနေ့ သားတွေ၊ ချွေးမတွေ လာတတ်လို့ ဟင်း ကောင်းချက်ကျွေးတော့မယ်ထင်တယ်"

ဒေါ်စိန်အေး၏စကားကိုကြားတော့ ကျေနပ်စိတ်နှင့် ဝင်းမှေးနေ သော ဒေါ်လှမေ၏မျက်လုံးအစုံသည် ရုတ်တရက် ပြူးထွက်လာသည်။

"ဟုတ်သားပဲ၊ ဒီနေ့ စနေနေ့။ အဖေကြီးက ရုံးသမားမဟုတ်တော့ လို့ ငါမေ့နေတာ။ ဒီလိုဆို ပုစွန်အစိတ်သားလောက် ဝယ်မိရင် ကောင်း သား"

ဒေါ်လှမေက တွေးပြီး စိတ်မကောင်းဖြစ်သွားသည်။

သူတို့မှာက အဘိုးကြီး၊ အဘွားကြီး နှစ်ဦးတည်း။ ပင်စင်လစာ လေးနှင့် ခြစ်ခြစ်ခြုတ်ခြုတ်နေရသော်လည်း သားတွေလာလျှင် မရှိ ရှိ တာလေးတွေထုတ်ပြီး ကောင်းနိုးရာရာလေးတွေတော့ ကျွေးချင်သည်။ အမေ့လက်ရာကို အားပါးတရ ထိုင်စားနေသော သား၏မျက်နှာကို ကြည့်ပြီး ကြည်နူးချင်သား။ သားသုံးဦးစလုံးကို သူတို့ ပညာအပြည့်

သင်ပေးခဲ့သည်ဖြစ်၍ သင့်တင့်သော အလုပ်အကိုင်၊ သင့်တင့်သော ဝင်ငွေနှင့် အသင့်အတင့် ချောင်လည်ကြလေသည်။

"သူတို့ဟာသူတို့ စားနိုင် သောက်နိုင်နေရင် ဝမ်းသာရတာပါပဲကွာ။ တို့ကို ပြန်ထောက်ဖို့ မလိုပါဘူး"

အဖေကြီး ဦးအောင်မြတ်က ပြောတတ်သည်။ ဒေါ်လှမေကတော့ အမေမို့လားမသိ။ သားတွေ၊ မြေးတွေကို ဘာကျွေးရပါ့မလဲ၊ ဘာပေးရပါ့မလဲနှင့် စဉ်းစားတတ်သည်။ သားတွေဆီကလည်း ပြန်ပြီးမျှော်လင့်မိသည်ကတော့ အမှန်ပင်။

"အင်း... သားသုံးယောက် တစ်ယောက်ကို ၅၀ ထောက်ရင်တောင် သုံးယောက်ဆိုတော့ ၁၅၀၊ ဒါဆိုရင် ကုသိုလ်ကောင်းမှုလေး ဘာလေး ပြုနိုင် လှူနိုင် တန်းနိုင်မှာပေါ့"ဟု တွေးမိသည်။ သို့သော် သားတွေ၊ ချွေးမတွေကလည်း အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း ပင်စင်လစာနှင့် အေးအေးဆေးဆေး စားနိုင်သည်ဟု ယူဆ၍လား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်သည်လားတော့ အသေအချာမသိ။ ၅၀ မပြောနှင့်၊ အစိတ်ပင် မထောက်ပံ့ကြချေ။ အိမ်လာလျှင်တော့ သရက်သီးလေး အစ၊ ကိတ်မုန့်လေးအစ ဝယ်ခြမ်းလာတတ်ကြသည်။ ဒါ့အပြင်တော့ တစ်ပြားမှ ထွက်မလာ။ သူကလည်း စိတ်ထဲကသာ မြော်မြင်မိသော်လည်း နှုတ်ကတော့ ထုတ်မပြောတော့ပေ။ ဟိုတစ်ခါတုန်းက နှုတ်က ထုတ်ပြောမိတုန်းကတော့ အိမ်က အဖေကြီးနှင့် စကားများရသည်။ အဖေကြီးကတော့ ပြတ်သည်။ သားတွေကို လုံးဝအားမကိုး။ လိုချင်မျက်စိလည်း မရှိ။ ရကောင်းစေဟူ၍လည်း သဘောမထား။ စောစောထ လမ်းလျှောက်၊ နေ့ခင်းကျတော့ တရားစာအုပ်ဖတ်၊ တစ်ခါတစ်ရံလည်း အပေါင်းအသင်းများနှင့် တရားဆွေးနွေး။ ညရောက်လျှင် ဘုရားစင်ရှေ့၌ တရားထိုင်၊ ထို့နောက် ဘုရားရှိခိုး၊ အမျှဝေပြီး ချမ်းသာစွာ အိပ်စက်

လေသည်။ ဟိုတွေးဒီတွေး တလူးလူး တလွန့်လွန့်နှင့် အိပ်မပျော်သော ညဟူ၍ သူ့မှာမရှိသေး။

"အမေ"

"ဟောတော့ အဖေ"

ကိုယ့်စိတ်ကူးနှင့်ကိုယ် တစိုက်စိုက်လျှောက်လာသော ဒေါ်လှမေသည် သူ့လက်ကို တစ်စုံတစ်ဦးက လှမ်းဆွဲလိုက်သောအခါမှ တုံ့ခနဲ ရပ်သွားသည်။ သူ့ကို ပြုံးရယ်ပြီးကြည့်နေသော ခင်ပွန်းသည် ဦးအောင်မြတ်အား ယောင်ကန်းကန်းနှင့် ပြန်ကြည့်မိသည်။

"လမ်းလျှောက်ပြန်လာတာ၊ အမေ့ကိုတွေ့လို့ ရပ်စောင့်နေတာ။ ဘာတွေ စဉ်းစားလာတာတုံး"

"ဒီလိုပါပဲ"

ဦးအောင်မြတ်က ဒေါ်လှမေ၏လက်ထဲမှ ဈေးခြင်းတောင်းကို လှမ်းယူသည်။

"ဟာ ပုစွန်ကျားတွေ ဘာတွေနဲ့ပါလား"

"ဟုတ်တယ်၊ အဖေကြိုက်တယ်မဟုတ်လား"

"ကြိုက်တော့ ကြိုက်တာပေါ့၊ ဒါပေမဲ့ ဈေးကြီးမှာပေါ့ အမေရယ်"

"အို... တစ်ခါတလေပဲဟာ"

ဒေါ်လှမေက မျက်စောင်းလေး မသိမသာဝဲကာ ပြောမိသည်။ ဦးအောင်မြတ်က ဆွဲခြင်းကိုဆွဲကာ လျှောက်တော့ သူက ဘေးမှယှဉ်လျှောက်ရင်း "အဖေ ကြိုက်သလို ကြက်သွန်နီအကွင်းကြီးတွေအုပ်ပြီး ကြော်ပေးမယ်လေ။ နောက်ပြီး ကင်ပွန်းရွက်ချဉ်ရည်လေး ချက်ပေးမယ်။ ကြိုက်တယ်မဟုတ်လား" ဟု တယုတယပြောမိစဉ် လမ်းမှ လူပျိုပေါက်ကလေးနှစ်ဦးက သီချင်းတစ်ပိုဒ်ကို အော်ဆိုလိုက်သောကြောင့် အတန်ငယ် ရှက်သွားသည်။

"အဘွားကြီးမင်းက အဘိုးကြီးငါ့ကို မောင်တွေ ဘာတွေ ခေါ်ပါဦး" တဲ့။

*

"နောက်ဆုံးတော့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း တစ်ယောက်နဲ့တစ်ယောက် အဖော်လုပ်ရတော့တာပဲ။ သားတွေကတော့ သူတို့အဖော်နဲ့သူတို့။ ဒီလိုပဲပေါ့လေ၊ ငါတို့ငယ်ငယ်ကလည်း ကိုယ့်အဖော် ကိုယ်ရှာပြီး မိဘကို ထားခဲ့ကြတာပဲ မဟုတ်လား"

ဒေါ်လှမေက ကြက်သွန်နီဥကြီးများ အကွင်းလိုက်လှီးရင်း စဉ်းစားသည်။ အသက်ကြီးလာတော့ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်က ပိုကြီးလာသည်။

အရင်တုန်းကလို တဏှာချစ်၊ ဘယာချစ်နှင့် မဟုတ်တော့ဘဲ အေးမြသော မေတ္တာက အလေးကဲလာသည်။ ထိန်းစရာ၊ ကျောင်းစရာ မြေးမြစ်လည်းမရှိတော့ ဘဝက ပျင်းခြောက်သယောင်ရှိသော်လည်း အေးချမ်းသည်ကတော့အမှန်ပင်။ ဦးစွာအိမ်ထောင်ကျသော သားအလတ်က ယောက်ျားရော မိန်းမပါ အလုပ်လုပ်သည်။ သားသမီးရလာတော့ နေ့ခင်းတိုင် အဘိုးအဘွားအိမ် လာပို့ထားသောကြောင့် မြေးထိန်းလိုက်ရသေးသည်။ အိမ်အလုပ်ကတစ်ဖက်၊ လှည်းရကျင်းရ၊ လျှော်ရဖွပ်ရ၊ နို့ဘူးဖျော်ရ၊ အာဟာရမှုန့်ကျိုပြီး ခွံ့ရနှင့် အဘိုးရော အဘွားရော တစ်ချက်ကလေးမျှ မအားကြရပေ။ အိမ်ရှေ့အိမ်မှ ဒေါ်ခင်ဝေက "မလှမေတို့က ညံ့တာကိုး။ တကယ်ဆို မခင်ဝေက နေ့ခင်းအပျင်းပြေအောင် မြေးလေးတွေ ခေါ်ထားပါလား ပြောနေတာ။ ငါက ငါ့အိမ်မှာ ကြီးတော်ကြီးမားနဲ့ ငါ့ထမင်းတောင် ငါအနိုင်နိုင်ချက်စားနေရတာ။ ထဘီမကပ်အောင် လုပ်မလို့လားအေလို့ ပြန်ပြောလိုက်ရတယ်ဆိုပြီး

အစောကြီးကတည်းက ကြိုကြိုပိုပို ပိတ်ပြောထားပါလား" လို့ပြောသေးတယ်။ "ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်နိုင်သမျှတော့ ကူရမှာပေါ့ရှင်" ဟု သူက ပြန်ပြောခဲ့ရသည်။ ပင်ပန်းသည်မှန်သော်လည်း "သမီးရေ... ပူတူးရေ" နှင့် မြူးရွှေနေရတော့လည်း အမောပြေသားပင်။ သို့သော်လည်း ကလေးက အပြင်းဖျားပြီး သွေးလွန်တုပ်ကွေးဖြစ်တော့ အဘိုးအဘွား တရားခံဖြစ်ရလေသည်။ ချွေးမဖြစ်သူက "သွေးလွန်တုပ်ကွေးခြင်က နေ့ခင်းတိုင် ကိုက်တဲ့ခြင်" ဟု မျက်စိမျက်နှာပျက်ပျက်နှင့် ပြောသည်။ နေ့ခင်းတိုင် ကလေးကို ဂရုမစိုက်၍ ခြင်ကိုက်ရသည်ဟု ဆိုလိုဟန်ရှိသည်။ ကလေး ဆေးရုံကဆင်းတော့ ဒေါ်လှမေတို့ဆီလာမပို့တော့ပေ။ ချွေးမ၏မိဘများဆီ တစ်လှည့်ရောက်သွားသည်။ မပြောကောင်း ပြောကောင်း သွေးလွန်တုပ်ကွေး ကယ်လိုက်မှ အဖေကြီးလည်း တရားစာအုပ်ပြန်ဖတ်နိုင်တော့သည်ကတော့အမှန်ပင်။ ဒေါ်လှမေခမျာလည်း ကလေးသေးများနှင့်စိုကာ အကွက်အကွက်ဖြစ်နေသောညှိခန်းက ကြမ်းကလေးကို ပြန်ပြီးပြောင်စေရန် တကုန်းကုန်းနှင့် ခါးချည့်အောင် ပွတ်တိုက်ရင်း မြေးကလေးကို လွမ်းခဲ့ရသည်။ သည့်နောက်ပိုင်းတော့ ဘယ်သားကမှလာပြီး ကလေးမထိန်းခိုင်းတော့ပေ။ သွေးလွန်တုပ်ကွေးဖြစ်မှာ ကြောက်သောကြောင့်လားမသိ။ ကလေးထိန်း စာမေးပွဲတွင် အဘိုးအဘွားက ပထမတန်းပင် မအောင်ဘဲ ကျရှုံးသွားခဲ့လေပြီ။

"အမယ် မွှေးလှချည်လားဟ"

ဦးအောင်မြတ်က မီးဖိုထဲဝင်လာကာ ဒေါ်လှမေ၏ဘေးတွင် ဖင်ထိုင်ခုံဆွဲ၍ ဝင်ထိုင်သည်။ ဒေါ်လှမေက အကွင်းလိုက်လှီးထားသော ကြက်သွန်နီများကို ဒယ်အိုးထဲမှ ပုစွန်နီနီရဲရဲများအပေါ်သို့ အုပ်ချလိုက်သည်။

"ငါ့သားကြီး ကျွေးချင်လိုက်တာ၊ ဒီကောင်က ပုစွန်ကျားများဆို

အသေကြိုက်တာ"

ဦးအောင်မြတ်က အမှတ်တရပြောသည်။

"သားသုံးယောက်လုံး ကြိုက်တာပဲ အမေရယ်။ အရင်တုန်းကတော့ အဆင်ပြေရင်ပြေသလို ချက်ကျွေးနေကျ။ ခုတော့ သူတို့မိန်းမတွေက ချက်မှ ကျွေးပါ့မလားမသိပါဘူး"

"ပူမနေနဲ့၊ ခင်ဗျားသားတွေက ဘဲဥပြုတ်ကလေး စားလို့ကောင်းလိုက်တာ လုပ်နေမှာ"

"ဒီနေ့များ လာမလားမသိဘူး"

ဒေါ်လှမေက တမ်းတမ်းတတ ပြောမိသည်။ ဘာသားလာလာ လာသောသူကို ပုစွန်ကလေး ကျွေးလိုက်ချင်သည်။ အားရပါးရစားသော သား၏မျက်နှာ တစိမ့်စိမ့်ကြည့်ကာ ကျေနပ်ချင်သည်။

"အမေရေ ဘာဟင်းချက်တုံးဗျ"

စိတ်ထဲတွင် တွေးမိနေတုန်း သားကြီး၏အသံကို ကြားရတော့ ဒေါ်လှမေ မြူးပျော်သွားသည်။

"တယ်မွှေးပါလားဗျ"

ဒါကတော့ သားလတ်၏အသံ။

"ပုစွန်ဟင်းဗျ၊ ကျွန်တော်သိတယ်"

သားငယ်၏အသံကိုပါ ဆက်တိုက်ကြားလိုက်ရတော့ ဒေါ်လှမေ ရင်များပင်ခုန်လာသည်။ သူတို့တစ်တွေ သူတို့အိမ်ထောင်တွေနှင့် အသီးသီး ခွဲခွာသွားကြပြီးသည့်နောက်ပိုင်းတွင် သားသုံးဦးလုံး မိဘအိမ်တွင် မဆုံမိကြတော့။ တစ်ဦးကအဝင်၊ တစ်ဦးက အထွက်နှင့် လွဲနေတတ်သည်။ ခုတော့ သင်းတို့တစ်တွေ ချိန်းထားသလားမသိ။

"လူစုံလှချေကလားကွ"

"မင်္ဂလာဆောင်မှာ တွေ့လာတာ အမေရေ့"

သားသုံးဦးလုံး မီးဖိုထဲသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ညှော်ခန်းဘက်မှ ရယ်မောစကားပြောသံများကိုပါ ထပ်၍ကြားရသည်။ ဧနီးမယားများပါ ပါလာဟန်ရှိလေသည်။

"အဲဒါ ဆာနေလို့ အမေတို့၊ အဖေတို့အိမ် လှည့်ဝင်လာကြတာ"

"မင်္ဂလာဆောင်ကအပြန် ဆာတယ်လို့ကွာ"

"ဒီလိုအဖေရ၊ မင်္ဂလာဆောင်တာက ကျွန်တော်တို့သုံးယောက်လုံးနဲ့ခင်တဲ့ ကိုဘသောင်းရဲ့သမီးလေ။ သူတို့က သိပ်လည်းမတတ်နိုင်တော့ အိမ်မှာပဲလုပ်တယ်။ ကျွန်တော်တို့က မနက်ရှစ်နာရီက ဆယ်နာရီ အိမ်မှာဆိုတော့ မုန့်ဟင်းခါးလောက်တော့ ကျွေးမယ်ထင်တာ။ အိမ်ကလည်း ဘာမှစားမသွားမိကြဘူး။ ဟိုကျတော့ ရေခဲမုန့်ကလည်း ခွက်ထဲ ဖွန်းဖျားလေးနဲ့ ကော်ထည့်ထားတာ တကယ့်ကို နည်းနည်းလေး။ လိုးထားတဲ့ ပလိန်းကိတ်တစ်ယောက်ကို တစ်ချပ် ဝေပုံကျ"

"အဟီး အဲဒီဟာလေးတွေ စားပြီးတော့မှ အရမ်းကို ဆာလာတာပဲ။ အဲဒါမျိုးပေါ့ ဆင့်ပါးစပ် နှမ်းပက်ဆိုတာ"

"ဟား ဟား ဒီမှာတော့ ပွဲတော်အုပ်နဲ့ တိုးနေပြီမောင်၊ ပုစွန်ကျားဗျ"

"နီလို့ ရဲလို့၊ ကြွပ်လို့ ရွလို့၊ စားရမှာလား အဖေ"

"အို မောင်ကလည်း အိမ်ကျမှ ထမင်းစားပါတော့"

"အောင်မာ အဲဒီတော့ မင်းက ငါ့ကို ဘဲဥပြုတ် ဆီဆမ်းကျွေးမှာမဟုတ်လား"

"အမေ့လက်ရာလေး လွမ်းလွန်းလို့ဗျာ"

"အလွမ်းပြေလေး အလွမ်းပြေလေး"

သားတွေက တစ်ယောက်တစ်ပေါက် ရယ်မောပြောနေစဉ် ဒေါ်လှမေက ငါးယောက်သာဆံ့သော စားပွဲဝိုင်းလေးကိုခင်းပြီး ထမင်းအမြန်ခူးသည်။ ဦးအောင်မြတ်က ပိုက်ဆံ လေးငါးကျပ်ကို လက်

ထဲ မသိမသာ ဝှက်ယူသွားကာ လမ်းထိပ်ထမင်းဆိုင်ကို ပြေးသည်။ ပြန်လာတော့ လက်ထဲတွင် ထမင်းထုပ်နှင့် သခွားသီးနှစ်လုံးပါလာသည်။

အမေ့ထမင်းဝိုင်းလေးက ပုစွန်ကျားဟင်း၊ ကင်ပွန်းရွက်ချဉ်ရည်၊ ငါးပိရည်ဖျော်၊ အတို့အမြှုပ် စုံစုံလင်လင်နှင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်။ ငါးယောက်စားပွဲကို ခြောက်ယောက်ထိုင်တော့ အတန်ငယ်ကျပ်တည်းသော်လည်း သားတွေက ပိုပြီးပျော်နေဟန်ပင် ရှိလေသည်။

"စားကြ စားကြ၊ ငါ့သားတွေကျွေးချင်လို့ မျှော်နေတာ" ဟု အဖေကြီးက ပြုံးပြုံးပြောသည်။

"ငါကတော့ ငါ့မိန်းမကို ဦးချပြီမောင်"

သားကြီးက ချွေးမကြီး၏ပန်းကန်ထဲသို့ ပုစွန်တစ်ကောင် ခပ်ထည့်ပေးသည်။

"စုကတော့ စုယောက်ျားကို ဦးချတယ်"

"ဒါမျိုးလေးတွေကြောင့် ချစ်ရတာ၊ ရှော့ဗျာ၊ မောင်ကတစ်လှည့် ပြန်ထည့်ပေးမယ်နော်"

"မျက်စိရှက်တယ်ဗျို့၊ ကိုယ့်ပန်းကန်ထဲ ကိုယ့်လက်နဲ့ပဲ ထည့်မယ်။ ဟော့မိန်းမ ထည့်စား"

သူတို့ထမင်းပွဲကား တဝါးဝါးတဟားဟားနှင့် ရယ်မောသံ ညံနေသည်။

"ဟော့ တစ်ယောက်တည်း ချန်မထားကောင်းဘူး။ ဒီကောင် တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"အို... မောင်ကလည်း အမေတို့ဖို့ ကျန်သေးရဲ့လား"

"အဖေတို့ ခုပဲ စားပြီးပါပြီကွာ"

တစ်ကောင်တည်းကျန်တော့သော ပုစွန်ကြီးကို သားကြီးက လှမ်းနှိုက်မှ ချွေးမက ယောက္ခမနှစ်ဦးအား သတိရသည်။ ဦးအောင်မြတ်က

ခွင့်လွှတ်စွာပြုံးရင်း မုသားမဆိုစဖူး ဆိုလိုက်လေသည်။

ဒေါ်လှမေကတော့ ပီပီပြင်ပြင် မပြုံးနိုင်။ ကိုယ့်သားတွေ စားနေတာကို ကျေနပ် ကြည်ဖြူသော်လည်း ချွေးမတွေ၏ ပန်းကန်ထဲက ပုစွန်အကောင်ကြီးများကိုတော့ နမြောမိသည်မှာ အမှန်။ ကိုယ်မစားရတာက ကိစ္စမရှိ။ အဖေကြီးပါ စားရတော့မည်မဟုတ်ဟု တွေးမိတော့ အောင့်သက်သက်ကလေးတော့ ဖြစ်မိသည်။ သားကတော့ သား၊ ချွေးမကတော့ ချွေးမပင်။ ချွေးမကို သမီးအရင်းလို သဘောမထားရကောင်းလားဟု အပြစ်တင်ကလည်း ခံရုံသာရှိသည်။ သမီးလို သဘောမထားနိုင်သည်ကတော့ အမှန်ပင်။ သူတို့ကလည်း ကိုယ့်ကို အမေလို သဘောထားသည်မဟုတ်ဟု တွေးမိသည်။ အမေ့အိမ်သာ ဆိုလျှင်တော့ "ဟာ... အမေတို့ဖို့ ရှိသေးရဲ့လား" ဟု မစားခင်က တည်းက မေးမည်ထင်သည်။ ကိုယ့်ယောက်ျားပန်းကန်ထဲသို့ ဦးချမထည့်မီ မိဘအတွက် အရင် ပန်းကန်လေးနဲ့ သတ်သတ်ခွဲပြီး ဖယ်ထားလိမ့်မည်ထင်သည်။

"စားလို့ကောင်း ဝါးလို့ကောင်း မိုက်လည်း ဖောင်းပြီ အမေရေ့"

သားတွေက ပြန်ပြောတော့ တွေးလက်စ အတွေးပြတ်ပြီး ဝမ်းသာအားရ ပြုံးမိသည်။ သူတို့မယားတွေက ချက်ကျွေးတာမဟုတ်ဘူး။ အမေ့အိမ်ရောက်မှ စားကြရတာ။ စားကြပါစေ။ သူတို့ကလည်း မိန်းမရွေ့ထားပြီး ဘယ်မျိုကျပါ့မလဲ။ သူတို့မိန်းမတွေပါစားမှ မျိုကျတော့မပေါ့။ ဟုတ်တာပေါ့လေဟု ချက်ချင်းပင် ခွင့်လွှတ်စိတ် ပြန်ဝင်လာသည်။ ချွေးမအငယ်က ပန်းကန်တွေ ထိုင်ဆေးမည်ပြုတော့ "အဲ... သွားသွား၊ ဝတ်ကောင်းစားလှတွေဝတ်ပြီး ဆေးမနေနဲ့။ ထားခဲ့ ထားခဲ့၊ အမေ ဆေးလိုက်ပါ့မယ်" ဟု စေတနာအရင်းခံနှင့် ပြောဖြစ်သည်။ ချွေးမလေးက "ဟာ အမေကလည်း မဟုတ်တာ၊ ဆေးပေးခဲ့ပါ့မယ်"

ဟု ဖွတ်ပြောပြီး ဖွတ်ပင် ဆေးကြောသွားသည်။ ချွေးမကြီးတွေက စားပွဲကြီးသုတ်ပြီး တံမြက်စည်းလှည်းသွားကြတော့ မီးဖိုချောင်လေးက ပြန်ပြီး သန့်ရှင်းသပ်ရပ်သွားသည်။

"ကဲ... မိန်းမ မှတ်ထားစမ်း၊ ငါက အမေ့အိမ်မှာ ဒီလိုပဲ နေ့တိုင်း စားလာတယ်ဆိုတာ မှတ်ထား"

"အမေချက်တဲ့ ချဉ်ရည်ဟင်းကို ဘယ်သူမှမီအောင် မချက်နိုင်ဘူး၊ လျှာထဲကို စွဲနေတာပဲ"

"အောင်မာ ငါးပိရည်ကအစ အမေများဖျော်ထားရင် မွှေးပြီး ချိုနေတာ"

သားတွေက တစ်ယောက်တစ်ပေါက် ချီးကျူးကြတော့ အဖေကြီး ဦးအောင်မြတ်က အဲဒါ "ငါ့မိန်းမကွ၊ မှတ်ထား" ဟု ပြုံးပြုံးကြီး ဆိုသည်။ သားတွေရော ချွေးမတွေရော ဝါးခနဲရယ်ကြစဉ် ဒေါ်လှမေက ကျေနပ်ပြုံး နှင့် ရှက်ပြုံးကို တစ်ပြိုင်နက် ပြုံးမိလေသည်။

သားတွေ၊ ချွေးမတွေ ပြန်သွားတော့ ၁၁ နာရီပင် ထိုးပြီးလေပြီ။ စကားပြောသံ၊ ရယ်မောသံများနှင့် ဆူညံစိုပြည်နေသော အိမ်ကလေး သည် ချက်ချင်းပင် တိတ်သွားသည်။ ခြောက်ကပ်သွားသည်။ အမေ ချက်ထားသော ပုစွန်ကျားကလေးများလည်း ဟိုအိမ် သည်အိမ် မျှပြီး ပါသွားကြပြီ။

"ကဲ... အမေရေ ထမင်းစားကြစို့"

"ဆာလှပြီလား"

"ဆာပြီပေါ့ကွာ၊ သားတွေ မျိုမကျမှာစိုးလို့ စားပြီးသားပြောထား တော့ ကိုယ့်စကားနဲ့ကိုယ် ထမင်းလည်း ထမစားရဲ၊ တော်ပါသေးရဲ့ မောင်မင်းကြီးသားတွေ စောစောပြန်ပေလို့"

ဦးအောင်မြတ်က စားပွဲဝိုင်းလေးချကာ ထမင်းဇလုံကို ထဆွဲသည်။

စောစောတုန်းက သားတွေမျက်နှာကြည့်ပြီး ပြောဆိုနေရသဖြင့် အဆာ ပြေသလိုလိုရှိနေသော်လည်း ယခုကျတော့ ရင်ထဲတွင်ပူနေအောင် ဆာ လာလေသည်။

"ခဏစောင့်ပါဦး၊ ဟင်းလေးနွေးလိုက်ဦးမယ်"

ဒေါ်လှမေက အိုးထဲတွင် တစ်ပန်းကန်စာလောက် ကျန်နေသော ချဉ်ရည်ဟင်းလေးကို မီးဖိုပေါ်တင်ပြီး နွေးသည်။ ငါးပိရည်ထပ်ဖျော် သည်။ သခွားသီးစိတ်ကလေးများ စိတ်ပြီးတော့ ပုစွန်ချက်ထားသော ဒယ်အိုးထဲ ထမင်းထည့်ပြီးနယ်ရင်း ညနေကျရင်တော့ မြေပဲလေး ငါးမှုန့် ဖိုးလောက်ဝယ်ပြီး ထမင်းနှင့် နယ်စားရမှာပဲဟု တွေးမိသည်။

"ကဲ... ရော့ အဖေစားနှင့်၊ ချဉ်ရည်ခပ်လိုက်ဦးမယ်"

အိုးလူးထမင်းကို ဦးအောင်မြတ်၏ပန်းကန်ထဲ အကုန်ထည့်ပေး လိုက်ပြီး ချဉ်ရည်ဟင်းခပ်သည်။

"အမေ တစ်ဝက်ယူလေ"

"နေပါစေ အဖေစားပါ"

"တစ်ဝက်စီပေါ့ကွာ၊ ပေးပန်းကန်"

ဦးအောင်မြတ်က သူ့ပန်းကန်ထဲမှ အိုးလူးထမင်းကို တစ်ဝက် ပြန်ခွဲထည့်ပေးသည်။

"ရသတဏှာဆိုတာ တယ်ပြီးဖြတ်နိုင်ခဲတာပဲနော်။ သက်ရှိသတ္တဝါ တွေအကုန်လုံးဟာ လျှာလေးတစ်ချောင်းရဲ့ အလိုနောက်ကို ကောက် ကောက်ပါအောင် လိုက်နေကြတာ အမေရဲ့။ တို့တစ်တွေလည်း အပါ အဝင်ပေါ့ကွာ။ ကိုယ့်အသက်၊ ကိုယ့်ခန္ဓာကျတော့ နာမှာ၊ ကျင်မှာ၊ သေမှာ ကြောက်လိုက်တာ။ သူများအသက် သူများ ခန္ဓာကျတော့ တယ် ပြီး စားလို့ကောင်း၊ ဝါးလို့ကောင်း၊ တရားရဲ့လား မစဉ်းစားကြဘူး"

"ဟုတ်တာပေါ့နော်"

ဒေါ်လှမေက ခေါင်းညိတ်ထောက်ခံမိသည်။ သူများအသက်၊ သူများခန္ဓာဟူသောစကားက ရင်ထဲကို လျှပ်စီးကြောင်းလို စီးဝင်သွားသည်။ မျက်စိထဲတွင် မြင်နေဆဲဖြစ်သော ပုစွန်ကျားနီနီရဲရဲကြီးများက ချက်ချင်းပျောက်မသွားသော်လည်း အတန်ငယ်တော့ မှေးမှိန်သွားသည်။

"သားတွေ၊ သမီးတွေကတော့ စားလိုက်ကြတာ မြိန်မြိန်ရှက်ရှက်၊ အားရစရာနော်။ သူတို့ကတော့ လူငယ်တွေမဟုတ်လား။ ဒီသဘောကို ဘယ်ဆင်ခြင်နိုင်ဦးမှာလဲ။ တို့တစ်တွေကတော့ သချိုင်းကုန်းကို ခြေတစ်ဖက်ရောက်နေပြီပဲဟာ။ တရားမရှိတောင် တရားကို သိရုံတော့ သိသင့်တာပေါ့နော်။ ဟုတ်ဘူးလား အမေ"

"ဟုတ်တာပေါ့ရှင်"

ဒီတစ်ခါတော့ အာရုံတန်းနေဆဲဖြစ်သော ပုစွန်ကျားကြီးများ မျက်စိထဲမှ ပျောက်သွားသည်။ သူ့အား ကြင်နာစွာကြည့်နေသော အဖေကြီးအား ကြည်ကြည်လင်လင် ပြုံးပြမိသည်။

"ဘာတဲ့ကွာ ခုနတုန်းကဆိုတာ၊ ကောင်းလိုက်တဲ့ သီချင်းကလေး၊ အဘွားကြီးက အဘိုးကြီးကို မောင်တွေ ဘာတွေ ခေါ်ပါဦးဆိုလား ဟားဟား"

"ခေါ်နိုင်ပါဘူးတော်"

ဒေါ်လှမေက မျက်စောင်းလေး မသိမသာဝဲရင်း သခွားသီးလေးတစ်စိတ် ကောက်ဝါးသည်။

သခွားသီးက ချိုပြီး အေးနေလေသည်။

မဟေသီမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၄

❑

## ၂၁ ရာစုမြို့ပြချစ်ခရီး

■ မစန္ဒာ

ဒီမှာ ချစ်
နင့်ကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ
ထပ်မပြောတော့ဘူး
နင် သိပြီးသားပါ။
ငါ့ကို နင် ဘယ်လောက်
ချစ်တယ်ဆိုတာကိုလည်း
ငါ အသေအချာ သိပါတယ်။
ငါတို့ ချစ်လာကြတာလည်း
ကြာပြီပဲ ချစ်ရယ်။
နင့်အကြောင်း ငါ သိသလို
ငါ့အကြောင်းကိုလည်း
နင် အကုန်လုံးသိပါတယ်။

တစ်နေ့တုန်းက နင်ပြောတယ်
အတူနေချင်လှပြီတဲ့။
ဒီစကားကို
ငါကစပြီး ပြောရမှာပါ ချစ်ရယ်။

ငါလည်း နင်နဲ့အတူ
နေချင်လှပါပြီ။
ကိုယ်ချစ်တဲ့သူနဲ့
အတူနေ
အတူစား
အတူသွားရတဲ့ ဘဝကလေးကို
ငါလေ
ညစဉ်ညတိုင်း
အိပ်မက် မက်နေရတာပါ။

အိပ်မက်ထဲမှာဆိုရင်
ငါဟာ
အိမ်ကလေးတစ်ဆောင်
အခန်းလေး တစ်ခန်းလောက်ကို
အမြဲတမ်းပဲ
အမောတကော ရှာနေမိတယ်။
နေစရာကလေး တစ်နေရာကို
လွယ်လွယ်နဲ့များ
ရမယ်ထင်သလား မိချစ်၊
အပြင်မှာမပြောနဲ့
အိပ်မက်ထဲမှာတောင် ခက်လိုက်တာ။
အိပ်ရာက နိုးလာရင်
ငါ့မှာ ချွေးတွေနစ်ပြီး
မောနေတာပဲ။

ငါက
အစ်မအိမ်မှာ ကပ်နေရတာ။
အိမ်လို့သာ ပြောရတာ၊
တကယ်ကတော့
ဆယ့်နှစ်ပေ၊ ပေလေးဆယ်
အခန်းကျဉ်းကျဉ်း ရှည်ရှည်လေး၊
အဲဒီထဲမှာ နေကြတာက
လူပေါင်း ကိုးယောက်၊
အစ်မတို့ လင်မယားရယ်
ယောက်ဖရဲ့ အမေနဲ့ ညီရယ်
ကလေး လေးယောက်ရယ်
နောက်ပြီး ငါရယ်
ညတိုင်ကျရင် တိုးတိုးဝှေ့ဝှေ့
ကျပ်ကျပ် သပ်သပ် အိပ်ကြရတယ်။

နင် နေရတာကလည်း မိဘအိမ်။
နင့်မောင်တွေ ညီမတွေအပြင်
အစ်ကို လင်မယားရော
သူ့ကလေးတွေနဲ့ရော
ကျပ်ညပ်နေတာ ငါ့အသိပဲ။

ငါတို့နှစ်ယောက်
လက်ထပ်ကြပါပြီတဲ့။
ကဲ... ဘယ်မလဲ

ငါတို့အတွက် အိမ်
ငါတို့ ဘယ်မှာ နေကြရမလဲ။
ငါ့ကို သိပ်ညှဲတာပဲလို့
ပြောချင်လည်း ပြောတော့။
ချစ်ရေ– ငါလေ
နင်နဲ့အတူတူ နေနိုင်ဖို့အတွက်
အလုပ်ကို ကြိုးစားပြီး လုပ်ပါတယ်။
ခြိုးခြံချွေတာပြီး
ငွေလည်းစုပါတယ်။
ဒါပေမဲ့ အဲဒီငွေဟာ
အခန်းကျဉ်းကလေး တစ်ခန်းကိုတောင်
မငှားနိုင်ဘူးဆိုတာ
နင်လည်း သိပါတယ်။

နှစ်ဆယ့်တစ်ရာစုမြို့ပြရဲ့
အိမ်ဈေး၊ မြေဈေး၊ အခန်းဈေးတွေကို
နင်လည်း စုံစမ်းပြီး
သက်ပြင်းတချချ လုပ်နေရတာပဲ မဟုတ်လား။
ဒီတော့ ချစ်ရယ်
နင်ရော ငါရော
စိတ်ချမ်းသာရအောင်
တစ်ယောက်နဲ့ တစ်ယောက်
စိတ်ချလက်ချနေရအောင်
ငါ တစ်ခုလုပ်ချင်တယ်။

ဒီမှာ မိချစ်
နင်နဲ့ ငါနဲ့
လက်ထပ်ကြရအောင်လေ၊
တရားရုံးမှာသွားပြီး
လက်မှတ်ထိုးကြမယ်။
ငါတို့ အတူတွဲပြီး
ဓာတ်ပုံရိုက်ကြမယ်။
မကင်းရာ မကင်းကြောင်းလေးတွေကို
လက်ဖက်ရည်တိုက်မယ်။
လက်ထပ်ပြီးစီးကြောင်း ကြော်ငြာကို
သတင်းစာထဲမှာ ထည့်မယ်။
ကဲ... ဘယ်သူ ဘာပြောမလဲ
ငါဟာ နင့်ယောက်ျားဖြစ်သွားပြီ။
နင်ကလည်း ငါ့မိန်းမပေါ့နော် မိချစ်။
ကြားရဲ့လား မိန်းမရဲ့။

ညနေရုံးဆင်းရင်
နင့်ရုံးကို အမြဲလာခေါ်မယ်၊
ငါတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ
ညဥ့်နက်တဲ့အထိ အကြာကြီးထိုင်ပြီး
စကားပြောလို့ရပြီ။
ညပွဲရုပ်ရှင်တွေလည်း
ကြည့်လို့ရပြီ၊
ငါတို့ဟာ

လက်ထပ်ထားတဲ့
ချစ်သူတွေပဲ မဟုတ်လား။

ငွေလေးဘာလေး
အသင့်ရှိတဲ့အခါ ဆိုရင်လည်း
ဘုရားဖူးကားနဲ့ အတူလိုက်ပြီး
မြန်မာပြည်အနှံ့
ဘုရားစုံ ဖူးကြမယ်၊
နင် မပျော်ဘူးလားဟင်။
အင်း...
နောက်ပြီးတော့
နင်ကလည်း နင့်အိမ်ပြန်
ငါကလည်း ငါ့အိမ်ငါ ပြန်ရဦးမှာပေါ့။

ချစ်ရယ်
ငါတို့ဆက်ပြီး ပိုက်ဆံစုကြမယ်လေနော်။
ဘာလုပ်ဖို့လဲ ဟုတ်လား၊
မေးမှ မေးရက်ပလေဟာ
ငါတို့ အတူနေနိုင်ဖို့အတွက်ပေါ့။
မအိုခင်
မနာခင်
အဲ... မသေခင် တစ်ချိန်ချိန်မှာ
အခန်းကျဉ်းကလေး တစ်ခန်းလောက်
ငှားနိုင်အောင်ပေါ့။

နော်–မိချစ်။
ကြားရဲ့လား
ချစ်ရယ်
ငါ့ကို ပြုံးပြစမ်းပါဦး။

ပေဖူးလွှာမဂ္ဂဇင်း။ ဇွန်၊ ၁၉၈၈